www.burmeseclassic.com



BURMESE CLASSIC .com

# မောင်လှမျိုး

။ချင်းချောင်းခြံ။

## အလွမ်းဖြင့်သီကုံးသည့် အချစ်၏ကျောက်စာဟောင်း

www.burmeseclassic.com

မောင်လှမျိုး (ရှင်းအောင်ဖြိုး)

အလွမ်းဖြင့်သိကျွံးသည့်

အချစ်၏ကျောက်စာယောင်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၆၆၀၆၀၈ |
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၄၁၀၈၇၀၈ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၈ခုနှစ် - ဩဂုတ်လ |
| မျက်နှာဖုံးဒီဇိုင်း | - | ဝင်းမြင့်ရှိန် |
| ကွန်ပျူတာ | - | ပြည့်ဖြိုး |
| စာအုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |


ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (၀၃၇၄၈)၊ စိန်သရဖူစာပေ

အမှတ် (၆၆)၊ (၆) လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဒေါ်ချစ် (စန္ဒာမိုးပုံနှိပ်တိုက်)

အမှတ် (၂၁၀)၊ ၃၁ လမ်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။


**ပြည်သူ့သဘောထား**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

www.burmeseclassic.com

# အလှစွမ်းဖြင့်သီကုံးသည့်

## အချစ်၏ကျောက်စာဟောင်း

မောင်လှမျိုး
(ချင်းချောင်းမြို့)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


BURMESE CLASSIC .com

# နှစ်ကိုယ်ချစ်

သူချစ် ကိုယ်ချစ်
နှစ်ကိုယ်ချစ်၍
အချစ်ပျိုးမြစ်ပါစေသော် ...။ ။

www.burmeseclassic.com

www.burmeseclassic.com




## [၁]

"ငါ့ကို လိုက်မနှောင့်ယှက်ပါနဲ့ . . . လို့ ငါ၊
ပြောနေတယ်နော် . . .၊ မင်း . . . ထွင့် . . . ခေါင်"

"မင်းထွင့်ခေါင်" ဆိုတဲ့ နာမည်ကို "မင်း","ထွင့်","ခေါင်" . . . ဆိုပြီး၊ လေသံပြတ်ပြတ်နဲ့၊ မာမာထန်ထန်ခေါ်ဝေါ်လိုက်တဲ့၊ မမရဲ့ ဒေါသအသံကို၊ တခြားသူတွေသာ၊ ကြားသွားရင်၊ ဒါမှမဟုတ်၊ တခြားတစ်ယောက်ယောက်သာ အနားမှာရှိရင်၊ လုံးဝ . . . လန့်ဖျပ်သွားမှာ အမှန်ပါပဲ။

ဒေါသသံတစ်ခုတည်းတွင်၊ မဟုတ်ပါဘူး။ ဒေါသ, မျက်နှာထားလေးက,လည်း၊ လုံးဝ . . . ပြင်းထန်နီရဲနေလေရဲ့။ ဒါပေမဲ့ . . ., ကျွန်တော့်အတွက်က,တော့၊ ဒေါသ,သံနဲ့ အော်လိုက်တာဟာလည်း၊ ဂီတ, တစ်ခုလိုပါပဲ။ ဒေါသတကြီးနဲ့၊ ငဲ့ကြည့်စူးရဲနေတာလည်း၊ အလှအပ, တစ်ခုပဲ။ အရာရာဟာ ဘယ်လောက်ပဲ ခက်ထန်ခက်ထန်၊ ဘယ်လောက်ပဲ ကြမ်းတမ်းကြမ်းတမ်း၊ အချစ်နဲ့ ကြည့်လိုက်ရင်၊ တစ်ကမ္ဘာလုံး လှပ,နေမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က, မမကို အချစ်နဲ့ ကြည့်နေတာလေ။ ဘယ်လို လုပ် မလှဘဲ နေပါ့မလဲ။ ကမ္ဘာလောက,အတွက်တော့၊ အချစ်က, လှတယ်။ ကျွန်တော့်အတွက်တော့ . . . , မမက, လှတယ်။

"ကျွန်တော် နှောင့်ယှက်နေတာ မဟုတ်ဘူး လေ၊ ချစ်နေတာလေ။ ချစ်လို့ပါ . . . လို့ ခဏခဏ ပြောထားပြီးပြီပဲ"

"ငါက,လည်း ငါ့ကို မချစ်ပါနဲ့ . . . လို့ ခဏ ခဏတားပြီးပြီလေ။ မင်း စကားစကား နားမလည်ဘူး လား"

"ဗမာစကား နားလည်လို့ မမ . . . ကို၊ ချစ် တယ် . . . လို့ ဗမာလို ပြောတာပေါ့။ ဒါတောင် . . . တစ်ကမ္ဘာလုံး၊ ကြားအောင် အိုင် - လပ်(ဗ) - ယူ . . . လို့၊ အော်ပြောလိုက်ချင်သေးတယ်"

ကြောက်တတ်မယ်ဆိုရင်၊ မျက်တောင် ကော့ကော့လေးတွေ ရဲ့အကြား ကြပ်ညပ်ပြီး၊ သေသွားနိုင်ပါသည်။ မမ၏ အနီးကပ်မျက် စောင်းလေးသည်လည်း အလွန်ပြင်းထန်လွန်း၏။ ဒါပေမဲ့ . . . ထိုမျက် စောင်းကြောင့်၊ ကျွန်တော့် ရင်ထဲတွင်၊ မမကို ချစ်လို့ တည်ဖွဲ့လျက်ရှိ သော၊ အချစ်ထုထည်ကြီးကို၊ လျော့ပါးခန်းခြောက်သွားစေရန်၊ လုံးဝ . . . မစွမ်းဆောင်နိုင်ပါ။

အချစ်ကို မျက်စောင်းနဲ့လည်း၊ ထိုးလို့မရ။ မိုးကြိုးနဲ့လည်း





ပစ်လို့မရ၊ ဘာလက်နက်မှ ပစ်လို့မရ၊ စစ်တွေ မကြာခဏဖြစ်ဖြစ်နေ တတ်သော၊ ကမ္ဘာကြီးကို၊ အချစ်နှင့်လွှမ်းခြုံထားကြောင်း၊ မမ သိဖို့ ကောင်းသည်။

"မပြောနဲ့"

"မတားနဲ့၊ မပြောဖို့လည်း မတားပါနဲ့၊ မချစ်ဖို့ လည်း မတားပါနဲ့။ ကျန်တာတွေ အကုန်လုံးကို၊ တားချင်တားပါ မမရယ်။ မစားနဲ့၊ မအိပ်နဲ့၊ မပြေးနဲ့၊ မထိုင်နဲ့၊ မထနဲ့၊ မပြင်နဲ့ မဆင်နဲ့၊ ကြိုက်သလောက် တားလိုက်စမ်းပါ။

အချစ်ကိုတော့ မပိတ်ပင်ပါနဲ့၊ မမရယ် . . . ။ အချစ်နဲ့ ပတ်သက်တဲ့ ပိတ်ပင်ခြင်းအားလုံးကို၊ ကျွန်တော် တားမြစ်တယ်။ ပိတ်ပင်ခြင်းကို တားမြစ်ပါ ရစေ . . . မမ"

"မင်း ရူးနေလား"

ကျွန်တော် မဲ့မဲ့လေးပြုံးမိသည်။ အရူးတစ်ယောက်ရဲ့ အပြုံး မျိုးလို့ပဲ ဆိုပါတော့။

"အချစ်နဲ့ ပတ်သက်တဲ့ လူတိုင်း၊ အဲဒီတံဆိပ် အကပ်ခံရတာ။ အရူးတွေအတွက် ဂုဏ်ယူစရာပဲ။

အချစ်ကြောင့် ရူးနေတာလား . . . လို့ မမ မေးတာဆိုရင်၊ ကျွန်တော် လှိုက်လှဲဝမ်းသာစွာ၊

www.burmeseclassic.com



ဂုဏ်ယူဝမ်းမြောက်စွာ၊ ခေါင်းညိတ်ပါတယ် . . . မမ''

''တောက်''

''တက် မခေါက်ပါနဲ့ . . . မမ။ အာခေါင်ရှေ့ဖျားလေးနဲ့၊ လျှာဖျားလေး၊ နာသွားမှာစိုးလို့ပါ''

မမ . . . နှုတ်ခမ်း ကိုက်ပြန်သည်။

''မမရယ်။ နှုတ်ခမ်းလေး နာသွားပါ့မယ်။ မလုပ်ပါနဲ့။ မမခန္ဓာကိုယ် . . . ဘယ်နေရာမှ မနာပါစေနဲ့။

မမ သိပ်စိတ်ဆိုးနေရင်၊ ကျွန်တော့်ကိုသာ အချွန်အတက် တစ်ခုခုနဲ့ ထိုးလိုက်စမ်းပါ။ မမ . . . ကျွန်တော့်ကို၊ တစ်ခုခုနဲ့ စီရင်လိုက်တာက၊မှ ကျွန်တော် သက်သာဦးမယ်။

အခု . . . မမ နှုတ်ခမ်းလေး တစ်ခါဖိကိုက်လိုက်တိုင်း၊ ကျွန်တော့်မှာ ရင်နှစ်ခြမ်း ဖျန်းဖျန်းကွဲတော့မယ်''

''သေလိုက်''

''သတ်မယ့်သူရှိရင်၊ သေဖို့ အဆင်သင့်ပါပဲ . . . မမ။ မမ . . . ကိုယ်တိုင် သတ်မယ်ဆိုရင်လည်း၊ ကျွန်တော် သေဖို့ အဆင့်သင့်ပဲ။

ဒါပေမဲ့ . . . လူကို သေအောင်သတ်ပါ။





အချစ်ကိုတော့၊ လုံးဝ . . . မသတ်ပါနဲ့။ အချစ်ကို၊ ဟန့်တားတဲ့သူဟာ၊ စစ်ကို၊ ဖန်တီးတာနဲ့အတူတူပဲ။ နော် . . . မမ''

''ငါ့မှာ ချစ်သူရှိတယ်။ လက်ထပ်မယ့်သူရှိတယ် . . . လို့၊ ငါ ပြောပြီးပြီ။ ငါ . . . မင်းကို လိမ်နေတာ မဟုတ်ဘူး''

''အဲဒါ . . . မမ အပိုင်း။ မမ ကဏ္ဍ။ ကျွန်တော် စိတ်မဝင်စားဘူး''

''ဟဲ့၊ မဝင်စားလို့ ရမလား။ မင်း . . . နေရာမရွေး၊ နှောင့်ယှက်နေတာ ကြာနေပြီလေ''

''နှောင့်ယှက်သလို ဖြစ်နေရင်၊ ခွင့်လွှတ်ပါ . . . မမ။ ကျွန်တော် နှောင့်ယှက်တာ မဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲက ဆန္ဒကို၊ မမ မမြင်မှာစိုးလို့၊ ပြတာတ်သလို ပြတာပါ။ မမ မသိမှာစိုးလို့ ပြောတာတ်သလို ပြောတာပါ''

''အို . . . ဘာပဲဖြစ်ဖြစ်။ ငါ . . . အနှောင့်အယှက် ဖြစ်တယ်ဆိုတာလောက်တော့၊ မင်း့သိဖို့ ကောင်းတယ်။

မင်း့ လိုက်နှောင့်ယှက်နေတာကို၊ ငါ့ချစ်သူ သိအောင်ပြောပြဖို့၊ ငါ့အတွက် လိုအပ်နေပြီနော်၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မင်းထွင့်ခေါင်"

အမွှပါလီအတွက်၊ ခုနစ်ပြည်ထောင်မင်းတို့ စစ်ခင်းခဲ့ကြသည်ကို မမ မကြားဖူးလေရော့သလား။

"အဲဒါလည်း၊ မမ အပိုင်းပဲ။ ကျွန်တော့်ကို၊ ဘယ်သူတားတား၊ နောက်ဆုတ်မှာ မဟုတ်ဘူး။

တစ်ခုခုကို ချစ်တဲ့စိတ်နဲ့၊ ဆောင်ရွက်နေတဲ့ လူတိုင်းကို ဘယ်အရာက,မှ တားလို့မရဘူး . . . မမ။

ဟာစ်တလာရဲ့ စစ်တပ်ကြီးနဲ့ပဲ တားတား။ ရု(ဇ) ဘုံ့ရဲ့ စစ်အင်အားနဲ့ပဲ တားတား။ မူဆိုလီနီရဲ့ စစ်အာဏာနဲ့ပဲ တားတား။ ကျွန်တော် ဂရုမစိုက်ဘူး။ ကျွန်တော် မကြောက်ဘူး။ ကျွန်တော် နောက်မဆုတ်ဘူး။

အချစ်ဆိုတာ နေရာဒေသမရွေး၊ ရာသီမရွေး ပွင့်တတ်တဲ့ . . . ပန်း။ အဲဒီသဘာဝ,ကို၊ ဘာနဲ့မှ တားလို့မရဘူး"

မမက . . . ခြေစုံရပ်ကာ . . . ,

"တားလို့မရဘူး၊ ပွင့်ချင်တဲ့အချိန် . . . ပွင့်ချင်တဲ့နေရာမှာ၊ ရာသီမရွေး ပွင့်တတ်တယ်ဆိုပေမယ့် သူ . . . လိုလားတဲ့နေရာမှပဲ ပွင့်လန်းတယ်ဆိုတာတော့၊ မင်း, လက်ခံလိမ့်မယ် ထင်တယ်"





"ဟုတ်တယ်။ အမှန်ပဲ။ ကျွန်တော် လက်ခံတယ်။ ကျွန်တော့်အချစ်ပန်းလေးကို၊ မမရဲ့ ရင်ခွင်ထဲမှာပဲ၊ ပွင့်လန်းစေချင်တယ်။ နော် . . . မမ"

"ဋ္ဌ အချစ်ပန်းလေးကိုတော့၊ မင်းရဲ့ ဘယ်နေရာမှာမှ ငါ . . . မပွင့်လန်းစေချင်ဘူး။ ဒါဆို . . . မင်း, နောက်ဆုတ်သင့်ပြီနော်"

စိတ်နည်းနည်း ညစ်သွားစေသည်။ ပြီးမှ ခေါင်းကို၊ ကျွန်တော် ညင်သာစွာ ခါယမ်းလိုက်၏။ မမက . . . တရားခံအပေါ် လွှမ်းမိုးစွပ်စွဲနိုင်ပြီဖြစ်သော၊ ရှေ့နေတစ်ဦး၏ အပြုံးမျိုးဖြင့် . . . .

"တစ်နေရာမှာ စိုက်ပျိုးသင့်တော်ရင်၊ တခြားတစ်နေရာ ပြောင်းစိုက်လို့ရပါတယ်ကွာ။ တခြားမှာ ပြောင်းစိုက်စိုက်လိုက်ပါလား"

"အချစ်က . . . ချုံပုတ်မဟုတ်ဘူး . . . မမ။ ပေါင်းပင်၊ မြက်ပင်မဟုတ်ဘူး။

အချစ်က . . . အလေ့ကျပေါက်တဲ့အပင်။ ဒါပေမဲ့ ကလေကချေ အပင်မဟုတ်ဘူး။ ရွှေ့ပြောင်းစိုက်ပျိုးလို့ မရဘူး"

"နေရာတိုင်းမှာ၊ မိန်းမ,တွေ အများကြီးပဲ။ သူတို့ကို ချစ်ပစ်လိုက်ပေါ့"

တရားခံ ခေါင်းမညိတ်မချင်း၊ ဖိအားပေးနေသော ရှေ့နေ၏



www.burmeseclassic.com

www.burmeseclassic.com



လေသံမျိုး။

"အချစ်က ...အဲဒီလို ပြောင်းချစ်လို့ ရသလား။ မမပဲ ...ဖြေ"

"ရတာပေါ့။ သစ်ပင်တွေတောင်၊ ကိုင်းကူး စိုက်ကြသေးတာပဲ"

"အဲဒီလိုသာ ကူးပြောင်းလို့ ရတယ်ဆိုရင် မမရဲ့ ချစ်သူ ...ဆိုတဲ့ လူ့ဆီမှာ၊ မမ စိုက်ထားတဲ့ မမရဲ့ အချစ်ပန်းပင်ကို၊ ကျွန်တော့် ရင်ဘတ်ထဲမှာ၊ ပြောင်းစိုက်ပေးပါလား ...မမ။

ကျွန်တော့်ကိုတောင်၊ ပြောင်းရွှေ့ချစ်ဖို့ ပြော သေးတာပဲ၊ မမလည်း ...ကျွန်တော့်ရင်ဘတ်ထဲကို ရွှေ့ပြောင်း ကြည့်ပါလား"

"တော်။ အဓိပ္ပာယ်မရှိဘူး။ ပြီးတော့၊ ရင် ဘတ်ဆိုတဲ့ စကားလုံးကြီးကို၊ မသုံးစမ်းပါနဲ့၊ ရှုံ့စရာ ကောင်းလွန်းလို့ပါ"

"ဘာဖြစ်လို့ ရှုံ့ရမှာလဲ မမ ...ရဲ့။ ရင်ဘတ် နဲ့ ကြည့်ပါ ...တို့ ...ဘာတို့။ လူတွေပြောနေကြ တာပဲ"

"ရင်ဘတ် ...ဆိုတဲ့ ဝေါဟာရလောက်၊ ကြမ်းတာမရှိဘူး။ ရင်ဘတ် ရင်ဘတ်နဲ့ ပြောနေကြ တာ၊ တစ်တစ်ခွခွ တစ်ခုခုပြောနေသလိုပဲ၊ မင်း ...၊ ငါ့ရှေ့မှာ မပြောပါနဲ့။

ရင်ဘတ်စည်တီး ...ဆိုတဲ့၊ ဝေါဟာရမျိုး က၊ လွဲပြီး ရင်ဘတ်ဆိုတဲ့ စကားလုံးကို တခြားဘယ် နေရာမှာမှ ငါ ...မကြားဖူးဘူး။

ရင်ဘတ် ...လို့၊ သုံးနှုန်းပြီဆိုတာနဲ့ အဲဒါ ...နုံးညံ့တဲ့ စကားလုံးကို၊ ကိုယ်စားမပြုဘူး ...လို့ ငါ ခံစားရတယ်။

တချို့က၊ အနုပညာ ဝေါဟာရလိုလို ဘာ လိုလိုနဲ့ သစ်ရုံ ဆန်းရုံ၊ ပြောဆိုသုံးစွဲနေကြတယ်။ ရင်ဘတ်ထဲကို ကြည့်စမ်းပါ ...လို့၊ ပြောတာနဲ့ ရင်ထဲကို ကြည့်စမ်းပါ ...လို့၊ ပြောတာ၊ ဘယ် စကားက၊ ပိုပြီး နူးညံ့သိမ်မွေ့သလဲ၊ မင်း ...၊ စဉ်းစား ကြည့်စမ်း"

အာရုံလွဲပြောင်းလိုက်ပြီ ...ဟု ကျွန်တော် သတိပြုမိသည်။ မမ ...တော်တော်၊ တော်ပါသည်။ ကျွန်တော် ...၊ မမကို တကယ် ...၊ တော်တော်ချစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

[၂]

မမနဲ့ပတ်သက်ပြီး ရင်ဖွင့်စရာ နေရာမရှိတော့၊ သူငယ်ချင်းတွေနဲ့ ထိုင်နေကျ "စု" လက်ဖက်ရည်ဆိုင်သာလျှင်၊ ကျွန်တော့်၏ ရင်ဖွင့်ရာ ရင်ပြင်ကျယ်။

"ဘယ်လိုလဲ၊ အခြေအနေ"

သက်ဦးက၊ မျက်ခုံးပင့်လျက်မေး၏။ ကျွန်တော်က၊ လက်နှစ်ဖက်စလုံး၏ လက်ကောက်ဝတ်နေရာကိုပြသည်။ နားနှစ်ဖက်စလုံးတွင်၊ နားကပ်မရှိတော့ဘဲ၊ နားပေါက်ဟောင်းလောင်းဖြစ်နေပြီကို၊ ပြသည်။ ပြီးနောက် ...အကျႌ ရင်ဘတ်ကို၊ ဖွင့်ပြလိုက်သည်။

"မင်း ...ဘာပြောတာလဲ"

ရွှေသွေးက၊ နားမလည်စွာ ဝင်မေးသည်။ သက်ဦးက,လည်း

"အေးလေ၊ ဘာပြောမှန်းလည်း၊ မသိဘူး။ မင်းကို၊ ငါတို့မေးတာ၊ မမြလဲ့ညိုနဲ့ အဆင်ပြေ၊ မပြေ မေးတာ"

"အေးလေ၊ ငါလည်း ...အဲဒါပဲ ပြောတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ . . . ငါ့မှာ နားကပ်တွေ မရှိတော့ဘူး။ လက်က စတီးကွင်းတွေရော . . . လည်ပင်းက စတီးကြိုးတွေ ရော . . . မရှိတော့ဘူး။ တွေ့တယ် မဟုတ်လား''

ရွှေသွေးက . . . အံ့ဩစွာဖြင့် –

''ဟာ။ အဲဒီ မမကြီးက၊ မင်း ဝတ်ထားတဲ့ ဟာတွေကို ချွတ်ယူလိုက်တယ်။ ဟုတ်လား''

သက်ဦးက . . .

''မင်းထွေ့ရှုံ့ခေါင်။ မမြလဲ့ညိုကြ၊ မင်းဆိကာ, အဲဒီလို ချူတတ်တယ်ဆိုရင်၊ မကောင်းဘူး။ ဒါ . . . ကောင်းတဲ့ လက္ခဏာမဟုတ်ဘူး။

မင်း, မပတ်သက်သင့်တော့ဘူး။ စိန်တွေ ရွှေတွေ မဟုတ်တဲ့၊ ဒီ . . . စတီးတွေကိုပေါင်၊ သူ . . . မက်မောတတ်ရင်၊ မင်းမှာရှိတဲ့ တခြား လက်ဝတ်လက်စားတွေဆို၊ သူ . . . ပိုလို့ချင်မှာပဲ၊ မက်မော တတ်တာ၊ မိန်းမကောင်းတွေရဲ့ လက္ခဏာမဟုတ်ဘူး မင်းထွေ့ရှုံ့ခေါင်''

''ဟာ . . .။ မင်း ဘာတွေ လျှောက်ပြော နေတာလဲ''

''မင်း ဘက်က နာလို့ ပြောတာလေ။ မင်း ပြောတော့၊ မမက . . .၊ လုံးဝ . . . ကြော့ရှင်းတယ်။





လုံးဝ . . . တည်ကြည်တယ်ဆို။ အခုလို၊ မင်း ဝတ် ထားတာတွေကို၊ ချွတ်ယူလိုက်တာတော့၊ ငါ . . . တကယ် အထင်သေးတယ်''

''သေလိုက်ပါတော့၊ သက်ဦးနဲ့ရွှေသွေးရယ်။ ငါ့ဘာသာ ချွတ်ပြီး လွှင့်ပစ်ခဲ့တာကွ။ မမ . . . ချွတ် ယူတာ မဟုတ်ဘူး''

''ဩော် . . .။ အဲဒါ စောစောစီးစီး ပြောပါ လား'' . . . ဟု၊ ရွှေသွေးက၊ အပြစ်တင်၏။

''ပြောမလို့ အိုက်တင်ပေးတုန်းပဲ ရှိသေး တယ်။ မင်းတို့နှစ်ယောက်က၊ ကိုယ်ထင်ရာ ကိုယ် ပြောနေတာကိုး''

''ကဲ . . . ပြောစမ်းပါ။ ဘာဖြစ်လို့ မင်း ဟာ တွေကို၊ ချွတ်ပြီး၊ လွှင့်ပစ်ခဲ့ရတာလဲ ဆိုတာ''

သက်ဦးက၊ သိချင်လွန်းစွာ မေး၏။

လွန်ခဲ့ရာကာလ, ငယ်ကို သတိတရ တမ်းတလွမ်းဆွတ်စွာ၊ ပြန်လည်ခံစားရင်း၊ ကျွန်တော် ပြောပြလိုက်သည်။

''အဲဒီ . . . အဆင်အမြန်းတွေကို၊ မျက်စိ နောက်တယ် . . . တဲ့။ မမက . . . ပြောတယ်''

ပြောပြီး၊ ရေနွေး အေးစက်စက်ကို၊ ကျွန်တော် တစ်ကျိုက် တည်း သောက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကော ..."

ရွှေသွေး၏ ... အမေး။

"အဲဒါပဲ ပေါ့လေ။ မမ ... မျက်စိ နောက်တယ် ဆိုတာနဲ့ ငါ ... အကုန်လုံးကို ချက်ချင်းချွတ်ပြီး မြောင်းထဲကို လွှင့်ပစ်ခဲ့တာ"

သက်ဦးက ...

"အေး။ ဟုတ်ပါပြီ။ သူ ... မကြိုက်တာ မင်း ... မလုပ်ဘူး။ ဆိုပါတော့။ နောက်ထပ် အခြေအနေ တိုးတက်မှုက၊ ဘာလဲ။

အဲဒါတွေ၊ ချွတ်ပစ်လိုက်လို့၊ မင်းကို လိမ္မာတယ် ... တို့။ နောက်မဝတ်နဲ့တို့၊ ဘာတို့ ညာတို့၊ ပြောသေးသလား"

"မပြောဘူးလေ။ သူ ... မျက်စိနောက်စရာ ငါ မလုပ်ဘူးဆိုတာ၊ မမ ... သူ့ဘာသာ သိမှာပေါ့။ နောက်တစ်ခါတွေ့ရင်၊ ဒါတွေ ဝတ်ဆင်လာတာ မတွေ့ချင်တဲ့သဘောပဲ ... လို့ ငါ့ဘာသာ လိုရာဆွဲ တွေးလိုက်တာပေါ့။ ဒါပဲ"

ရွှေသွေးက ...

"ဟွန့်။ မင်းအခြေအနေကြီးက ့လည်း၊ စိမ်းစားဉကို၊ မီးဖုတ်နေသလိုပဲ"





"ဘာလဲ၊ စိမ်းစားဉကို၊ မီးဖုတ်တာ"

"ကြော် .... ချိုမလိုလို၊ ခါးမလိုလိုချဉ်းလို့ ပြောတာ"

"အင်း" ... ဟု၊ ကိုယ့်ဘာသာ အသံပြုလျက်၊ ကျွန်တော် သက်ပြင်းချမိသည်။ ပြီးမှ –

"သူ့မှာချစ်သူရှိတယ် ... တဲ့။ ငါ ... တော်တော် ခံစားရတယ်ကွ။ ငါ ... မင်းတို့ကို၊ မပြောဘဲ နေမလို့။ ဒါပေမဲ့ ... အခုပြောမိပြီ"

"သူ့ချစ်သူက၊ ဘယ်သူလဲ"

"မသိဘူး။ ငါ ... မမေးခဲ့ဘူး။ အဲဒီ ..., သူ့ချစ်သူကို လက်ထပ်မှာ ... တဲ့။ ငါက၊ နောက်မဆုတ်ဘူးလို့ ပြောခဲ့တယ်"

"ပိုင်ရှင်ရှိတယ်ဆိုရင်တော့၊ မင်း ... နောက်ဆုတ်သင့်တယ်နော် ..."

"ဒါတော့၊ ဒါပေါ့ကွာ။ မမ မင်္ဂလာမဆောင်မချင်း၊ မမရဲ့ သတို့သားနေရာမှာ၊ ငါ ဝင်ပြီး တန်းစီခွင့် ရှိတာပဲ"

"တစ်ဖက်က၊ လက်ခံဦးမှလေကွာ"

သက်ဦးက၊ တည်ကြည်သော လေသံဖြင့် ပြော၏။ ကျွန်တော် ... စကားမတုံ့ပြန်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်သားက၊ မလိုလားဘဲ၊ မင်းဘာသာ ရှေ့ဆုံးမှာပဲ၊ ဝင်ရပ်ရပ်။ မကိုင်မှုကြီးပဲ ဆောင်းဆောင်း။ သံလျှက်ကြီးပဲ ကိုင်ကိုင်။ မင်း့အတွက် နေရာ ဘယ်ရှိပါ့မလဲ။ သူ ... လိုလားတဲ့လူက၊ နောက်ဆုံးမှာ ရောက်နေရရင်တောင်၊ သူ့အနားကို ရောက်လာခွင့်က၊ မင်းထက် ပိုပြီး များတာပေါ့။

တိုးနိုင်ဝှေ့နိုင်လို့ ရှေ့မှာ ဘယ်လိုရောက်နေရောက်နေ။ လိုလားသူရဲ့ နှလုံးသားက၊ ဟိုး ... နောက်ဆုံးမှာဆိုရင်၊ နေရာယူထားတဲ့ ... မင်း။ အရှက်ကွဲရုံပေါ့"

"တစ်ဖက်သတ် အချစ်က၊ တော်တော်ဆိုးတာပဲ။ ပြန်အချစ်မခံရဘဲ၊ ချစ်နေရတာကိုက၊ ကိုယ့်ဘက် ကမ္ဘာတစ်ခြမ်း၊ မှောင်နေသလိုပဲ။

မချစ်ဖူးခဲ့လို့လား မသိဘူး။ ငါ ... မမကို အရမ်းချစ်တာကွ။ တတ်သလောက် မှတ်သလောက် စကားလုံးတွေနဲ့လည်း၊ ငါ ... ဘယ်လောက်ချစ်တယ်ဆိုတာ ပြောခဲ့တာပဲ။ ဒါပေမဲ့ ... ငါ့အချစ်ကို ငါ့ စကားလုံးတွေက၊ မဖော်ပြနိုင်ဘူး ထင်တယ်"

"အချစ်ကို စကားလုံးနဲ့ ဖော်ပြလို့ ရလို့လား"

ရွှေသွေး၏ ... အမေး။





"စကားလုံးနဲ့ မဖော်လို့၊ ဘာနဲ့ ဖော်မလဲ"

"ငါ ... မသိလို့ မေးကြည့်တာပါကွာ။ ငါ့ကို ပြန်မမေးပါနဲ့"

သက်ဦးက ...

"မင်း ... နောက်ဆုတ်လိုက်စေချင်တယ် မင်းထွန်းခေါင်"

"ဘာဖြစ်လို့လဲကွာ"

"အရှယ်လည်း မတူဘူး။ ပြီးတော့ ... လက်ထပ်မယ့်သူ ရှိတယ်ဆိုတာလေ။ အဲဒါ ... ထည့်မတွက်လို့ မရဘူးနော်"

"ငါ့ကို သေအောင်သတ်ရင် ... သတ်။ ဒါမှမဟုတ်. ငါ့ အချစ်ကို သေအောင်သတ်လိုက်မှ၊ ငါ ... နောက်ဆုတ်ဖြစ်လိမ့်မယ်။

လောလောဆယ် ... ငါ့ စိတ်ထဲမှာ နောက်သို့ ဆိုတာ မရှိဘူး။ ရှေ့သို့ ... ဆိုတာပဲ ရှိနေတယ် သက်ဦး"

နှလုံးသား၏ ရှန်းကန်စွမ်းအားကို၊ တော်တန်ရုံ အသိအင်အားဖြင့်၊ ဟန့်တား ချုပ်ကိုင်နိုင်ခြင်းမရှိ။ (မယုံရင် ချစ်ကြည့်ပါ)။



www.burmeseclassic.com

www.burmeseclassic.com

## [၃]

မြင်မြင်ချင်း ချစ်မိတယ် ... ဆိုသော ကိစ္စသည်၊ မကြုံဖူးလျှင်၊ မခံစားဖူးလျှင်၊ မစာနာတတ်လျှင် တော်တော်ဆွေးနွေးငြင်းခုံရမည့်ကိစ္စ ဖြစ်သည်။

ရပ်ကွက် ဓမ္မာရုံတွင်၊ ကျွန်တော်တို့ လူငယ်တွေ၊ ဝေယျာဝစ္စဆောင်ရွက် ဖြစ်ကြသည်။ လွန်ခဲ့သော ဝါတွင်းက၊ ဥပုသ်နေ့ တစ်နေ့တွင်၊ မမကို ဓမ္မာရုံမှာ မြင်ဖူးခဲ့ခြင်းဖြစ်သည်။ မမက, သူ့မိခင်ကို ဓမ္မာရုံသို့ တရားနာ လိုက်ပို့ခြင်း ဖြစ်၏။

ရပ်ကွက်အတွင်းရှိ၊ လူဦးရေကို ကျွန်တော် တိတိကျကျ မမှတ်သားထားသော်လည်း၊ ရပ်ကွက်အတွင်း၌၊ မည်သူသည် ရပ်ကွက်သူ ရပ်ကွက်သား မည်သူသည် လူစိမ်း, လူသစ်၊ မျက်နှာစိမ်း ... ဟူသည်ကိုတော့၊ သတိတထား မှတ်သားထားတတ်သည်။

ရပ်ကွက်လူကြီး၏ အမည်နာမ မည်သူမည်ဝါဆိုသည်ကို ကျွန်တော် မသိ။ ဒါပေမဲ့ ..., ရပ်ကွက်ထဲမှ သာရေး၊ နာရေးကိစ္စဘာရှိသည်ဆိုသည်ကိုတော့၊ ကျွန်တော်ရော ကျွန်တော့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေရော သိကြသည်။ ဟေးလားဟားလား နေတတ်ကြသော်လည်း ရပ်ရေးရွာရေး ကိစ္စတော်တော်များများကိုတော့၊ ကျွန်တော်တို့ ဆောင်ရွက်ဖြစ်ကြသည်။

အထူးသဖြင့် ဘာသာရေး ကိစ္စများတွင်၊ သက်ကြီး ရွယ်အို များကို ဂရုတစိုက် ကူညီဖြစ်သည်။ ကျွန်တော်တို့ ရပ်ကွက်လူကြီးက၊ တော့၊ အရက်မူးမူးနေသဖြင့်၊ ဘာသာရေးနှင့် သိပ်မရင်း။

✲ ✲

မိသားစုသုံးယောက် ပြောင်းလာကြကြောင်း နာရီပိုင်းအတွင်း ကျွန်တော် သိခွင့်ရခဲ့သည်။

ဓမ္မာရုံတွင် ကျင်းပသော၊ တရားပွဲ ပြီးဆုံးသည်အထိ၊ မမကို ကျွန်တော် ငေးကြည့်နေဖြစ်ခဲ့သည်။ မမသည် အညိုရောင်ဝတ်စုံလေး နှင့်ဖြစ်၏။ ဆံပင်ဖြောင့်ဖြောင့်စင်းစင်းလေးဖြစ်သည်။ (အလှပြင်ဆိုင် တွင် အပူတိုက်၍ ဖြောင့်အောင်လုပ်ထားသော အလှအပ မဟုတ်ပါ)။

နဂိုယဉ်၊ နဂိုဆံပင်၊ နဂိုအပြင်အဆင်၊ နဂိုအလှအပသာ ဖြစ်၏။ အလှပြင်တယ်ဆိုတာ၊ လှသော မိန်းကလေးတွေ ပြုလုပ်လေ့ ရှိသော အလေ့အထမဟုတ်ကြောင်း၊ မျက်တောင်းစင်းစင်းလေးကို မေးမှိတ်ထားသော၊ ဆံပင်ဖြောင့်ဖြောင့်သွယ်သွယ်လေးများကို၊ ဖြန့်





ခင်းထားသော၊ လက်ချောင်းသွယ်နုလေးဖြင့်၊ လက်အုပ်ချီထားသော၊ ပန်းနုရောင်သန်း နှုတ်ခမ်းပါးလေးကို၊ မတင်းကတင်း တင်းစေ့ထား သော၊ လှသော ပန်းပုရုပ်တစ်ရုပ်အသွင်၊ အချိုးကျသော ကိုယ်နေဟန် သားဖြင့်၊ ငြိမ်းအေးတည်ကြည်စွာ လှလွန်းမက လှနေသော၊ "မမ" က၊ စကားမဟဘဲ ပြောပြနေသကဲ့သို့ ရှိလေသည်။

ထိုနေ့ညက, ကျွန်တော် "မမ" နှင့်၊ အိပ်မက်ထဲတွင်၊ တွေ့ခွင့်မရပါ။ အဘယ်ကြောင့်ဆိုသော်၊ ည . . . ,တစ်ညလုံး၊ အိပ် မပျော်ခဲ့သောကြောင့် ဖြစ်၏။ ညဦးတော်တော်နက်သည့်အထိ၊ အိမ် မပြန်ဖြစ်သေး။ တစ်ညလုံး . . . သူငယ်ချင်းတွေရှေ့မှာ မမ၏ အလှဘွဲ့ ကို သီကျူးနေမိသည်။

"ဘယ်မှာ အလုပ်လုပ်တာလဲတော့ မသိဘူး
ကွ၊ မနက် ရှစ်နာရီခွဲလောက်ဆိုရင်တော့၊ အိမ်က,
ထွက်တာပဲ"

မမ၏အိမ်အနားမှ၊ သူငယ်ချင်းတစ်ယောက်၏ အနီးကပ် သတင်း။

"နာမည်က၊ မမြလဲ့ညို . . . တဲ့။ သူ့ညီမ
နာမည်က၊ နှင်းလဲ့ဖြူ . . . တဲ့"

"မင်းက . . . နာမည်တွေ၊ ဘယ်လိုလုပ်သိ
နေတာလဲ"

"ဩော် . . .။ ငါက, ရပ်ကွက်ရုံးမှာ၊ အဝင်



www.burmeseclassic.com

www.burmeseclassic.com



အထွက် များတယ်လေ၊ ဥက္ကဋ္ဌမှူးနေရင်၊ သူ့အလုပ်တွေ ငါ ကူလုပ်ပေးနေကျ။

အဲ့ဒီအစ်မကြီးတွေက၊ ပုံစံတစ်ဆယ် မပြောင်းရသေးဘူး။ ကနောင်ဘက်က ပြောင်းလာကြတာ။ အဖေ ... မရှိဘူး။ ဆုံးသွားပြီ။ အမေ တစ်ယောက်, သမီးနှစ်ယောက်''

''အမေ နာမည်က၊ ဘယ်သူလဲ''

''ဟဲဟဲ၊ အဲဒါတော့၊ ငါ ... သေသေချာချာ မှတ်မထားဖြစ်ဘူး''

''ဟာ။ မင်းက ဘယ်လိုကောင်လဲကွ၊ အမေ နာမည်ကျတော့၊ မေ့။ သမီးနှစ်ယောက် နာမည်ကျတော့၊ ဒေါက်ဒေါက်ဒေါက်နဲ့၊ ရွတ်နိုင်လိုက်တာ''

''ဒါကတော့၊ သဘာဝတရားပဲ မင်းထွဋ်ခေါင်။ မင်းတောင် သမီးနဲ့အမေ၊ သမီးကိုပဲ စိတ်ဝင်စားပြီး ငါ့ကိုလာမေးနေတာ မဟုတ်ဘူးလား''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'' ... ဟု၊ ကျွန်တော် ဝန်ခံရသည်။

''အငယ်မက, ပိုလှတယ်ကွ''

''ဟော့ကောင်၊ အငယ်မ, လှလှ မလှလှ။ ငါ ... စိတ်မဝင်စားဘူး။





ငါ့မမ ... မြလဲ့ညို့ကိုတော့၊ အခုအချိန်က, စ,ပြီး၊ ဘီလူးစောင့်တယ် ... ဆိုတာ။ နီးစပ်ရာတွေ အကုန်လုံး အသိပေးထားနော်''

ရွှေသွေးနှင့် သက်ဦးက ...၊ ဘာမျှ ဝင်မပြောဘဲ ရှိနေရာမှ၊ သက်ဦးက ...,

''နီးစပ်ရာတော့ ပြောနိုင်းမနေပါနဲ့ကွာ၊ ရပ်ကွက်ရုံးရှေ့က၊ ဘောမည်းကြီးမှာ၊ မင်း ရေးချင်တာ သွားရေးထားလိုက်ပြီးတာပဲ။ ခုနက ... မင်း ပြောစေချင်တဲ့ စကားလုံးမျိုး၊ ရေးထားလိုက်''

''ဘယ်လိုရေးရင် ကောင်းမလဲ ... သက်ဦး''

''မြလဲ့ညို့ ... ဆိုတဲ့၊ မဥ္ဇူသကနတ်ပန်းကို''

''ဟုတ်ပြီ ဟုတ်ပြီ၊ တင်စားမှု ကောင်းတယ်။ ပြန်ပြောစမ်းပါဦး။ သက်ဦးရာ၊ ငါ ... ထပ်ကြားချင်လို့ပါ''

သက်ဦးက ...

''မြလဲ့ညို့ ... ဆိုတဲ့၊ မဥ္ဇူသက နတ်ပန်းကို၊ ဟိုဟာ ... စောင့်တယ်ပေါ့ကွာ''

''ဘာစောင့်တာလဲကွာ''

''နေဦး။ ငါ ... စဉ်းစားနေတယ်။ အဲ ... ရပြီ။ မြလဲ့ညို့ ... ဆိုတဲ့၊ မဥ္ဇူသကနတ်ပန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဤရပ်ကွက်ထဲက၊ မင်းထွဋ်ခေါင်ဆိုတဲ့ ခွေးဘီလူးကြီး စောင့်ပါတယ်။ မည်သူမျှ မထိရ''

ကျွန်တော် ဝိုင်းအရယ်ခံခဲ့ရသည်။

''ငါ ... မနက်ဖြန် ညနေ၊ လုပ်ငန်းစ,မယ်''

ရွှေသွေးက ...

''ခွေး လုပ်တော့မယ်ပေါ့၊ အဲ ... ဘီလူး လုပ်တော့မယ်ပေါ့''

''ရွှေသွေး၊ ညာညာတာတာ ပြောစမ်းပါကွာ။ ငါ ... တကယ်ခိုက်တာကွ။ အဲဒီ ... . မမအနားကို ငါ ... မသွားဘဲ မနေနိုင်တော့ဘူး''

''ငါ ... ကိုယ်ချင်းစာပါတယ် မင်းထွဋ်ခေါင်။ မင်း ... ဖြစ်နေတာကို ကြည့်ပြီး ငါ ... , တကယ် မြင်သာပါတယ်၊ မင်း ... တော်တော်စိတ်လှုပ်ရှားပြီး ပြောနေတာပဲ''

''ဟဲဟဲ။ ရွှေသွေး၊ မင်း ... အချစ်ကို မြင်တတ်ပြီ၊ စာနာတတ်ပြီပဲ၊ ငါ ... အရမ်းစိတ်လှုပ်ရှားနေတာ သိသာတယ် မဟုတ်လား''

''သိသာတာပေါ့။ သဲသဲမဲမဲကို။ မင်း ... ဟိုမေး ဒီမေး လုပ်နေတာပဲ၊ အခုနေ၊ မင်းမှာ အမြီးသာရှိရင်၊ မင်းအမြီးလေးက၊ ဘယ်-ညာ၊ ဘယ်-





ညာ၊ လှုပ်ခါနေမှာ အမှန်ပဲနော်၊ ခွေးတွေ ပျော်ရင် အမြီးလေးက၊ တခါခါနော်''

''ခွေးမသား''

တင်စားမှု လွန်ကဲသွားသော၊ ရွှေသွေးကို၊ ကျွန်တော် ဆဲတတ်သလို ဆဲလိုက်မိသည်။ သက်ဦးက,လည်း၊ အားလုံးရှေ့မှာ၊ ညာတာ။

''မင်း ... ဘာလိုက်လုပ်မှာလဲ။ မနက်ဖြန်''

''မမ ... အလုပ်က,အပြန်၊ စကားလိုက် ပြောမှာလေ''

''ဘာစကားပြောမှာလဲ''

''တစ်ခုခုပေါ့။ ရည်းစားစကားလည်း ဖြစ်ချင် ဖြစ်မှာ''

''အရွယ်ချင်း အရမ်းကွာတယ်နော်၊ အဲဒါကို မင်း ... မေ့မထားနဲ့''

''အလွန်ဆုံးကွာ၊ ဆယ်နှစ်ပေါ့ကွာ။ အချစ်မှာ အသက်အရွယ်၊ အရောင်အဆင်း၊ အနိမ့်အမြင့်၊ ခွဲခြားမှု မရှိတတ်ပါဘူး။

ကွာဟ,မှုအားလုံး အချစ်က ထောက်ကူပေး လိမ့်မယ်''

''ပတ်ဝန်းကျင်အထင်လွဲမှာစိုးလို့၊ ငါ ...



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ''

''မမကို၊ အထင်လွဲမှာလား''

''မဟုတ်ဘူး . . . မင်းကို''

''ငါ့ကို။ အထင်လွဲမှာ။ ပတ်ဝန်းကျင်က။ ဟုတ်လား''

''ဟုတ်တယ်''

''ဘယ်လို၊ လွဲမှာလဲ။ ပြောစမ်းပါဦး''

''မင်းက . . . မမြလဲ့ညီ့ကို၊ ရည်းစားစကား လိုက်ပြောမှာ မဟုတ်လား''

''အင်း . . .။ ဆိုပါတော့''

''မင်းထက်၊ အသက်ကြီးတဲ့သူဆိုတော့၊ မင်း . . . မလေးမစားပြောမလား၊ ရိုရိုသေသေပြောရမှာလား''

''ရိုရိုသေသေပြောရမှာပေါ့''

''အေး . . . အဲဒါ . . . ပြဿနာ''

''ဘာပြဿနာလဲကွာ၊ ရှင်းရှင်းပြောစမ်းပါ''

''မင်းက, တရိုတသေစကားတွေပြော၊ မမြလဲ့ညီ့က၊ တည်တည်ငြိမ်ငြိမ်နေ၊ အသက်, အရွယ်ချင်းက,လည်း၊ ကွာတယ်ဆိုတော့၊ လူတွေအမြင်မှာ၊ မင်း . . . ရည်းစားစကား လိုက်ပြောနေတယ် မထင်





ဘဲ၊ အမေဆီမှာ မုန့်ဖိုးလိုက်တောင်းနေတယ်လို့၊ ထင်ကြမှာ အမှန်ပဲ။

အဲဒါကို တွေးပြီး။ ငါ . . . စိတ်မကောင်း ဖြစ်နေတာကွ''

သက်ဦး၏ နားရွက်ကို၊ ကျွန်တော် လိမ်ဆွဲပစ်လိုက်သည်။ အနားတွင် ရှိသူအားလုံး၊ တဟားဟား ရယ်၍မဆုံး။



www.burmeseclassic.com

www.burmeseclassic.com

[၄]

"မမ"

ခေါ်သံကြောင့် လှည့်အကြည့်တွင်၊ အချစ်မျက်နှာမူရာ ကမ္ဘာတစ်ခြမ်း လင်းထိန်သွားသကဲ့သို့ ဖြစ်၏။

"ကျွန်တော့်နာမည် မင်းထွဋ်မိုးခေါင်ပါ"

"သြော် ...။ အေး၊ ပြော ...။ ဘာကိစ္စ"

"ကျွန်တော် ...။ ညက၊ မမကို ဓမ္မာရုံမှာ တွေ့လို့။ အဲဒါ ...။ မမရဲ့ အမေကိုလည်း တွေ့တယ်။ တရားလာနာတာလား"

"တရားပွဲက ဓမ္မာရုံမှာ လုပ်တာပဲ။ ဓမ္မာရုံကို လာတာ၊ တရားမနာလို့ ဘာလုပ်ရမှာလဲ။ ဘာလဲ ...၊ ဓမ္မာရုံမှာ ဗီဒီယို ပြသေးလို့လား"

"မဟုတ်ဘူး၊ ကျွန်တော် ဆိုလိုတာက၊ ဟို ...၊ မမရဲ့အမေကိုပဲ၊ တရားပွဲလာပို့တာလား။ တရားပွဲပြီးတဲ့အထိ၊ မမ, တရားနာတာလား မေး



www.burmeseclassic.com

www.burmeseclassic.com



တာ''

''ပြီးမှ ပြန်တာ။ အမေ့ကိုလည်း . . . ပို့ရင်း ကိုယ်တိုင်လည်း နာရင်းပေါ့။ ဒါနဲ့ . . .၊ မင်းက . . . ဘာပြောချင်တာလဲ''

ကျွန်တော် . . .၊ ဘာပြောရမှန်းမသိသဖြင့် . . .၊

''ဟို . . .။ ကျွန်တော် ပြောချင်တာက၊ တရားပွဲအကြောင်းပါ။ တရားပွဲမှာ၊ ကျွန်တော်တို့က, ဝေယျာဝစ္စ ကူညီနေကြတာလေ . . .၊ အဲဒါ . . .''

''သော် . . .။ ဟောတဲ့တရားကို မနာလိုက်ရဘူးပေါ့။ ညက . . . ဆရာတော် ဟောတာ၊ ရတနာ သုံးပါးအကြောင်း။ ဟောတာလေ။

ဘုရား ရတနာ၊ တရား ရတနာ၊ သံဃာ ရတနာ၊ ရတနာသုံးပါး ရှိတဲ့အကြောင်း။ ရတနာသုံးပါးကို မပစ်မှားထိုက်တဲ့အကြောင်း။ ဘုရားတစ်ဆူ ပွင့်ခဲ့တာဟာ၊ တစ်လောက,လုံးအတွက်၊ တန်ဖိုး အကြီးဆုံးဖြစ်သလို၊ သံဃာတော်တစ်ပါးပါးရဲ့ . . . အဆိုအဆုံးမ ရှိနေတာဟာလည်း၊ ခုနစ်ရက်သား သမီး အများကြီးအတွက်၊ တန်ဖိုးကြီးတဲ့ အကြောင်း။ တန်ဖိုးကြီးရင် ရတနာထိုက်တယ်ဆို တာတွေလေ။ ဟောသွားတာ၊ မင်း နားမရှင်းဘူးလား''





''ဟုတ်ကဲ့ . . .။ အခု . . . ရှင်းသွားပါပြီ''

''ဒါလေးပြောတာနဲ့၊ ရှင်းသွားပြီဆိုတော့၊ မင်း . . . တော်တော်ဉာဏ်ကောင်းတာပဲ''

''မဟုတ်ဘူး . . . မမ။ မမကို၊ ကျွန်တော်၊ တမင်သက်သက်စကားလာပြောတာ။ ဟို . . . မမကို၊ ကျွန်တော် . . . ချစ်လို့''

အနီးအပါးတွင်၊ ပေါက်ကွဲသံတစ်ခုကို ကြားသိရပါလျက်၊ ဧည်းငယ်မျှပင် မတုန်လှုပ်တတ်သူကဲ့သို့၊ မမ နေလေသည်။ တစ်လက်မ,စာမျှပင်၊ ကျွန်တော့်ဘက်သို့၊ ငဲ့မကြည့်တော့ချေ။ အချစ်ကျောက်နိုင်းရာ၊ ကမ္ဘာတစ်ခြမ်းသည်၊ မည်းနက်ညိုမှောင်သွားလေ၏။

''ကျွန်တော့်ကို စိတ်မဆိုးပါနဲ့မမ၊ ကျွန်တော် မရိုမသေ၊ လုပ်တာ မဟုတ်ပါဘူး။

နေရာဒေသ . . . အချိန်ကာလ,ကို ရွေးဖို့ အခြေအနေမပေးလို့ အခုလို . . . လမ်းမ,မှာ ပြောမိတာပါ။

ဒါပေမဲ့ . . . ကျွန်တော့်ချစ်စကားက, လမ်းဘေးစကား မဟုတ်ပါဘူး''

မမ . . . ခြေစုံရပ်သည်။

ကမ္ဘာတစ်ဝှမ်းလုံးရှိ အချိန်နာရီများအားလုံး၊ ရပ်တန့်သွားသကဲ့သို့၊ ခံစား ထိတ်လန့်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . နေခဲ့မလား၊ ငါ . . . ဆက်လျှောက်ရမလား"

"မမ . . . အနှောင့်အယှက်ဖြစ်နေရင်၊
ကျွန်တော် နေခဲ့ပါ့မယ် . . . မမ။ ဒါပေမဲ့ . . .
ကျွန်တော် နှောင့်ယှက်တာတော့ မဟုတ်ပါဘူး"

သူ့အချိန်နှင့်သူ၊ ထွက်ခွာသွားသော၊ ရထားတစ်စီးကဲ့သို့၊ နှုတ်ဆက်စကားမဆိုဘဲ၊ မမ ထွက်ခွာသွားသည်။

ကောသာရှည်၊ လေအလွင့်၌၊ ကျွန်တော့်၏ချစ်တာတ်၏၊ နှလုံးသားထဲမှာ၊ နေမြင့်လေ၊ အရှုံးရင့်လေ . . .။

အရက်သည်၊ လူကို၊ မူးယစ်စေ၏။

အချစ်သည်၊ လူကို၊ အရှုံးဖြစ်စေ၏။

မည်သို့မည်မျှ။ ချစ်ရပါသည်။

ဘယ်သို့။ ဘယ်ပုံ။ ခံစားရပါသည်။ . . . ဟူသော၊ အတိုင်းအဆကို၊ စကားလုံး တစ်ခွန်းတစ်ပလောက်နှင့်တော့၊ ဖော်ပြထုဆစ်၍၊ မြင်သာလိမ့်မည်မဟုတ်။

အချစ်၏ထုထည်ကို

အချစ်စိတ်နှင့်တိုင်းတာမှသာ မြင်သာတတ်ပေသည်။

အချစ်ဟူသည် . . . စကားလုံးတွေနှင့် ဖွဲ့စည်းထားသော စိတ်ကူးယဉ်မြို့တော်မဟုတ်။ ရတနာများစွာနှင့် ဆောက်တည်ထားသော၊ အိပ်မက်ဥယျာဉ်မဟုတ်၊ အချစ်သည် ခံစားမှုများစွာဖြင့် တည်ဖွဲ့





ထားရသော နှလုံးသား၏ ကိုယ်ပိုင်ပစ္စည်း။

မနက်ရှစ်နာရီလောက်တွင်၊ မမ . . . ရုံးသွားဖို့ ကားဂိတ်သို့၊ ရောက်နေတတ်သည်။ အသွားကားဂိတ်၏ တစ်ဖက်တစ်ချက်တွင်ရှိသော အပြန်ကားဂိတ်သို့၊ ညနေ ငါးနာရီခွဲလောက်တွင်၊ မမ . . . ရောက်လာတတ်၏။

အကြောင်းအမျိုးမျိုးပြ၍ စကားအမျိုးမျိုးပြောကာ၊ ကျွန်တော် အချစ်ငို့ကာ ဖွင့်ခဲ့သည်။

ကျွန်တော်က, မည်မျှပင်၊ စကားတွေဆိုဆို၊ မမ ပြန်ပြောချင်မှ ပြောသည်။ တစ်ခွန်းမျှ ပြန်မပြောဘဲ၊ ရပ်ကွက်ထိပ်သို့၊ ရောက်ခဲ့ရသည်မှာလည်း၊ အကြိမ်ကြိမ်။

ကျွန်တော်က၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ကြောင်း၊ မမ မမေးဘဲ၊ ကျွန်တော် ပြောသည်။ "ငါက ဘွဲ့ယူပြီးတာ၊ ငါးနှစ်ရှိပြီ" . . . ဟု၊ မမ ပြန်ပြောသည်။

"နောက်နေ့ မင်းမျက်နှာ ငါ မမြင်ချင်ဘူး။ မြင်လိုက်ရပြီဆိုတာနဲ့၊ မင်း ရဲစခန်းရောက်ဖို့ ပြင်ထား" . . . ဟု၊ မမ ခြိမ်းခြောက်သည်။ မမပြောသည့်နေ့၏ နောက်နေ့တွေမှာ၊ တစ်ရက်နှစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



လောက်က,တော့၊ ကျွန်တော့် အရိပ်အယောင်ကို မမ မတွေ့စေရ။

ဒါပေမဲ့ ... ခံနိုင်စွမ်းရဲ့ အလွန်မှာတော့၊ မခံနိုင်တဲ့အဆုံး ဆိုတာ ရှိတတ်သည်။ အလွမ်းဒဏ်ကို မခံနိုင်တဲ့ အဆုံးမှာ၊ မမ နံဘေးသို့ ကျွန်တော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတတ်ချေ၏။

"မမရေ ... ရဲစခန်းပဲ တိုင်တိုင်။ ကျွန်တော့် မိဘကိုပဲ တိုင်တိုင်။ ကမ္ဘာ့ကုလသမဂ္ဂကိုပဲ တိုင်တိုင်၊ အဆင်ပြေတဲ့နေရာ တိုင်လိုက်တော့ မမရယ်။

လွမ်းတဲ့ဒဏ်ကို၊ ကျွန်တော် မခံနိုင်ဘူး။ အလွမ်းပြေဖို့ တစ်ခါလာတွေ့တာ၊ ထောင် တစ်နှစ် ကျမယ်ဆိုရင်၊ အဲဒီ ထောင်ဒဏ်ကို ကျွန်တော် ခံတော့မယ် မမ။ လွမ်းတဲ့ဒဏ် မခံနိုင်တော့လို့ပါ။

ထောင်လည်းမကျ၊ အချုပ်လည်း အချုမခံရ ပါဘဲနဲ့ ချစ်တဲ့သူကို မမြင်ရမတွေ့ရတာ၊ ထောင်ကျ တာထက် ဆိုးတယ် မမရဲ့။ အဲဒါကြောင့် ..."

မျက်နှာထားတင်းသော်လည်း၊ ကျွန်တော့်ရင်တွင်းကို၊ မမ ... မြင်တတ်ပါလိမ့်မည်။ ပြင်းထန်သော စကားအဟန့်အတားကို မဆို။

"မမ"

ညင်သာသော ခေါ်သံကိုလည်း၊ ကြားဟန်မပြု။ ညနေ စောင်း၏ နုညက်စွာသော နေခြည်အကြား၌၊ ဥပေက္ခာဒေဝီ တစ်ပါး





...ကို၊ အချစ်က ... မွေးဖွားခဲ့လေသည်။ စိမ်းဟန်ပြုသော်လည်း၊ ...သည် ... ဟု၊ မထင်။

ပြောစရာစကားများ များစွာ ရှိသော်လည်း၊ ပြောလိုရာ နေရာမရှိသဖြင့်၊ ပြောခွင့်ရသည့်နေရာမှာ ကြုံသလို ပြောရ,ဆိုရသော ကြောင့်၊ ချစ်ခြင်း၏ အရေးတကြီးစကားများ၊ လမ်းမ,များပေါ်သို့ ...ဟ်စဉ်လွင့်ကျခဲ့ရသည်။

မည်သူမဆို၊ ပြောလိုသော စကားကို၊ ထည့်ဝါသော နေရာ အဝန်းအဝိုင်းမှာ၊ တည်ကြည်စွာ ပြောခွင့်ရချင်သည်။ စိမ်းကားသူ ပြောခွင့်မပေးသဖြင့်၊ ကြုံရာနေရာတွင်သာ၊ ရင်ဖွင့်ဟစ်ကြွေးမိချေ၏။ ...သွာတာသည့်တိုင်၊ စာနာစရာ ကောင်းလွန်းသည်။

တစ်ဖက်သတ်အချစ်က၊ ဆိုးရွားလွန်းပါသည် ... မမ။



www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

ရည်းစားတစ်ယောက်လောက်ထားလိုက်ချင်တယ် . . . ဟူသော စိတ်မျိုးဖြင့်၊ မမကို၊ ကျွန်တော် တွယ်တာမိခြင်းမဟုတ်ပါ။ ထိုစိတ်နှလုံးမျိုးဖြင့်လည်း ဘယ်မိန်းကလေးမျိုးကိုမှ မတွယ်ကပ်ဖူးပါ။

ကျောက်ခဲ သလဲတွေကြားမှာ၊ စိန်ရောင် ရွှေရောင် တစ်ခု၊ ဖျတ်ခနဲ လက်သွားသည်ကို မြင်ဖူးလိုက်သကဲ့သို့၊ ထိုဖျတ်ခနဲ အချိန်အတွင်း "အချစ်" ဖြစ်ပေါ်သွားခြင်းဖြစ်သည်။ မမသည် ထိုဖျတ်ခနဲ အချစ်ကို ဖြစ်ပေါ်စေသော ရတနာတစ်ပါးဖြစ်၏။ ထိုရတနာ့ပေါ်သို့ သံယောဇဉ်နေခြည်တိုးသောအခါ၊ အရောင်စုံ, အလင်းစုံတို့ ပို၍ပို၍ လက်ပ,လာစေ၏။ ကျွန်တော့်အချစ်သည် ပို၍ပို၍ တိုးလာလေသော၊ ရောင်စုံအလင်း။ ထိုအလင်းဖြင့်၊ မမကို ထာဝရ လင်းပ, စေချင်၏။

သို့သော် . . .

"အချစ်" ဟူသည်၊ ထူးဆန်းခြားနားလွန်းသော၊ ထူးခြားဆန်းပြားလွန်းသော၊ လျှို့ဝှက်သဘောသဘာဝ၊ လျှို့ဝှက်ဘာသာစကား၊ လျှို့ဝှက်သင်္ကေတ,တို့ ရောနှောသိမ်းဆည်းနေသလား မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်။ အင်မတန် အံ့ဩစရာကောင်းသော၊ လောက၏ တွင်းထွက် ပစ္စည်း ဖြစ်ချေသည်။

ပေးလိုသူထံသို့ ရောက်ချင်မှ ရောက်၏။ ရောက်ပါသော်လည်း၊ ယူချင်မှ ယူကြ၏၊ ယူလိုသော်လည်း ပေးချင်မှ ပေးကြ၏။ ပေးသော် … ယူသော်လည်း၊ ပိုင်ချင်မှ ပိုင်၏။ အချစ် … ၏ အနှစ်သာရ သဘာဝကို၊ ပြောတတ်သလို ပြောရမည်ဆိုလျှင်၊ တစ်မျိုးကြီးပါပဲ … ဟုသာ၊ ပြောဆိုသတ်မှတ်ရပေမည်။

အချစ်သည် … အမြင့်ဆုံး ဘုံ၊ အမြင့်ဆုံး နန်း၊ အမြင့်ဆုံး သဘာဝတစ်ခုခုသာ ဖြစ်ပေမည်။

*အချစ်သည် … ပေကားပေး၏ … မရတတ်။*
*ယူလိုသော်လည်း … မပေးတတ်။*
*ရလိုသော်လည်း … မယူတတ်။*
*ယူပြန်သော်လည်း … မပိုင်တတ်။*
*တစ်ထပ်တည်းကျပြန်သော်လည်း၊*
*ပြင်ပ ပယောဂ တစ်ခုခု နှောင့်ယှက်*
*တတ်ပြန်သည်။*

မမကို၊ မည်သည့် ပယောဂ နှောင့်ယှက်သလဲ၊ ကျွန်တော် သိချင်သည်။ ဒါမှမဟုတ် ကျွန်တော့်ကို ဘယ်သူနှောင့်ယှက်နေသလဲ သိချင်သည်။ တစ်ဦး၏ ချစ်ခြင်းကို၊ သိလို မြင်လိုသူ (တကယ်) ထွင်းဖောက်သိမြင်စေရန်၊ အခြားသော ဘာသာစကားတစ်ခုခု လိုအပ်





နေတတ်သည်။

ကျွန်တော့်မှာမူ … အချစ်ကို နားလည်ရန်၊ ပြောပြဖွင့်ဟနိုင်စွမ်းဖို့၊ ရင်ထဲ နှလုံးသားထဲတွင်၊ အချစ်က၊ လွဲလို့ ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ကလွဲလို့ ဘာမှမရှိ

မပြောတတ်ဘူး
အချစ်ဦးရေ ...။

စိတ်တေလေလွင့်
ပြေခွင့်မရ
ခဏပြစ်ပြစ်
အချစ်နှင့်တွေ့၊
တစ်နေ့ပြစ်ပြစ်
အချစ်နှင့် ... ဆုံ၊

တစ်နေ့ကုန်ပျော်
အလွမ်းဖော်ပေး
ပြေဆေးမရှိ
သူ ... သိစေနော်။





သိဖို့ ပြောလည်း
သူပဲ ငြူရူ၊
အပြုံအမည်း၊ မသဲကွဲချင်
ဖွဲ့မြဲရင်၊ နော၊ အဝဉ်ပေါ်ကွယ်
သက်ဝေနွယ်ကြော့ ချောလှတယ်။
သဲထဲသွန် ရေ
မျက်ရည်တွေပေါ် ...,
ရက်ရှည်ပျော်တော့ မောလှတယ် ...။ ။



www.burmeseclassic.com

www.burmeseclassic.com





## အလွမ်း နှစ်လီ

စိတ်မဆိုးနဲ့
တိတ်တာခို့ ... မီး၊
ရင်ထဲကြီးမား
သီးခြား မလောင်
မျိုသိပ် လောင်ပိတ်၊
သူ့အရိပ်ကို
နွေးထွေးလိုလား
မှားသလား ဟင်။
မမုန်းနဲ့နော်
အရှုံး မှောင်တိုက်
လောင်မြိုက် လောင်ကျွမ်း၊
အလွမ်း နှစ်ဆ
နှမ်းလျ နှစ်လီ
နှစ်ရာသီဆိုး
နွေထပ်တိုး လို့
မျက်ရည်တစ်မိုး ရွာပြိုးသည် ...။ ။





www.burmeseclassic.com

www.burmeseclassic.com





## ဒုတိယ တော

တခြားတစ်ယောက်
အနားရောက်နေသလား။

ဒုတိယ ... လူ၊ ဒုတိယ ... အိပ်မက်
ဒုတိယ ... နေရာ၊ ဒုတိယ ... လမ်း
လျှောက်လှမ်းရမယ့် အတူတူ၊
ပထမ အသက်၊ မျက်ကွယ်ပြုပြီး
မနက်ဖြန်အတွက်၊ လက်ကျန်အသက်နဲ့
နှစ်ယောက်တည်းသာ၊ လျှောက်ပါရစေ။

တစ်ဖက်မှာ
တခြားတစ်ယောက် ရှိသလို၊
ဟောဒီ တစ်ဖက်မှာ
အခြား တစ်သက်မရှိလေတော့၊



မရှိမဲ့ ... ရှိမဲ့၊ ဒီ အသက်
အမှားအတွက်ပဲ ရှင်နေရသလိုလို
တားတစ်လက်ဆွဲ ယှဉ်ပြိုင်ရမလိုလိုနဲ့
ရင်မှ ... ငို၊ ပြိုပြိုကျ
(အချစ်က) အိုတလှပါပြီ။
ဒုတိယ ... ဘဝ၊ ဒုတိယ ... သံသရာ
ဒုတိယ ကံကြမ္မာကိုသာ
လိုရာမှန်တီးလို့ ရခဲ့ရင် ...၊
ပထမဆုနဲ့၊ လွဲလှလှ ... လူ
အသည်းနုနု အပြုအဝင်နဲ့
ဒုတိယဆုလောက်တော့
ယူသွားချင်ပါရဲ့ ဗျာ ... ။ ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီ . . . ဒုတိယတော ဆိုတဲ့ ကဗျာလေးကို ခေါင်းစဉ် ပြောင်းလိုက်ရင် ပိုပြီး အဓိပ္ပာယ်ပေါ်လွင်သွားမယ်" . . . ဟု ရွှေသွေး ပြောသည်။ ကျွန်တော်က . . . "ဒီအတိုင်း မကောင်းလို့လား" . . . ဟု ငုံးရိမ်လျက် မေးသည်။

"ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့
ဒီ . . . ခေါင်းစဉ်က၊ ပျော့နေတယ်။ ပြီးတော့ . . .
အဓိပ္ပာယ်, ဆိုလိုရင်း ထင်းခနဲ, လင်းခနဲ မဖြစ်ဘူး"
ကျွန်တော် အပြေးအလွှား ရှင်းပြမိသည်။

"အဓိပ္ပာယ်က ကွာ၊ ကိုယ့်ချစ်သူမှာ၊ အဲ
. . . ကိုယ်က တစ်ဖက်သတ်ချစ်နေရတဲ့ ချစ်သူမှာ၊
ပထမလူ ရှိနေတာ။ အဲ . . . အဲဒါကိုသိပြီး ခံစားနေရ
တဲ့၊ ဒုတိယလူရဲ့၊ ခံစားချက်လေ။ အဲဒါကို ရေးထား
တာ"

"အေး . . . အဲဒါကို ပြောတာပေါ့။ ဒုတိယလူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခံစားချက်လည်း၊ ပြောတယ်။ ခေါင်းစဉ်ကို ဒုတိယတော ... လို့ ပေးထားတော့၊ မသန်းပါတဲ့ ဇာတ်လမ်းကို၊ ဇာတ်လမ်းက မသန်း ... လို့၊ ပေးထားသလို ဖြစ်နေတယ်''

''ငါက.တော့၊ တခြားခေါင်းစဉ်တွေနဲ့ မလိုက်ဘူးလို့၊ ထင်တာပဲ။ မင်းသာဆို ဘယ်လိုခေါင်းစဉ် တပ်မလဲ''

''ပေး ...၊ ငါ ...ပြင်ပေးမယ်'' ...ဟု၊ ပြောကာ၊ သက်ဦးဖတ်နေသော ကျွန်တော့်စာအုပ်ကို၊ ရွှေသွေး လှမ်းယူ၏။

''အာ ...ရွှေသွေး။ မင်း လက်ရေးကြီးနဲ့ တော့ မပြင်နဲ့။ ငါ့ဘာသာ ပြင်မယ်။ မင်းတပ်မယ့် ခေါင်းစဉ်သာ ပြော''

''မပြောဘူး။ ရေးပေးမယ်'' ...ဟု၊ ဆိုကာ၊ ကျွန်တော့် လက်ဖဝါးတွင်၊ ဆော့-ပင် ဖြင့်၊ ရွှေသွေး၊ ရေးပေး၏။

''သူတစ်ပါးချစ်သူကို၊ ကိုယ်က၊ ချစ်မိတာ ဆိုတော့ ...''

ပါးစပ်က တတွတ်တွတ်ပြောရင်း၊ တွေးတောဟန်ပြုရင်းဖြင့်၊ ရေးခြင်းဖြစ်၏။ ရေးပြီးပြီးချင်း၊ ကျွန်တော့်လက်ဝါးကို၊ ကျွန်တော် အလောတကြီး ပြန်ကြည့်လိုက်သည်။

''ကြာကူလီ''





နှုတ်မှ ရေရွတ်မိရင်း၊ ရွှေသွေးကို၊ ကျွန်တော် လက်သီးဖြင့် ထိုးဖို့ပြင်သည်။ ထိုင်နေရာ လက်ဖက်ရည်ဆိုင် စားပွဲမှ၊ သူ ...ထ, ပြေး၏။ ခဏကြာမှ၊ သူ ...ပြန်လာ၏။ ရယ်ဖြဲဖြဲ သူ့မျက်နှာကို၊ ကျွန်တော် မမြင်ချင်ယောင်ဆောင်ပြီး၊ သက်ဦးနှင့် စကားပြောနေရင်းမှ ယ်ထိပ်ကို ခေါက်ခနဲ ခေါက်လိုက်၏။

''ရွှေသွေး။ မနောက်ပါနဲ့ကွာ။ ငါ သုံးလ, တိတိ၊ မှတ်ထား, ရေးထားရတဲ့ အလွမ်းမှတ်တမ်းတွေကွ။ မင်း မခံစားရရင်နေ၊ မပျောင်နဲ့''

''မင်း မမမှာ၊ ချစ်သူရှိတယ် ...ဆို။ မင်း ဘာဆက်လုပ်မှာလဲ။ ဆက်ပြီး ...မလုပ်စေချင်လို့၊ မင်းကို၊ ငါ ...နာမည် ဆိုးဆိုး မှည့်လိုက်တာ''

''မမမှာ၊ ချစ်သူရှိတယ် ဆိုပေမယ့်၊ ငါ, မြင်ရ တွေ့ရတာမှ မဟုတ်တာ။ မမ, ပါးစပ်က, ပြောတာ၊ အနားမကပ်ရုံ ...စကားအဖြစ်ပြောတယ် ...လို့ပဲ၊ ငါ, ယူဆ,ထားတယ်''

''မင်း ...ယူဆ,သလို မဟုတ်ဘဲ။ တကယ် ချစ်သူရှိနေရင်ကော'' ...ဟု၊ သက်ဦး ဝင်မေးသည်။

''တရားဝင် လင်ယောက်ျား မရှိမချင်း၊ ငါ့မှာ၊ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရှိတယ်''

''မမြလှဲ့ညိုကြ၊ လက်မခံရင်ကော ...''



www.burmeseclassic.com

www.burmeseclassic.com



“ဩော် . . .။ ပြောပြီးပြီလေ။ မမ . အိမ်ထောင် မပြုမချင်း၊ မမ ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ငါ . . . နောက်မဆုတ်ဘူး”

“မင်း . . . စိတ်ကူးယဉ်နေတယ်လို့၊ ငါထင်တယ်၊ မင်းထွင့်ခေါင်”

“ဘာကို စိတ်ကူးယဉ်ရမှာလဲ။ ငါ . . . တကယ်ချစ်တာကွ။ မမကို ငါ . . . တကယ်ချစ်တာ။ ရင်ထဲမှာ တကယ် ခံစားနေရတာ”

“ငါတို့အရွယ်က၊ အဲဒီ့ စိတ်တွေ ဖြစ်ရမယ့် အရွယ်မှ မဟုတ်တာ။ အင်း . . . ဆယ်ရှစ်နှစ် ကျော်ပြီ ဆိုတော့၊ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။

ဒါပေမဲ့ . . . ဖြစ်ရမယ့် အခြေအနေ မဟုတ်ဘူး။ ငယ်သေးတယ်ကွ။ ပြီးတော့ . . . မမြလဲ့ညိုက၊ မင်းထက် အများကြီး အသက်ကြီးတယ်။

ရုပ်ရှင်ထဲ၊ ဝတ္ထုထဲသာ၊ မမ . . . လို့ ခေါ်လို့ ကောင်းတာနော်။ သားတွေ့မြေးတွေ ရတဲ့အထိ၊ မမ . . . လို့ ခေါ်နေရင်၊ ဘေးက ကြားရတာ တစ်မျိုးကြီး ဖြစ်နေမှာ။

ခေါင်းထဲမှာ ကျောင်းတက်ဖို့ရယ်၊ စာကျက်ဖို့ရယ်ပဲ၊ ထားရမှာလေကွာ”





“မင်း . . . ငါ့ကို တားနေတာလား သက်ဦး”

“မပြောတတ်ဘူး။ သတိပေးချင်စိတ်ဖြစ်လို့ သတိမေးစကား ပြောတာ။ ငါလည်း . . . ငါကြိုက်တာ မတွေ့သေးလို့၊ မင်းကို ဆရာလုပ်မိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့”

“ငယ်တဲ့ အရွယ်မှန်း ကိုယ့်ကိုယ်ကိုယ် သိပါတယ်ကွ။ စိတ်ကူးယဉ်တယ်ပဲ ပြောပြော၊ စာလုပ်ရင်လည်း . . . မမနဲ့ လုပ်ချင်တယ်၊ ထမင်းစားရင်လည်း . . . မမနဲ့ စားချင်တယ်။ ဘာလုပ်လုပ်၊ မမနဲ့ပဲ လုပ်ချင်တယ်ကွာ။

အခု . . . ဒီကဗျာတွေ၊ ဒီစာကြောင်းတွေက၊ ငါ့ ခံစားချက်ရဲ့ ကိုယ်ပွားတွေပဲ။ ဒါပေမဲ့ . . . အစစ်အမှန် ခံစားမှုက တော်တော်ကြီးတယ်ကွ။ ငါ . . . ပြောမပြတတ်ဘူး”

“ဒီအရွယ်က၊ စိတ်လေတတ်တယ် . . . တဲ့” . . . ဟု၊ မှသွေး ဝင်ပြောသည်။

“အေး၊ အဲဒီ့ လေနေတဲ့စိတ်က၊ မမ အနားမှာပဲ၊ လည်နေတာကွ။

တခြား ဘယ်ကိုမှ၊ စိတ်မရောက်ဘူး။ စိတ်လေတယ်ဆိုတာ။ ဟိုရောက်လိုက် ဒီရောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ပြောတာ။

ငါ့ စိတ်က၊ တစ်နေရာတည်းမှာပဲ အမြဲရှိနေတယ်။ ဘယ်မှ မလွင့်ဘူး'' —

ရွှေသွေးက ...,

''ဟာ။ အဲဒါဆို မင်း၊ သမာဓိ အရမ်းကောင်းနေတာပေါ့''

''ဘာဖြစ်လို့လဲ''

''ငါ့ အဘွားက၊ ပြောတယ်။ စိတ်က တစ်နေရာတည်းမှာ ရှိပြီး၊ ဘယ်မှ မလွင့်ရင်၊ အဲဒါ သမာဓိကောင်းလို့ ... တဲ့''

ဒီတစ်ခါ၊ ရွှေသွေးကို၊ စာအုပ်ဖြင့် လှမ်းရိုက်လိုက်သူမှာ၊ သက်ဦး ဖြစ်သည်။

* * * *



[ ၆ ]

''သည်းခံမှုအတိုင်းအဆ၊ ကျော်နေပြီနော် ... မင်းထွဋ်ခေါင်၊ မင်း ..., ငါ့လက်ကိုလွှတ်''

မမ၏အမိန့်ကို ကျွန်တော် မနာခံမိ။

''ကျွန်တော့် စာအုပ်ကို၊ မမ လွှင့်ပစ်မှာစိုးလို့ပါ။ လွှင့်မပစ်ဘူးဆိုမှ၊ မမလက်ကို၊ ကျွန်တော် လွှတ်မယ်''

ကျွန်တော့်ရဲ့၊ အချစ်မှတ်တမ်း၊ အလွမ်းလင်္ကာလေးတွေ ကောက်သင်း ကောက်ထားသော စာအုပ်လေးက၊ မမ၏ လက်ဆွဲခြင်းထဲမှာ။

''တော်တော်ငယ်နေလို့၊ ငါ ... သည်းခံနေတာနော်။ မင်း ... ငါ့လက်ကို လွှတ်တော့''

ကျွန်တော် ခေါင်းခါ ငြင်းဆန်မိသည်။

''ဖြန်း။ ဖြန်း''

ကမ္ဘာနှစ်ခြမ်းကွဲသွားသကဲ့သို့၊ ခံစားရသည်။ အစိတ်စိတ်၊



www.burmeseclassic.com

www.burmeseclassic.com



အမြှာမြှာ ကွဲကြေသွားသည် ... ဟု၊ အာရုံတွင် မြင်လိုက်ရသည်။ ကမ္ဘာကြီး၏ နောက်ဆုံးစစ်ပွဲတွင် ကြားရမည့်၊ မြည်ဟည်းသံထက်၊ ပိုမို၍ ကျယ်လောင်စေသော၊ ပေါက်ကွဲသံကို အသက်ပျောက်မတတ် ကြား လိုက်ရချေသည်။

ပါးနှစ်ဖက်စလုံး ပူသွားမှ၊ မမ၏လက်ကို ဆွဲကိုင်ထားမိသော ကျွန်တော့်လက်ကို၊ ကျွန်တော် လွှတ်လိုက်မိလေ၏။ ပါးရိုက်ခံရမှ၊ ကိုယ့်ကိုယ်ကိုယ် ရှက်ရမှန်းသိသည်။ သူတစ်ပါး ရှက်အောင် လုပ်မိနေသူဟုလည်း၊ ကိုယ်ထိမှ သိသည်။ ကိုယ်တောင် ရှက်တတ်သေးတာ၊ သူလည်း ရှက်တတ်မှာပါလား ... ဟု၊ ယခုမှ စာနာသတိဝင်လေသည်။

လမ်းလယ်ခေါင်တွင်၊ ဦးခေါင်းငိုက်စိုက်ဖြင့်၊ လည်အချိုးခံထားရသော ကြက်ငမွဲတစ်ကောင်ကဲ့သို့ ကျွန်တော် ကျန်ရစ်ခဲ့သည်။ မည်သူမည်ဝါတွေ မည်သို့ကြည့်နေကြမည်ကိုလည်း၊ ကျွန်တော် ဂရုမပြုအား။ ကျွန်တော့်စာအုပ်လေး မည်သည့်နေရာ ... သို့ လွင့်ကျခဲ့ပြီဆိုသည်ကိုလည်း၊ မရှာဖွေရဲ။

တော်ပါသေးသည်။

ကျွန်တော့် အသည်းနှလုံးတွေ၊ လမ်းမပေါ်သို့ ကြေကြေမွမွ ကျမကွဲသေး။





"မင်း စိတ်နာသွားပြီပေါ့"

သက်ဦးကို၊ ကျွန်တော် ခေါင်းခါပြလိုက်သည်။ သက်ဦး မျက်နှာ၊ တအံ့တသြ။

"မင်းကို၊ ပါးရိုက်တာလေကွာ။ မင်း၊ စိတ်မနာဘူးလား"

"မနာပါဘူး။ ပါးကတော့ တော်တော်နာတယ်။ စိတ်ကတော့ နာစရာ မရှိဘူး"

"မနာတတ်လို့ မနာတာလား။ မနာချင်လို့ မနာတာလား"

"အဲဒါတော့၊ ငါ ... မပြောတတ်ဘူး။ မနာဘူးဆိုတာပဲ၊ ငါ ... သိတယ်"

"မင်း ... ဗမာ မဟုတ်ဘူးလား။ ငါတို့ ဗမာလူမျိုးက၊ ဦးခေါင်းတို့၊ ပါး ... တို့၊ ပခုံးတို့ကို၊ ဘာနဲ့မှ အထိခံတာ မဟုတ်ဘူးနော်။ မင်း ... မနာတတ်တာ၊ ငါ ... အံ့သြတယ်"

"ငါတွင်၊ မဟုတ်ပါဘူးကွာ။ ငါတို့ မြန်မာတွေ။ အဲ တချို့ မြန်မာတွေ၊ မနာတတ်ကြပါဘူး။ ခွင့်လွှတ်တတ်ကြတာလား။ မနာတတ်ကြတာလား။

www.burmeseclassic.com



ဝေ မပြောတတ်ဘူး''

''ဘာကို ပြောတာလဲ'' ...ဟု၊ ရွှေသွေး ဝင်မေး၏

ကျွန်တော်က ...,

''ဂျပန်ခေတ်က၊ ဂျပန်ကင်ပေတိုင်တွေ၊ ငါတို့ မြန်မာတွေကို၊ ပါးရိုက်ခဲ့ကြတာ၊ တော်တော် များမျာ ပဲလေ။

အဲဒါတောင်၊ ဂျပန်ကို လင်လုပ်တဲ့သူနဲ ဂျပန်ကို မယားလုပ်တဲ့သူတွေ၊ ရှိနေတတ်ကြသေ တာပဲ။

ဂျပန်က, ငါတို့နိုင်ငံကို၊ နယ်ကျူးတဲ့ ရန်သူ ကွ။ အဲဒီ ရန်သူ လူမျိုးကိုတောင် မနာတတ်ကြ တော့။ မမက, ငါ့ရန်သူမှ မဟုတ်ဘူးကွ။ ငါ့ ချစ်သူ

ချစ်သူ ပါးရိုက်တာလောက်တော့၊ ပန်းနဲ ပေါက်သလောက်ပဲ ရှိတယ်။ ငါ ...မနာဘူး''

''ပန်းနဲ့ပေါက်တာလည်း နာတတ်တယ်၊ မင်း မယုံရင်၊ ဂေါ်ဖီပန်းပွင့်နဲ့ အပေါက်ခံကြည့်ပါလား တစ်ခါတည်း ...ပွင့်ထွက်သွားမယ်''

ရွှေသွေးက၊ မညှာမတာ ဝင်ပြောပြန်သည်။ သက်ဦးက...

''မင်း စာအုပ်တော့၊ ပါသွားတယ်ပေါ့''

''ပါသွားတယ် ထင်တယ်။ ငါ သတိထား





သလောက်က,တော့၊ လမ်းမပေါ်မှာ၊ မတွေ့ခဲ့ဘူး''

''လမ်းမ,ပေါ်မှာ၊ မင်း ...ပါးရိုက်ခံရတာ၊ မရှက်ဘူးလား''

''ဩော် ...။ နာတောင် မနာတတ်ပါဘူးဆို၊ ဘယ်လိုလုပ် ရှက်မှာလဲ။

ရှက်သလိုလို ဖြစ်သွားသေးတယ်။ သူလည်း ...ငါ့ကြောင့် ရှက်သွားမှာပါလား ...လို့ တွေးလိုက်တာ။ ငါ ...မရှက်ဖြစ်တော့ဘူး။ အချစ်နဲ့ပတ်သက်ရင်၊ မနာတတ်ဘူးကွ။ မနာတတ်ရင်၊ ရှက်ခြင်း ကြောက်ခြင်းလည်း မရှိတော့ဘူး''

''ဒါဆို အချစ်က၊ အရှက် မရှိဘူးပေါ့''

''ရွှေသွေး၊ မင်း ...ဝင်ဝင် မလျှောက်နဲ့နော်၊ လူကြီးတွေ စကားပြောတာ၊ ငြိမ်ငြိမ်ဆိမ်ဆိမ် လိုက်နားထောင်''

''မနာတတ်လို့ မရှက်တာလား။ မရှက်တတ်လို့၊ မနာတာလား''

သက်ဦး၏ မေးခွန်းကို၊ ကျွန်တော် ...မဆိုင်းမတွ၊ ဖြေလိုက်၏။

''အချစ်နဲ့ ပတ်သက်ရင်၊ မနာတတ်လို့ မရှက်တာ။ တခြား ...ရာထူးတွေ၊ ဂုဏ်တွေ၊ ငွေတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အာဏာတွေ၊ ပါဝါတွေနဲ့ ပတ်သက်ရင်တော့ မရှက်…
တတ်လို့ မနာကြတာ''

''မင်းက ... လိုရာဆွဲပြောတာပဲ'' ... ဟု၊ ရွှေသွေးဝေဖန်…
သည်။

''ငါ့ရဲ့ လိုရာဟာ အချစ်ပဲ၊ အချစ်နဲ့ပတ်သက်…
ရင်၊ ကျန်တာ အားလုံးဟာ၊ ရမ္မက်အပြင်းစားတွေ…
ချည်းပဲ။ အချစ်က ... ပျားရည်လို ချိုတဲ့ ရမ္မက်…
တခြားဟာတွေကတော့ အရက်လိုပြင်းတဲ့ ရမ္မက်…

ရမ္မက်ချင်းတူပေမယ့်၊ အသက်ချင်း မတူဘူး…
ကွ။ အချစ်က ... ပိုမြင့်မြတ်တယ်''

သက်ဦးက ...,

''ဒါဆို မင်းက၊ လက်မလျှော့သေးဘူးပေါ့''

''လက်လည်း မလျှော့ဘူး။ စိတ်လည်း…
မလျှော့ဘူး။ လူငယ်တဝမှာတောင်၊ ဒီ ... အချစ်ကို…
လောက်ကို၊ ပြဿနာတစ်ခုလောက် ရင်ဆိုင်လိုက်…
တာနဲ့ လက်လျှော့ချင် စိတ်လျှော့ချင်ဖြစ်ရင်၊ နောက်…
လူကြီး ဖြစ်တဲ့အခါ၊ ဘဝကိစ္စတွေ၊ လူမှုရေးကိစ္စ…
တွေ၊ စီးပွားရေးကိစ္စတွေ၊ နိုင်ငံရေးကိစ္စတွေ၊ သာ…
နာရေးကိစ္စတွေမှာ ... ရင်ဆိုင်ရသမျှကို၊ ဘယ်လို…
လုပ် ဖွဲ့နဲ့မာန်နဲ့ သတ္တိနဲ့ ဇွဲနဲ့၊ ရင်ဆိုင်နိုင်ပါ့မလဲ…





လူကြီးတွေ ပြောတတ်ကြတယ်လေကွာ။
ဘဝနဲ့ယှဉ်လိုက်ရင်၊ အချစ်က သေးသေးလေး ...
တဲ့၊ အဲဒီ့ သေးသေးလေးကိုတောင်၊ အလွယ်တကူ
နောက်ဆုတ်တတ်ခဲ့ရင်၊ နောက်နောင် ရင်ဆိုင်ရမယ့်
ကမ္ဘာနဲ့ ချီတဲ့ကိစ္စမျိုးကို၊ ဘယ်လိုလုပ် ရင်ဆိုင်ရဲပါ့
မလဲ''

''ဒါဆို ဆက်လက်ပြီး ပါးရိုက်ခံဦးမယ်ပေါ့''

''တစ်ဘဝလုံးကိုတောင် ချစ်မိနေပါတယ်ဆို
မှ၊ ချစ်တယ် ... ဆိုတာ၊ ချစ်သူရဲ့ ဘဝဒုက္ခအားလုံး
ကို၊ ယူချင်တယ်လို့ ပြောတာလေကွာ။ ဘဝဒုက္ခ၊
ဘဝသုခ အားလုံးကို ယူမယ့်သူက၊ ဒီ ... ပါးရိုက်
တာလောက်တော့၊ အချစ်ရဲ့ ပေးစာကမ်းစာလောက်
ပဲ ... လို့၊ ငါ ... သတ်မှတ်တယ်။

ပါးရိုက်တာ၊ မမက ... ငါ့အချစ်ကို ဖြိုခွင်း
တာ မဟုတ်ဘူးကွ။ ချေမှုန်းတာ မဟုတ်ဘူး။ ဟန့်
တားရုံသက်သက်။ ဟန့်တားရုံနဲ့၊ နောက်ဆုတ်မယ်
ဆိုရင်၊ ဒီကောင် ...၊ ဖွဲ့မရှိပါလား။ သတ္တိမရှိပါ
လား။ မနိုင်မာပါလား ... လို့၊ တွေးသွားမှာပေါ့။

ပြီးတော့ ...,

ဟန့်တားရုံလေးနဲ့၊ နောက်ဆုတ်ရင်၊ အမြို…



www.burmeseclassic.com

www.burmeseclassic.com



ခွင်းခံရတတ်တယ်ကွ။ ငြိမ်းချောက်ရုံနဲ့ နောက်တွန့်ရင်၊ အချေမှုန်းခံရတတ်တယ်။

ငါ့ အချစ်ကို အဖြိုခွင်းလည်း မခံဘူး။ အချေမှုန်းလည်း မခံဘူး။ ဟန့်တားရုံလောက်လည်း ငါ ... ဂရုမစိုက်ဘူး။ အေး ... တစ်ခုခုကြောင့် ... ဖြိုခွင်းချေမှုန်းတာ ခံလိုက်ရပြီ ဆိုရင်လည်း၊ အဲဒါ ... လူကိုပဲ ဖြိုခွင်းချေမှုန်းနိုင်လိမ့်မယ်။ အချစ်ကို ဖြိုခွင်းလို့မရ။ ဟန့်တားလို့ မရ''

''ဘယ်အထိ၊ မင်း ... ရှေ့ဆက်တိုးမှာလဲ''

''ချစ်လို့ပါ ... ဆိုမှ။ သူ ချစ်လာတဲ့အထိ ပေါ့''

ရွှေသွေးက ...,

''မချစ်ဘူး။ ခင်ရုံပဲ ခင်မယ်ဆိုရင်ကော ...''

''လိုချင်တာ အချစ်။ အဲဒါက, လွဲပြီး၊ ဘာမှ မယူဘူး။ တောင်းတာ တစ်ခု၊ ပေးတာ တစ်ခုဆိုရင်၊ တောင်းတဲ့သူက၊ ပေးတာလေးပဲ ယူလိုက်ရင်၊ အဲဒါ ... တောင်းတဲ့သူ အရှက်မရှိတာ။ ပေးတဲ့သူက ... လိမ်တာ။

လူ့လောက,ကြီးထဲမှာ ရှိကြပါတယ်၊ တောင်းတုန်းက,တော့၊ မိုးရွှေလ,မင်းကြီးရယ် ... ထမင်းဆီ





ဆမ်း ရွှေလင်ပန်းနဲ့ပေးပါ ... ဆိုပြီး။ နောက်မှ ထမင်းတစ်ဆုပ်၊ ဟင်းတစ်ဆုပ်နဲ့ ကျေနပ်လိုက်ကြတာ။ အဲဒါ ... လိုချင်တာကို၊ ရအောင်မယူနိုင်ကြတဲ့၊ ပျော့ညံ့တဲ့ လူတွေရဲ့အလုပ်။

စကားတစ်ခွန်းကြားဖူးတယ်။ လိုချင်တာကို၊ ရအောင် မယူနိုင်ရင်၊ ရတာလေးကိုပဲ၊ လိုချင်သွားလိမ့်မယ် ... တဲ့''

''ရပါစေကွယ်။ ရပါစေ။ တောင်းတဲ့သူရဲ့ဆန္ဒလည်း၊ ပြည့်ပြည့်ဝဝ ရပါစေ။ ပေးတဲ့သူက,လည်း၊ စေတနာ မေတ္တာအပြည့်နဲ့ မလှည့်မစား မလိမ်မညာဘဲ၊ အလျှံပယ်ကြီး ပေးနိုင်ပါစေကွယ်'' ... ဟု၊ ရွှေသွေးက အဘိုးအိုအသံတုပြုကာ၊ ဆုတောင်းစကား ဆိုလေသည်။ ''မရရင်ကော'' ... ဟု၊ သက်ဦးပြောသည်။ ''လူငယ်ဆိုတာ၊ ရာဇဝင်ကို ရေးမယ့် သမိုင်းဝင်ပုဂ္ဂိုလ်တွေ ... ကွ။ မရဘူးဆိုတာ မရှိစေရဘူး။ ရတဲ့အထိ ရအောင်ယူမယ်'' ... ဟု၊ ကျွန်တော်ဘက်မှ နှစ်ဖက်ထောင်၍ ပြောလိုက်သည်။ မာနထက်၊ အချစ်က, ပိုများနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၇]

''ဒုက္ခပါပဲ။ မင်း အိမ်ကို၊ ငါ့လာတိုင်မှာ မကြောက်ဘူးလား''

ယခင်လေသံမျိုး မဟုတ်။ အနည်းငယ် ပျော့ပျောင်းသော လေသံ။

''မမ ငြိုငြင်မှာက လွဲပြီး၊ ကျန်တာတွေကို၊ ကျွန်တော် ရင်ဆိုင်ရဲပါတယ် မမ။

မမ စိတ်ဆိုးလွန်းလို့ နောက်ထပ် ပါးရိုက်ဦးမယ်ဆိုရင်လည်း၊ ကျွန်တော့်မှာ ပါးအပို ပါမလာပေမယ့်၊ ဟိုနေ့က အရိုက်ခံခဲ့ရတဲ့ ပါးအဟောင်းနဲ့ပဲ၊ ထပ်ပြီး အရိုက်ခံပါ့မယ်။

ပါးလည်း နှစ်ဖက်ပဲ ပါတယ်။ အသည်းနှလုံးလည်း တစ်ခုပဲ ပါတယ်။ အဲဒီ နှစ်မျိုးစလုံးကို၊ မမ ကြိုက်သလိုလုပ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ငါက, ငါ့အသားကို ထိရင်၊ လန့်ရိုက်,ရိုက်တတ်တယ်။ မင်း . . . , ငါ့အသားကို မထိရင်၊ မင်းပါးကိုလည်း၊ ငါ မထိပါဘူး။

ဘတ် (စ) ကား စီးတာတောင်မှ၊ စပယ်ယာတွေကို တစ်ခါတည်း ပြောထားပြီးသား။ ကားအတက်အဆင်း၊ လုံးဝ . . . တာဝန်မယူပါနဲ့ . . . လို့၊

အဲဒါကို ဘာမှန်းမသိတဲ့ စပယ်ယာ နှစ်ယောက်လောက်။ မင်းလိုပဲ . . . ဂျပန်ပြည်ရောက်သွားသေးတယ်"

"ဒါဆို၊ မမက, ကျွန်တော့်ကို၊ ယောင်ပြီး၊ ရိုက်တာလား"

"ယောင်တာတော့ မဟုတ်ဘူး။ မြန်မာမိန်းကလေးတစ်ယောက်ရဲ့၊ အရှက်စိတ်ကြောင့် ရိုက်လိုက်တာ။

မြန်မာတွေ အခုထိ သုံးနေ,ပြောနေကြပါသေးတယ် . . .။ ယင်ဖိုတောင် မသန်းဖူးဘူးဆိုတာလေ။

စကားကို၊ စကားအဖြစ်လောက်၊ မပြောဘဲ။ လက်တွေ့နေထိုင်ကျင့်သုံးဖို့ လိုတယ်လေ။ ယင်ဖိုတောင် မသန်းဖူးဘူး . . . ဆိုပြီး စပယ်ယာထိလည်း၊





ခွင့်လွှတ်၊ ဆိုက်ကားသမားထိလည်း၊ မသိချင်ယောင်ဆောင်။ အရက်သမားထိလည်း၊ ကြောက်ကြောက်နဲ့ငြိမ်၊ ရည်းစားနဲ့တွေ့လည်း၊ ပခုံးချင်းတပ်၊ ရင်ချင်းအပ်နေလို့က,တော့၊ ဣန္ဒြေဆိုတဲ့စကားကို၊ အီတလီဂျာမနီက,လာတဲ့ ဝေါဟာရလား . . . လို့၊ မေးရတဲ့အခြေအနေမျိုးရောက်သွားမယ်။

အသားကိုထိတာနဲ့ ပါးကို ဖျတ်ခနဲ ရိုက်တတ်အောင်၊ တို့အမေ, တို့အဘွားတွေက၊ သင်ထားပြီးသား။ တတ်သည့်ပညာ၊ မနေသာဆိုပါတော့"

"ကားအတက်အဆင်း။ စပယ်ယာတွေက၊ ကူညီကြတာကိုရော . . .၊ မမ ဒီလို တုံ့ပြန်တာ၊ မကောင်းဘူးထင်တယ်"

"မော်တော်ကားပေါ်၊ လှေကားထောင်ပြီး တက်ရတာ မဟုတ်ဘူး။ ခြေတစ်လှမ်းနဲ့ရောက်တယ်။ တွဲစရာလည်း၊ မလိုဘူး။ ဆွဲစရာလည်း၊ မလိုဘူး" . . . ဟု၊ မမ ပြော၏။

ကျွန်တော်က . . . ,

"ဘတ်(စ) မှတ်တိုင်၊ အဝင်,အထွက်၊ မြန်ကြတယ်လေ မမရဲ့။ အပြိုင်အဆိုင် မောင်းနေကြတာ"

"မြို့လယ်ခေါင်က၊ ကားပြိုင်ကွင်း မဟုတ်ဘူး။ ခရီးသည်ကို အလုအယက်တင်စရာလည်း၊



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး။

အလုအယက်တင်ကြလို့ အတက်အဆင်းမှာ၊ ခရီးသည်တွေ၊ ပြုတ်ကျ၊ လိမ့်ကျလို့၊ အရေးယူမခံ ချင်ရင်။ ကားကို မှန်မှန်မောင်း။ မြန်မြန်မမောင်းနဲ့။

မြန်မြန်မောင်းစရာကို၊ အကြောင်းမရှိဘူး။ ပြိုင်မောင်းစရာလည်း အကြောင်းမရှိဘူး။ ဘတ် (စ) ကားဆိုတာ၊ သားသတ်ရုံကိုပို့ဖို့ နွားတွေ . . . ကျွဲတွေ . . . ဆိတ်တွေ . . . ဝက်တွေတင်တဲ့ကား မဟုတ်ဘူး။ လူအများစု စီးတဲ့ကား။ လိုရာ ခရီးကို၊ အလုံခြုံဆုံး ပို့ဆောင်ရတဲ့ကား။

ဒါကို သိလျက်နဲ့၊ ခရီးသည်တွေကလည်း၊ သည်းခံတယ်။ သက်ဆိုင်ရာက,လည်း၊ စာတမ်း လေးတစ်ကြောင်း နှစ်ကြောင်းနဲ့ပဲ၊ သတိပေးတယ်။

ငါ စီးတဲ့ကား အမောင်းကြမ်းလို့က,တော့။ အဲဒီ ဘတ် (စ) ကား၊ နှစ်ဆယ့်လေးနာရီ အတွင်း၊ ဝါဂွမ်းလေးလို နူးညံ့ပြီး၊ တိမ်လိပ်လေးလို၊ ရွေ့လျား သွားရမယ်''

''ဟာ။ မမရဲ့ အဖေက, အရာရှိလား''

''ဟဲ့။ အရာရှိဖြစ်စရာ လိုလို့လား။ ကား နံရံတွေမှာ ရေးထားတဲ့ ဖုန်းနံပါတ်တွေက၊ ဘာလုပ်ဖို့





လဲ၊ လူတွေက, ဘယ်သူ့ဖြင့် တရားမဝင် ထီလောင်း ကစား လုပ်နေပါတယ်။ ဘယ်သူတွေဖြင့်၊ အိမ်ရှေ့ မှာ ဂစ်တာ တဒေါင်ဒေါင်လုပ်နေပါတယ် . . . လေး ပဲ၊ တိုင်တတ်ကြတာ။

အများအသက်နဲ့ ထပ်တူအရေးကြီးတဲ့ကိစ္စ ကို၊ ဦးစီးဦးဆောင်ပြီး၊ တင်ပြရမယ်။ အကြောင်း ကြားရမယ်ဆို။ ဘာဖြစ်လို့ ကြောက်မှန်းမသိဘူး။ ရှောင်ကြတယ်။ အဲဒါကြောင့်, စည်းပျက်ကမ်းပျက် တွေ၊ မြို့လယ်ခေါင်မှာ . . . ကားပြိုင်ပွဲလုပ်နေကြ တာ။

သက်ဆိုင်ရာက,လည်း၊ လူသေမှ အရေး ယူတာထက်၊ လူမသေခင်,မှာ၊ ကြိုတင်ပြီး၊ ထိန်း သိမ်းရင်၊ ပိုကောင်းမယ်။ စည်းကမ်းထိန်းသိမ်းမှု၊ ထိရောက်ရင် ကားပေါ်အတက်၊ စပယ်ယာတွေ . . . ဘယ်သူ့ခါးမှ ပွေ့ပေးစရာ မလိုတော့ဘူး။ ဘယ်သူ့ လက်မှ တွဲပေးစရာ မလိုတော့ဘူး။

အပြိုင်အဆိုင် ဆိုတာ၊ မရှိရင်၊ အပြေး အလွှားဆိုတာ မရှိတော့။ အပြေးအလွှားဆိုတာ မရှိရင်၊ အထိအခိုက်ဆိုတာ မရှိတော့ဘူး''

''မမက၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



က,လား''

''နောက်ရွတ်ရွတ် မလုပ်နဲ့နော်။ နောက်ထပ် ဂျပန်လို အရေးမယူချင်လို့။ အပြုံအမူဆင်ခြင်ဖို့ ပြောနေတာ။

လက်ကလေးထိတာပဲ ... ပုံပါမသွားပါဘူး ဆိုတဲ့စိတ်။ ဘယ်မိန်းကလေးမှာမှ မထားအပ်ဘူး အဲဒီလို သဘောထားနိုင်တဲ့ ဥရောပနွယ်ဖွား မိန်းမ သားမျိုးထဲမှာလည်း၊ ငါ ... မပါဘူး။

အဲဒါကို ... မင်းသိရင်။ မင်းရဲ့ ဣန္ဒြေ ငြိမ် ငြိမ်လေးနေ။ လက်ငြိမ်ရင်၊ ပါးသက်သာမယ်။ ဒါပဲ''

''ကျွန်တော်၊ တောင်းပန်ပါတယ်။ ထိဖို့ တို့ ရည်ရွယ်ချက်နဲ့၊ လက်ဆွဲတာ မဟုတ်ပါဘူး ကျွန်တော့် စာအုပ်လေးကို၊ မမ ... မယူမှာ စိုး လို့''

''အေး။ အဲဒီစာအုပ် အိမ်မှာကျန်ခဲ့တယ် နောက်မှ ပြန်ပေးမယ်''

''ဟာ။ ပြန်ပေးဖို့ ပေးတာမဟုတ်ဘူး။ မ ... ဖတ်ဖို့''

''ဖတ်ပြီး ပြီလေ''

''ဟာ။ ကျေးဇူးပဲ''





''ကျေးဇူးမတင်နဲ့၊ မင်းကို၊ ငါ ပြန်မကြိုက် ဘူး၊ ငါ့မှာ ... ရှိပြီးသား။ လက်ထပ်ရတော့မှာ။

အဲ ... သတို့သားလောင်းက၊ ငါနဲ့ သက်တူ ရွယ်တူ၊ အရည်အချင်းတူ။ မင်းလို နှပ်တွဲလောင်း လေး မဟုတ်ဘူး''

ကျီစား စကားတွင်၊ ပြုံးယောင်သန်း၏။

''မင်း အကြောင်းကိုတောင်၊ ပြောထားသေး တယ်။ လမ်းမှာတွေ့ရင်၊ အထင်မလွဲဖို့ပေါ့''

''အဲဒီလူကို မမ ချစ်လား''

မမက ... ပြုံးလျက် –

''အသက်သုံးဆယ် ပြည့်တော့မယ်။ မင်းတို့ ဆယ့်ရှစ်ဆယ့်ကိုးတွေလို၊ အချစ်ကို မကိုးကွယ်တော့ ဘူးလေ''

ကျွန်တော်က ....,

''ဆယ့်ရှစ်ဆယ့်ကိုးတွေက၊ အချစ်ကို ကိုး ကွယ်တာ မဟုတ်ဘူး။ တကယ်ချစ်တာ။ ဘာ အရောင်မှ မပါဘူး။ အချစ်ရောင်ကလွဲပြီး ဘာ အရောင်မှ မသန်းဘူး ... မမ။

အသက်ကြီးလေ၊ အချစ်ကို ... တခြားအရောင် တွေနဲ့ ဖုံးလေ့ပဲ။ ရိုးရိုးသားသား မချစ်ကြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ရှစ်ဆယ့်ကိုးတွေက အရိုးသားဆုံး ချစ်ကြသူတွေဗျ''

''မင်းနဲ့ စကားနိုင်မလုဘူးနော်၊ မဖြစ်နိုင်ဘူးဆိုတာ၊ ပြောပြတာ၊ ဆုံးပါးသွားတဲ့ ငါ့မောင်တော်ထက် မင်းထက် အသက်ကြီးတယ်။

ငါ့ညီမ အငယ်ဆုံးနဲ့မှ၊ မင်းနဲ့ အရွယ်တူ။ မင်း ... သိပ်ငယ်တယ်။ အသက်ကြီးတဲ့အခါ၊ ဒီအပြုအမူတွေကို။ မင်း, တွေးပြီး ပြန်ရှက်မိလိမ့်မယ်''

''အသက်အရွယ်က၊ စိတ်ခံစားမှုကို ပြောင်းနိုင်လို့လား''

မဲ့ခနဲ ပြုံးလိုက်ဟန်ကြောင့်၊ ကျွန်တော့်မှာ ... ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သွားစေသည်။

''မင်း ... မွေးကင်းစ,တုန်းက၊ အမေဝါးကျွေးတဲ့ ထမင်းကို စားဖူးမှာပေါ့''

''ဟုတ်''

''အခု၊ ဝါးကျွေးတဲ့ ထမင်းကို၊ စားချင်သေးလား''

ကျွန်တော် ... ခေါင်းခါလိုက်သည်။ ထိုအခါ၊ မမက ... ''အသက်အရွယ်ဆိုတာ။ စိတ်ကိုရော ... အစားအသောက်ကိုရော ...၊ အဝတ်အစားကိုရော ...။ အားလုံး ... အားလုံး၊ ပြောင်းပေးနိုင်တယ် ... ကောင်လေးရဲ့'' ... ဟု ရင်နင့်နှစ်လိုဖွယ်သော၊ ဟန်ပန်ဖြင့်လျက်၊ ပြောလေ၏။





အချစ်က ... ဘယ်တော့မှ၊ မပြောင်းလဲတတ်ကြောင်း ပြောပြနိုင်ဖို့၊ ကျွန်တော် ကြိုးပမ်းရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

"မင်းစိတ်တွေအားနေလို့၊ ငါ့အနားကို၊ မင်း ... ရောက်ရောက်လာတာ။ မင်း တက္ကသိုလ်တက်ပြီ ဆိုတာနဲ့၊ စိတ်ရောလူရော မအားတော့ဘူး။

အဲဒီ့အခါ၊ ချစ်တယ် ဆိုတဲ့ မင်းရဲ့စိတ်တွေ၊ အလိုလို လျော့သွားမယ်၊ လူဆိုတာက, ကြီးကြီးငယ်ငယ် စိတ်ကို အလွတ်ပေးထားရင်၊ အာရုံအမျိုးမျိုး ဝင်လာတာပဲ။ မင်း ... သင်တန်းတစ်ခုတက်လိုက်ရင်တောင်၊ ငါ့အပေါ်ထားတဲ့ အာရုံ၊ ပြောင်းသွားနိုင်တယ်"

"မီးများနေရင်၊ ဘယ်ရေမှ မနိုင်ဘူး မမရဲ့။ ကျွန်တော့်ရင်ထဲမှာ အချစ်မီးလောင်နေတာလေ။ ငြိမ်းပေးနိုင်တာဆိုလို့၊ မမရဲ့ မေတ္တာရေပဲ ရှိတယ်။

ဘယ်အာရုံနဲ့ ဘယ်လိုပြောင်းပြောင်း၊ အချစ်



www.burmeseclassic.com

www.burmeseclassic.com



က, လွှမ်းမိုးနေသမျှ ဘာကိုမှ ဂရုစိုက်ဖြစ်မှာ မဟုတ် ဘူး''

မမက ...,

''ရေမှား ရေနိုင်၊ မီးမှား မီးနိုင်ပဲလေ။ ဘဝကို ဘယ်လိုတည်ဆောက်မယ်။ ဘွဲ့တစ်ဘွဲ့ရအောင် ဘယ်လို ကြိုးစားမယ်၊ ပြီးရင် ... မိဘကို ဘယ်လို ကျေးဇူးဆပ်မယ်ဆိုတာမျိုးတွေ၊ မင်း ... စိတ်ထဲမှာ ပြည့်ကျပ်နေအောင် ထည့်ထားရင်၊ အချစ်ဆိုတာ ... အနားတောင် သီခွင့်ရမှာမဟုတ်ဘူး''

''အချစ်စိတ်နဲ့ ကြိုးစားမယ်ဆိုရင်လည်း အရာအားလုံး ပြီးပြည့်စုံသွားနိုင်ပါတယ် ... မမ

မမသာ ကျွန်တော့်ကို ချစ်ကြည့်လိုက် ကျွန်တော့်ရဲ့ ဘဝတည်ဆောက်မှုတွေ၊ အကုန်လုံး ကမ္ဘာကျော်သွားစေရမယ်''

''တော်စမ်းပါ၊ မင်းထွင့်ခေါင်ရယ်။ ငါ ... မချစ်နိုင်ဘူး။ ငါ ... လက်ထပ်ရတော့မှာ။ အေ ...။ လက်ထပ်ဖို့ မရှိဘူးဆိုရင်လည်း၊ ငါ ... မင်းကို မချစ်နိုင်ဘူး။

ဟိုတိုင် ... ဒီတိုင်လည်း၊ ငါ ... မလုပ်ချင် ဘူး။ အချိန်တန်ရင်၊ ပြီးသွားမယ့်ကိစ္စပဲ ... လို





တွေ့ပြီး ... မင်းကို ငါ ... ရေလိုက်ငါးလိုက်စကား ပြောနေတာ။

ငါ ..., ယောက်ျားယူလိုက်ရင်၊ မင်း ... အခုလို လာစောင့်နေလို့ မရတော့ဘူး။ အဲဒီကျရင် တော့ ... ငါ့အနေနဲ့ ပြင်းပြင်းထန်ထန်၊ ဟန့်တား ရမှာပဲ ... မင်းကို''

''မမက ... ယူတော့မှာလား''

''ဟုတ်တယ်။ ယူတော့မှာ။ မင်္ဂလာဆောင် ပြီးရင်တော့၊ ငါလည်း ... ဒီမှာ ရှိတော့မှာ မဟုတ် ဘူး။ အဲဒါကြောင့်၊ မင်း ... အခုကတည်းက၊ ရပ်။ အခုကတည်းက, စိတ်ကိုပြင်။

မင်းနဲ့ တက္ကသိုလ်တက်ရတော့မှာပဲ၊ လမ်းပေါ် မှာ၊ အချိန်ဖြုန်းမနေနဲ့တော့''

လှမ်းလက်စ ခြေလှမ်းများ လေးပင်သွားရ၏။

''ကျွန်တော် ... မမကို အရမ်းချစ်တာကို တော့၊ မမ သိတယ် မဟုတ်လားဟင်''

''ငါ ... အဲဒါတော့ မပြောတတ်ဘူး။ ကလေး ထမင်းဆာတာနဲ့၊ လူကြီး ထမင်းဆာတာ၊ တူသလိုလိုနဲ့၊ မတူဘူးလေ။

ကလေးက, တစ်လုပ် နှစ်လုပ် ခွံ့ကျွေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်၊ အစာအိမ်ကလေးက, ပြည့်သွားရော။ လူကြီးကျတော့ တစ်ပန်းကန် နှစ်ပန်းကန် စားလိုက်မှ အစာပြေကြတာ။

မင်းက ...ကလေးစိတ်နဲ့ ချစ်နေတာကို၊ ငါက ...လူကြီးစိတ်နဲ့ ဘာပြန်ပြောရမှာလဲ။

ဝတ္ထုတွေ ...ရုပ်ရှင်တွေထဲက,လို၊ မမကို ချစ်ရင်၊ စာကြိုးစား ...တို့၊ မမကိုချစ်ရင်·လိမ္မာပါ ...တို့။ ငါ ...မပြောတတ်ဘူး။

ကလေးတစ်ယောက်အဖို့၊ မင်း, ငါ့ကို ဘယ်လိုပဲ ချစ်ချစ်။ ငါ့ရင်ထဲမှာ ဘာမှမဖြစ်တဲ့ အတွက်၊ မင်း ဘယ်လောက်ချစ်တယ်ဆိုတာ၊ ငါ ...ဘာနဲ့မှ ခန့်မှန်းမှာ မဟုတ်ဘူး။

ကလေး အရမ်းဆာတဲ့၊ တစ်လုပ်တစ်ဆုပ်ကိစ္စက၊ လူကြီးအတွက် သရေစာလောက် ရှိတတ်တာကိုး''

''ကျွန်တော် ဘယ်လိုကြိုးစားလို့မှ၊ မရတော့ဘူးလား ...မမ''

''ဟုတ်တယ်၊ မရတော့ဘူး။ လက်ထပ်ရမယ့်သူ ရှိလို့၊ မရတော့တာ မဟုတ်ဘူးနော်။ ရှိရှိ, မရှိရှိ မရနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ ငါက, မင်းကို၊





ချစ်မှ မချစ်တာ။

မင်း မှတ်ချင်တော့ မှတ်ထားလိုက်ပေါ့။ လောက,မှာ ...ကိုယ်ချစ်လည်း၊ မကောင်းဘူး။ သူချစ်လည်း မကောင်းဘူး။ သူချစ်, ကိုယ်ချစ် နှစ်ကိုယ်ချစ်မှ၊ ကောင်းတာ။

ကိုယ်က တစ်ဖတ်သတ်ချစ်နေရရင်လည်း၊ ကိုယ် အောက်ကျတယ်။ သူက ...တစ်ဖက်သတ် ချစ်နေရင်လည်း။ ကိုယ်က, မချစ်တော့၊ အလကားပဲလေ။ ကိုယ်တောင် အနေကြပ်သေးတယ်။

နှစ်ဦးနှစ်ဖက် မျှတ,မှ အချစ်က ..., အရာထင်တတ်တာ။ ငါ ...ပြောတတ်တာတော့ အဲဒီလောက်ပဲ။ မင်း နားလည်သလို ခံစားလိုက်တော့''

''မမနဲ့ နှစ်ကိုယ်ချစ် ချစ်ခွင့်ရတဲ့၊ မမနဲ့လက်ထပ်မယ့်သူရဲ့ နာမည်ကို၊ ကျွန်တော် သိပါရစေ''

''သိဖို့ လိုလို့လား''

''ကိုယ် မအောင်တဲ့ စာမေးပွဲမှာ၊ ဘယ်သူ ပထမရသလဲဆိုတာလောက်တော့၊ သိသင့်တာပေါ့''

''ကိုကျော်စွာဝင်း ...တဲ့။ သဘော်သား။ သက်တူ ရွယ်တူ။ စိတ်တူ ကိုယ်တူ''

''သူချစ် ကိုယ်ချစ်၊ နှစ်ကိုယ်ချစ်ပေါ့နော်...

www.burmeseclassic.com



မမ"

ရှိသဲ့သဲ့ အမေးစကား။ ဖြေဆိုသူကလည်း ခနဲ့တဲ့တဲ့။

"ဒါပေါ့။ လောက,မှာ ဘယ်နေရာဖြစ်ဖြစ် ညီတူညီမျှပဲ ကောင်းတယ်။

မိဘက သားသမီးတွေကို၊ ဘယ်လိုပဲ ချစ်ချစ်၊ သားသမီးတွေက၊ မိဘရဲ့ တန်ဖိုးကိုသိပြီး ပြန်ချစ်မှ ညီတူညီမျှဖြစ်မယ်။ သူချစ်ကိုယ်ချစ် ချစ်ဖြစ်မယ်။

သားသမီးတွေက၊ မိဘကို ဘယ်လိုပဲ တန်ဖိုးထားထား၊ ဘယ်လိုပဲ ချစ်ချစ်၊ မိဘက, သားသမီးတွေရဲ့ ဘဝကို၊ မျှမျှတတ, ပြုစုပျိုးထောင်ပေးနိုင်မှ ညီတူညီမျှ ဖြစ်မယ်။

မိဘနဲ့သားသမီး တူတူညီညီရှိမှ မိသားစုဘဝ သာယာတယ်၊ သားသမီး ဘယ်လောက်လိမ္မာ လိမ္မာ၊ မိဘ,က ပျိုးထောင်ဖို့အားနည်းရင်၊ အလကားပဲ။ မိဘက ဘယ်လောက် ပျိုးထောင် ပျိုးထောင်၊ သားသမီး၊ မလိမ္မာရင် အလကားပဲ။

ဆရာက . . . တပည့်တွေကို၊ ဘယ်လို သင်ပေးပေး၊ တပည့်တွေ မခံယူတတ်ရင် အလကားပဲ။ တပည့်တွေ၊ ဘယ်လိုပဲ ခံယူခံယူ၊ ဆရာက . . . ဝတ်





ကျေတမ်းကျေဆို၊ အလကားပဲ။

ပြည့်ရှင်ဘုရင်ကြီးက, တိုင်းပြည်ကို ဘယ်လို ချစ်ချစ်၊ ပြည်သူပြည်သားတွေက၊ ပြည့်ရှင်ကို၊ မချစ်ရင်, မရိုသေရင်၊ အလကားပဲ၊ တိုင်းပြည်ပြည့်ရှင်က၊ ဘယ်လိုပဲ တော်တော် တတ်တတ်။ တိုင်းပြည်က, မခံယူတတ်ရင်လည်း အလကားပဲ။ ပြည်သူ ပြည်သားတွေ၊ ဘယ်လိုပဲ တော်တော်တတ်တတ်။ ပြည့်ရှင်ဘုရင်က၊ မသိမမြင်တတ်ရင်လည်း အလကားပဲ။ အချည်းနှီးပဲ။

ပြည့်ရှင်နဲ့ပြည်သား၊ ကျောသားရင်သား မခွဲခြားဘဲ၊ တစ်သားတည်းကျမှ၊ တိုင်းပြည်တိုးတက် စည်ပင်တတ်သလိုပဲ၊ တစ်ဦးနဲ့တစ်ဦး၊ သူချစ်ကိုယ်ချစ် နှစ်ကိုယ်ချစ်မှ၊ အချစ်ဆိုတာ ပျိုမျစ်တတ်စမြဲပဲလေ။

မင်းက၊ ယောက်ျားလေးဆိုတော့၊ ဘောလုံးပွဲတွေ ကြည့်ဖူးမှာပေါ့။ ဘောလုံးအသင်းတစ်သင်းမှာ၊ နည်းပြ ဘယ်လောက်တော်တော်၊ ဘောလုံးသမားတွေ ဘယ်လောက်တော်တော်၊ တစ်ဦးနဲ့တစ်ဦး၊ အပေးအယူမျှတမှ၊ အောင်မြင်တတ်တာလေ။ နည်းပြ စီမံခန့်ခွဲတဲ့အတိုင်း၊ ကစားသမားတွေ၊



www.burmeseclassic.com

www.burmeseclassic.com



မလိုက်နာရင်၊ အလကားပဲ။ ကစားသမားတွေ၊ ဘယ်လောက်တော်တော်၊ နည်းပြ စီမံခန့်ခွဲတာ မှားရင်လည်း၊ အလကားပဲ။

ဘယ့်နှယ့်လဲ။ မင်း . . . ငါ့ဆီက၊ ဒီစကားတွေ ကြားရတာ၊ အဆင်ပြေရဲ့လား။ ခံယူနိုင်ရဲ့လား။ လက်ခံရဲ့လား''

''ပင်လယ်သမုဒ္ဒရာတွေ၊ ခန်းခြောက်သွားပြီ . . . လို့၊ မမပြောရင်တောင်။ မမပြောတဲ့စကားမို့၊ ကျွန်တော် လက်ခံယုံကြည်ဖို့ အဆင်သင့်ပါပဲ''

''လက်ခံပြီဆိုရင်၊ ကျင့်သုံးရတယ်။ ပါးစပ်က, လက်ခံတယ်ဆိုပြီး လူက, မကျင့်သုံးရင် လည်း၊ အလကားပဲ၊ အချည်းနှီးပဲ''

''ဝယ်သူမရောက်သေးလို့၊ မဝယ်နိုင်တဲ့ ပစ္စည်းလေးကို၊ မဝယ်နိုင်သေးခင်၊ ငေးကြည့်နေပါရစေဦး မမ။ ပိုင်ရှင်လာမှ၊ ဆိုင်အပြင်ကို၊ ကျွန်တော်၊ ထွက်ပေးပါ့မယ်'' . . . ဟု၊ စကားတန်ဆာဆင်ကာ၊ ကျွန်တော် ပြောလိုက်သည်။ မမက . . . ''ဆိုင်ရှင်က၊ ပိုင်ရှင်ပဲလေ'' . . . ဟု၊ ပြုံးချိုစွာ ပြောလေသည်။ သက်ပြင်းတစ်ချက်သာ၊ ကျွန်တော် ချမိ၏။ နှုတ်စကား ပါးလျခဲ့ပြီ။

ရင်ထဲမှာ မမအကြိုက်၊ ကဗျာတစ်ပုဒ် ဖွဲ့ဖြစ်၏။





သူချစ် ... ကိုယ်ချစ်
နှစ်ကိုယ်ချစ်၍
အချစ် ပျိုးမျစ်ပါစေသော် ...။ ။

www.burmeseclassic.com

## [၉]

သည်နေ့ မနက်၊ မမကို၊ ကျွန်တော် မတွေ့ဖြစ်။

ကျောင်းအပ်ရမည့်နေ့ဖြစ်သဖြင့်၊ သက်ဆိုင်ရာ တက္ကသိုလ်သို့၊ ခပ်စောစောသွားဖြစ်သည်။ ကိစ္စ ဝိစ္စတွေအားလုံးပြီးမှ၊ မမ၏နှံ့အပြန်ကို၊ ဘတ် (စ) ကားဂိတ်မှာ၊ သွားစောင့်မည် . . . ဟု၊ ကြိုတွေးထား၏။

"ငါတို့လည်း လိုက်မယ်" . . . ဟု၊ ရွှေသွေး ပြောသည်။ သက်ဦးက . . . "ဟုတ်တယ်။ ငါတို့ ခပ်လှမ်းလှမ်းက၊ လိုက်မှာပါ" . . . ဟု၊ ဝင်ပြောသည်။ နှစ်ယောက်စလုံးကို၊ ကျွန်တော်၊ လိုက်ခွင့်ပြု၏။ "ဟေးလားဟားလား ပုံစံမျိုး ဖြစ်နေမယ်" . . . ဟု၊ ကျွန်တော် အကြောင်းပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘတ် (စ) ကားပေါ်မှ မမဆင်းလာပြီကို မြင်မြင်ချင်း ကျွန်တော် အနားသို့သွားသည်၊ ပြုံးပြသည်။ မမက, ပြန်မပြုံးပြသော်လည်း မျက်နှာထားမတင်း။

"ကျွန်တော် မနက်က၊ ကျောင်းသွားအပ်နေ
လို့၊ မမကိုတောင်၊ လာ . . . မစောင့်ဖြစ်ဘူး"

ဝမ်းပန်းတနည်း ပြောလိုက်သည်။ မမ၏တုံ့ပြန်စကားက၊ ပို၍ ဝမ်းနည်းစရာ။

"မင်းကို၊ ဘယ်သူက စောင့်ခိုင်းလို့လဲ"

"ကျွန်တော့်ရဲ့ အရာရာကို၊ အချစ်က, စေ
ခိုင်းတာ"

မျက်ခုံးပါးပါးတွန့်ကာ၊ မျက်စောင်းနည်းနည်းထိုးသည်။

"မင်း . . . တော်တော် စကားတတ်တယ်
နော်"

"ကျွန်တော်က၊ စာအုပ်တွေ ဖတ်တယ်။
စာများများဖတ်ရင်၊ စကားများများ တတ်လာတာပဲ၊
အခုနောက်ပိုင်း . . . အချစ်နဲ့ ပတ်သက်တာတွေ ပိုပြီး
ဖတ်ဖြစ်တယ်၊ အချစ်အကြောင်းတွေ ပိုပြီး ပြောတတ်
ချင်လို့"

"ငါ . . ., မင်းကို ဘယ်လိုတားရမလဲ၊ မလို





လားတဲ့သူက၊ မလိုလားဘူးလို့ ပြောနေတာကို၊ မင်း
နားလည်ဖို့ကောင်းတယ်"

"စီးနေတဲ့ရေ၊ ပျံနေတဲ့ . . . ငှက်၊ ရွာနေတဲ့
မိုးကို၊ အလွယ်တကူတော့ တားလို့မရနိုင်ဘူး . . .
မမ"

"စီးနေတဲ့ရေကို ဆည်နဲ့တားမယ်၊ ပျံနေတဲ့
ငှက်ကို သေနတ်နဲ့ ပစ်ချမယ်။ ရွာနေတဲ့ မိုးကို၊
ထီးနဲ့ ကာမယ်။ မရစရာအကြောင်း မရှိဘူး"

"တားဆီးခြင်းကို၊ တားဆီးတဲ့ စကား
တစ်ခွန်း ရှိတယ် . . . မမ၊ အဲဒီ စကားက, တော့၊
မရက်စက်ပါနဲ့ . . . ဆိုတဲ့၊ စကားပဲ။ ကျွန်တော့်ကို
အရမ်း မရက်စက်ပါနဲ့ မမရယ်။ နော်"

"မရက်စက်စေချင်ရင်၊ မနှစ်သက်တာ မလုပ်
ရဘူး"

"အဲဒါကို၊ ကျွန်တော် သိပါတယ်၊ သိတာက
ဦးနှောက်၊ အဲဒီ အသိစိတ်ကို မသိချင်ယောင်ဆောင်
ပြီး၊ ဖြူခွင်းနေတာက . . . နှလုံးသား။

အဲဒီ နှလုံးသားကြောင့်၊ ကျွန်တော့်စိတ်တွေ
ဒုက္ခရောက်နေရတာ။

နောက် တစ်ပတ်လောက်ဆို ကျောင်းဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ရတော့မယ်။ မမတို့ ငယ်ငယ်တုန်းကလို၊ ကံ့ကော်တောမှာ တက်ရမှာမဟုတ်ဘူး။ မြစ်ကူးချောင်းခြား . . . မှာ သွားတက်ရမှာ၊ တစ်နေကုန်၊ တစ်နေခမ်း။

လွမ်းတဲ့ဒဏ်ကိုလည်း၊ ခံရဦးမယ်။ ပင်ပန်းတဲ့ဒဏ်လည်း ခံရဦးမယ်။ ပြီးတော့ . . . ကျောင်းအပြန်နောက်ကျရင်၊ မမဆီကို အမီလာနိုင်မှာမဟုတ်ဘူး။ တွေးလိုက်တိုင်း၊ ကျောင်းတောင်၊ မတက်ချင်တော့ဘူး''

''ဟဲ့။ ငါ့ကို တရားခံမလုပ်နဲ့နော်။ ဒါနဲ့ ဘာမေဂျာလဲ''

''Philosophy''

''ငါ့ . . . ညီမလည်း။ Philosophy၊ သူလည်း . . . အခုမှ ပထမနှစ်တက်ရမှာ''

''မမ ညီမ, ကို၊ ကျွန်တော် မမြင်ဘူးသေးဘူး။ ကျောင်းမှာ . . . သူနဲ့ သူငယ်ချင်းဖြစ်အောင်တော့၊ လုပ်ထားမှ ဖြစ်မယ်။ ဒါမှ သူ့ကို၊ အကူအညီတောင်းပြီး၊ မမဆီကို၊ မှာစရာရှိတာ၊ မှာလို့ရမှာ''

''မင်းထွင့်ခေါင်''

''ဗျာ''

''ငါ . . . မကြာခင်၊ အိမ်ထောင်ပြုတော့မှာ





နော်။ မင်း . . . ပြောတာဆိုတာ ဆင်ခြင်ပါတော့။ ငါ . . . ပြင်းပြင်းထန်ထန် မဟန့်တားချင်ဘူး။ အတတ်နိုင်ဆုံး၊ သိမ်သိမ်မွေ့မွေ့ပဲ၊ နားဝင်အောင်၊ ပြောပြချင်တယ်။ ဒါကို . . . မင်း နားလည်ဖို့ကောင်းပြီ''

''ကျွန်တော်၊ ကျွန်တော် . . . , မမအနားကို မလာဖြစ်တော့အောင်၊ ကြိုးစားပါ့မယ် မမရယ်။ အတတ်နိုင်ဆုံးလည်း၊ မေ့နိုင်အောင်, ကြိုးစားပါ့မယ်။ အခု . . . ကျွန်တော့်ကိုယ်ကျွန်တော်၊ ဟန့်တားဖို့ ခက်နေသေးလို့ပါ'' . . . ဟု၊ ရင်နင့်စွာ ကျွန်တော် . . . ပြောသည်။

''ဟော့ကောင်''

ကားတစ်စီးထိုးရပ်သည်။ လူတစ်ယောက်ပြေးဆင်းလာပြီး၊ ကျွန်တော့်ရင်ဘတ်ကို ဆောင့်တွန်း၏။ ကျွန်တော် ရုတ်တရက်မို့၊ လမ်းပေါ်သို့ ဖင်ထိုင်ကျသွားသည်။ ကမန်းကတန်း ပြန်အထတွင်၊ မမ၏အလန့်တကြား အသံကို ကြားရသည်။

''မောင်။ မောင်။ ဘာလုပ်တာလဲ။ ဘာလုပ်တာလဲ။ အဲဒီလို မလုပ်နဲ့လေ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မတ်တတ်မရပ်နိုင်သေးခင်၊ ကျွန်တော့်မျက်နှာ တစ်ခုလုံး လန်တက်သွားရ၏။ မမ၏ "မောင်" ... ဟု အခေါ်ခံရသူက, မျက်နှာကို ခြေထောက်ဖြင့် ကန်လိုက်ခြင်း ဖြစ်၏။ သူ့ခြေထောက်တွင်၊ Shoe စီးထား၏။ ကျွန်တော့် နှာခေါင်းနှင့် ပါးစပ်တွင်၊ သွေးတွေ နီရဲသွားလေသည်။

"မင်းကို၊ ငါ ... သတိပေးမယ်။ နောက်တစ်ခါ၊ မင်းကို၊ ငါ မတွေ့ချင်ဘူး"

"မောင် ...၊ အဲဒီလောက်မလုပ်ပါနဲ့၊ သူက ... ဟောဟောဟဲ့ရမ်းရမ်းမှ၊ မဟုတ်တာ"

ကျွန်တော် ကြိုးစား၍၊ ထ,ရပ်သည်။ မမက ...,

"မင်းထွင့်ခေါင်း၊ ရန်မဖြစ်နဲ့နော်။ မင်းထွင့်ခေါင်း၊ လမ်းပေါ်မှာနော် ...။ မမ စကားကို နားထောင်နော်"

မမ စကားသံကို၊ နားစွင့်ပြီး၊ ထိုသူ့ကို၊ ကျွန်တော် မျက်တောင်မခတ်ဘဲ ကြည့်လိုက်၏၊ နှာခေါင်းနှင့် ပါးစပ်မှ သွေးများကို လက်ဖနောင့်ဖြင့် ဖိသုတ်လိုက်သည်။

"မောင် ...။ ပြန်တော့၊ သွား ... သွား။ ကားပေါ်တက်"

"ညို ... လိုက်ခဲ့"

"မလိုက်ဘူး။ ဒီလို ... အပြုအမူမျိုးကို၊ ညို





မုန်းတယ်။ ဒီလို ရမ်းကားတာကို၊ ညို ရွံတယ်"

မမ အထိတ်တလန့်ပြောပြီး၊ ငိုလေသည်။

"မောင် ... သွားတော့။ သွားတော့နော်။ ညို ... ဒေါသ, ဖြစ်နေပြီနော်။ သွား ..."

"ညို ... အဲဒီလို မပြောနဲ့လေ။ ဒီကောင် ...၊ ညို့ကို လိုက်နှောင့်ယှက်နေတာ မဟုတ်ဘူးလား။ ကောင်လေးတစ်ယောက် လိုက်နေတယ်ဆိုတာ၊ ဒီကောင် မဟုတ်ဘူးလား"

"လိုက်နေတယ် ... လို့ပြောတာ။ လိုက်နှောင့်ယှက်နေတယ်လို့၊ ပြောတာ မဟုတ်ဘူး"

ပြောပြီး၊ ကျွန်တော့်ကို ငုံကြည့်ကာ၊ မမက,

"မင်းသွင့်ခေါင်း၊ မောင်လေး။ စိတ်ကိုလျှော့နော်။ မမ ... ဝရုန်းသုန်းကား၊ ဘာမှ မမြင်ချင်ဘူး။ မမစကားကို နားထောင်နော်။ မမ တောင်းပန်ပါတယ်နော်"

သွေးတွေကို၊ တစ်ဖန် ဖိသုတ်လိုက်ပြီး၊ ကျွန်တော်က ...

"မမ၊ မမ ရှိနေသမျှ၊ မမ ကျွန်တော့်အနားမှာ ရှိနေသမျှ၊ ကျွန်တော် ... ဘယ်တော့မှ၊ လူရမ်းကား မဖြစ်စေရဘူး။

မမ ... စိတ်အေးအေးထား။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မလုပ်ဘူး''

မမက ... အနီးရှိ ကားတံခါးကို ဆွဲဖွင့်ပြီး ...

''မောင်။ ကားပေါ်တက်တော့။ သွားတော့ အရမ်းရှက်ဖို့ကောင်းတယ်''

''ဘာရှက်စရာလိုလဲ။ မောင့်မှာ လုပ်ပိုင်ခွ မရှိဘူးလား''

''ရမ်းကားတာ ရှက်စရာပေါ့။ ပြီးတော့ ဒီကောင်လေးက, မောင်နဲ့ရွယ်တူလို့လား။ ဟင်''

ထိုသူက, ဘာမျှ ပြန်မပြောဘဲ၊ ကားထဲသို့ ဝင်ထိုင်လိုက်ပြ ကားတံခါးကိုပိတ်သည်။ ကားစက်နှိုးသည်။ ထိုစဉ် ... ကျွန်တော် က သူ့အမည် ... ဟု၊ ယူဆ,ရသော၊ နာမည်ကို၊ လှမ်းခေါ်လိုက် ၏။

''ကိုကျော်စွာဝင်း''

သူ ... ငဲ့ကြည့်၏။

''ခင်ဗျား သတ္တိရှိရင်။ ခင်ဗျားလိပ်စ ကျွန်တော့်ကို ပေးခဲ့''

''နံ့သာကုန်းလမ်း။ အိမ်နံပါတ် (...)''

''ဟုတ်ပြီ။ ကျွန်တော် ... ဒီည ... လာ မယ်''

''ဟဲ့''





မမက, ကျွန်တော့် လက်ကို လှမ်းဆွဲသည်။

''ညီ ... မလိုက်ဘူးလား''

''မလိုက်ဘူး''

ကားကို ဝေါခနဲ မောင်းထွက်သွား၏။ ထွက်ခွင့်မရလိုက်သော၊ ကျွန်တော့် ဒေါသတွေကို၊ ကျွန်တော် ဝေါခနဲ မျိုချလိုက်၏။ လည်ချောင်းတွင်၊ နင်နေသည်။ မျက်နှာတစ်ခုလုံး စုတ်ပြတ်သွားပြီ ထင်ရ၏။

ကျွန်တော့်အပေါ် နှုတ်ခမ်း ပေါက်ပြဲသွားသည်။ ကျွန်တော် ငြိမ်းဆန်သည့်ကြားက၊ ဆေးခန်းသို့ လိုက်ပို့မည် ... ဟု၊ မမ,တတွတ် တွတ် ပြောသည်။

''ကျွန်တော့် ဘာသာ သွားပါ့မယ်''

''မမ ... လိုက်ပို့ပါရစေ။ မမ တာဝန်ပါ''

''မမမှာ တာဝန်မရှိဘူး။ ကျွန်တော့်အပြစ်။ ကျွန်တော့်ဘာသာ ခံမယ်''

''မင်း အိမ်က၊ မေးရင်၊ ဘယ်လိုဖြေမလဲ''

''ရပါတယ်။ လမ်းမ,ပေါ်ထွက်လို့၊ လမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



က ရတဲ့ဒဏ်ရာ။ ဘယ်လိုအကြောင်းပြုပြု။ အိမ်က, ယုံမှာပါ''

မမ စိတ်မကောင်း ဖြစ်သွားဟန်တူသည်။

''ကဲ . . . ဘာပဲဖြစ်ဖြစ်။ မမ, ဆေးခန်းတော့ လိုက်ပို့ပါရစေ''

''ဒါဆိုလည်း၊ ဒီ ဥစ္စာကို၊ မမ . . . ဆွဲခြင်းထဲ ထည့်ထားပေးပါ''

ခါးကြားထဲမှ တစ်ထွာသာသာရှိသည့် အရာဝတ္ထုတစ်ခုကို၊ မမလက်ထဲသို့ ထည့်လိုက်သည်။ ထိုအရာကို မမက ဆွဲဖွင့်ကြည့် သည်။

''ဟယ်''

သုံးမြောင့်သံချွန်ကစ်ချောင်းကို၊ တုတ်ချောင်းသဏ္ဍာန်လုပ် ထားသော၊ လက်နက်ငယ်။

''မင်း . . .။ မင်း, ဒါကို ဆောင်ထားတယ်။ ဟုတ်လား''

''မမ အနားကို လာနေမှတော့၊ အန္တရာယ် တစ်ခုခု ဖြစ်မယ်ဆိုတာ၊ ကျွန်တော် သိပါတယ်။ အဲဒါကြောင့်၊ ဆောင်ထားတာ။

ဒါပေမဲ့ . . ., အန္တရာယ်ပေး, တိုက်ခိုက်တဲ့ သူက၊ မမ . . . ချစ်သူ ဖြစ်နေတယ်။ ပြီးတော့ . . .





အတိုက်အခိုက်ခံရတဲ့ နေရာက၊ မမ ရှေ့မှောက်မှာ။ ပြီးတော့ . . .,

ကျွန်တော့် လက်ရဲဇက်ရဲ အပြုအမူကို၊ မမ မမြင်စေချင်ဘူး။ မမကို အထိတ်တလန့်ဖြစ်အောင်၊ အရက်တကွဲဖြစ်အောင်၊ ကျွန်တော် မလုပ်ရက်ဘူး။

အဲဒါကြောင့်, ကျွန်တော့် လက်နက်ကို၊ မမကို ချစ်တဲ့ ကျွန်တော့် စိတ်နဲ့၊ ထိန်းလိုက်ရတာ''

ဆွဲခြင်းထဲထည့်မည် ပြုပြီးမှ၊ ထို ပစ္စည်းကို၊ ချုံပုတ်များ ရှိရာသို့၊ မမ . . . လွှင့်ပစ်လိုက်သည်။

''ဒါဆို ညကျရင်တော့၊ မင်း . . . , ကျော်စွာ ဝင်းဆီကို သွားဦးမှာပေါ့''

ကျွန်တော် မဖြေ။

''ရန်စ, ရှည်ဦးမှာပေါ့။ ဟုတ်လား''

ကျွန်တော် မတုံ့ပြန်။

''ပြောလေ''

''မမရဲ့ မျက်စိရှေ့မှာ၊ ကျွန်တော် မရမ်းကား ချင်ဘူး။ ကျွန်တော် ဒါပဲ ပြောတတ်တယ်''

''ကဲပါ . . . ဆေးခန်း သွားကြမယ်။ နောက်မှ စကားဆက်ပြော''

မမက . . . သူ့ ပိုက်ဆံအိတ်အတွင်းမှ၊ အစိမ်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါတစ်ထည်ကို ထုတ်ယူသည်။ ပြီးနောက် ကျွန်တော့်ကို ပေး၏။

"ရော့။ ဒါနဲ့ ဖိထား။ နှာခေါင်း၀,မှာ သွေး နည်းနည်းရှိတယ်။ အဲဒါနဲ့ သုတ်လိုက်"

"မမ ... သုတ်ပေး"

မျက်စောင်းတစ်ချက်တော့ ထိုးလိုက်သေးသည်။ ထိုမျက်စောင်းနှင့်အတူ မမ၏ အယုအယကို ကျွန်တော်ရလိုက်၏။ ကျွန်တော့် ဒဏ်ရာတွေကို၊ လက်ကိုင်ပဝါလေးဖြင့်၊ ညင်သာစွာ ဖိတို့ပေးလေ သည်။

ရင်ထဲက ယှိစိမ့်စီးဆင်းနေသော၊ နလုံးသွေးတွေကိုမူ၊ မမ ၏ လက်ကိုင်ပဝါလေးက၊ ခန်းခြောက်ရပ်တန့်စေနိုင်လိမ့်မည် မဟုတ် ချေ။

ရေမြောင်းတစ်ခုအတွင်းသို့ ခြေချော်ကျပြီး၊ မြောင်းပေါ် ဖြင့် ရိုက်ခတ်မိကြောင်း၊ ဆရာ၀န်ကို၊ ကျွန်တော် လိမ်ပြောဖြစ်သည်။

"မောင်နှမလား" ... ဟု၊ ဆရာ၀န်မေးသည်။ "မော အငယ်ဆုံး" ... ဟု၊ မမ ဖြေသည်။ "တော်တော်ဆိုးမယ့် မောင်"





... ဟု၊ ဆရာ၀န် ပြော၏။ "ဟုတ်တယ်။ အရမ်းဆိုးတယ်" ... ဟု၊ မမ ... ရယ်ကာမောကာ ပြောသည်။

အစ်မတစ်ယောက် ... ဟု၊ ခံစားကြည့်ရှုနိုင်ပင်၊ ကျွန်တော့် မှာ၊ ငြိမ်းချမ်းရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

''အိမ်ကို မမ . . ., လိုက်ပို့ဖို့လိုလား''

''ခြေထောက်ကျိုးသွားတာမှ မဟုတ်တာ မမရဲ့။ မိုးချုပ်တော့မယ်။ ခွင့်ပြုရင်၊ မမကိုပဲ၊ ကျွန်တော် လိုက်ပို့ချင်တယ်။ လိုက်ပို့ရင်၊ မမ .. အမေ ဆူမှာလား''

''ဆူစရာလား။ ငါက . . . ဆယ်ကျော်သက် လေးမှ မဟုတ်တာ''

''ဒါဆို၊ အိမ်ရှေ့အထိ လိုက်ပို့ပါရစေ။ နော် . . . မမ'' . . . ဟု၊ ကျွန်တော် မျက်နှာငယ်ငယ်ကို တမင်ပြု၍၊ အခွင့်တောင်း ဖြစ်သည်။ မမက . . .,

''အပေးအယူတစ်ခု၊ လုပ်ချင်တယ်''

''ကျွန်တော်နဲ့လား''

''အင်း''

''ကျော်စွာဝင်းရဲ့ အိမ်ရှေ့ကို၊ မင်း . . .,



www.burmeseclassic.com

www.burmeseclassic.com



ဒီည မသွားရဘူး။ မသွားဘူးလို့ ကတိပေးရင်း မင်းကို၊ မမရဲ့အိမ်ထဲအထိ၊ လိုက်ပို့ခွင့်ပြုမယ်။ ပြီးရင် . . . အမေနဲ့ရော ညီမနဲ့ရော . . .၊ မိတ်ဆက်ပေးမယ်"

"မမ ကျွန်တော့်ကို၊ အခွင့်အရေး ပေးတာက၊ မမရဲ့ချစ်သူ အန္တရာယ်ကင်းဝေးဖို့၊ ခေါ်စာ ပစ်သလိုမျိုးပဲ"

"မင်း . . . ငါ့ကို၊ မစော်ကားနဲ့"

"ကျွန်တော် . . . ဘာကို စော်ကားလို့လဲ"

"ငါ့စေတနာကို စော်ကားတာ။ ဒီည . . .၊ ကျော်စွာဝင်း သေသွားရင်တောင်၊ နင့် . . . အလွန်မဟုတ်ဘူး။ အဲဒါကို၊ ငါ . . .၊ လက်ခံတယ်။

ဒါပေမဲ့ . . .၊ ဟိုက သေသွားရုံနဲ့၊ အရာရာ ပြီးသွားတာမှ မဟုတ်တာ။ နင် . . . ထောင်ကျဦးမယ်။ ငါ့ အဲဒါကို စိုးရိမ်တာ။ ငယ်ငယ်ရွယ်ရွယ်နဲ့၊ နင် . . . လူညွှန့်တုံးသွားမှာစိုးလို့၊ ငါ . . . တားတာ။ ငါ့ကို မစော်ကားနဲ့"

"မမ . . . ကျွန်တော့်အပေါ်၊ အဲဒီ့လောက် စေတနာထားတာမှန်ရင်၊ ကျွန်တော် . . . ဒီဘဝ သေပျော်ပါပြီဗျာ၊ ဒါပေမဲ့ . . .၊ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေတယ်။ ချစ်သူအတွက် မစိုးရိမ်ဘဲ၊ ဘာဖြစ်လို့





ကျွန်တော့်အတွက် စိုးရိမ်ရတာလဲ"

"နင် . . . မြဲမြဲမှတ်ထား မင်းထွဋ်ခေါင်။ မတရား ရက်စက်ကြမ်းကြုတ်မှုရဲ့၊ ဆန့်ကျင်ဘက်မှာ၊ အသိတရားရှိတဲ့သူတိုင်းရဲ့၊ ကရုဏာရှိတယ်၊ အဲဒီ ကရုဏာကြောင့်၊ နင့်ကို၊ ငါ . . . စိတ်ပူနေတာ၊ နင်ကပါ၊ ထပ်ပြီး . . . ကြမ်းကြုတ်ဦးမယ်ဆိုရင်တော့၊ နင့်ကိုလည်း . . . ငါ ရွံသွားမှာ အမှန်ပဲ"

"ကျွန်တော် . . .၊ မမရဲ့ အဲဒီလူကို၊ ကျွန်တော် ချိန်းလိုက်ပြီးပြီ မမ။

ခြိမ်းပြီး မရှာတဲ့မိုးလို၊ ကျွန်တော် မဖြစ်ချင်ဘူး"

"မင်း . . . ထောင်ကျမှ မကြောက်ဘူးလား"

"မကြောက်ဘူး၊ သူတစ်ပါး ဖိနှိပ်တိုက်ခိုက်တာကို၊ ဘယ်လိုမှ မတုံ့ပြန်နိုင်ဘဲ၊ ငြိမ်ခံနေရတဲ့ ဘဝမျိုးကိုပဲ၊ ထောင်ကျမှာထက် ပိုကြောက်တယ်"

"မင်း . . . အခုနက ပြောတော့၊ မမ အရုက်တကွဲဖြစ်အောင်၊ အထိတ်တလန့်ဖြစ်အောင်. မလုပ်ရက်ဘူးဆို"

"ဟုတ်တယ်လေ။ အဲဒါ . . . မမရဲ့ ရှေ့မှောက်မှာ၊ ကျွန်တော့်ရဲ့ ဆင်ခြင်မှုကိုပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဖြေရှင်းရမယ့်ကိစ္စက, ကျွန်တော့် ဘာသာ၊ အကြွေးဆပ်ရမယ့်ကိစ္စ၊ မမနဲ့ မဆိုင်တော့ ဘူး။ မမနာမည်လည်း မထွက်စေရဘူး။ မမနဲ့ လုံးဝ မပတ်သက်ဘူး"

"မပတ်သက်ဘူး ဆိုပေမယ့်၊ ငါ့ကြောင့် ဖြစ် တာလေ။ အနိုင်ကျင့်တဲ့သူက ကြမ်းကြမ်းရမ်းရမ်း အနိုင်ကျင့်၊ ခံရတဲ့သူကလည်း။ လက်တုံ့ပြန်မယ်ဆို တော့၊ ဒီ တိုက်ခိုက်မှုကြီး အဆုံးသတ်ဖို့ ငါ, ဘာလုပ် ပေးရမလဲ"

ကျွန်တော် ခြေစုံရပ်လိုက်သည်။ ပြီးနောက် မမကိုကြည့်ပြီး

"မမ . . . စိုးရိမ်တာ၊ ကျွန်တော် တစ်ယောက် တည်းအတွက် စိုးရိမ်တာလား၊ နှစ်ယောက်စလုံး အတွက်လား"

"မင်း ထောင်ကျမှာကို၊ ငါ စိုးရိမ်တာ။ ခံလည်း ခံလိုက်ရသေးတယ်။ လက်တုံ့ပြန်တော့၊ ထောင်လည်းကျရဦးမယ်ဆိုတာမျိုး၊ မဖြစ်စေချင် ဘူး"

"မမ တကယ်ပြောတာလား"

"အေး။ တကယ်"

"သက်သေပြ"





မမ . . . , ပြုံးလေသည်။

"ဘာပြုံးတာလဲ . . . မမ"

"မင်း . . . , တော်တော်ငယ်သေးတာပဲ။ သက်သေပြနိုင်တဲ့ကိစ္စတိုင်း၊ မှန်တယ် . . . လို့ ထင်နေတတ်တဲ့အရွယ်ပဲ ရှိသေးတာကိုး။ ငါ, မင်းအတွက် တကယ်စိုးရိမ်တာ။ အဲဒါ အမှန်ပဲ။ အဲဒီအမှန်အတွက်၊ သက်သေပြပါမယ် . . . လို့တော့၊ ငါ ကတိမပေးနိုင်ဘူး။ ငါ့ကို ယုံတယ်ဆိုရင်၊ မင်း . . . ငါ့စကားကိုလည်း ယုံကြည်ပေါ့"

"ကျွန်တော်က မမစကားကို လိုက်နာပြီး၊ ဘာမှ မလုပ်တော့ပေမယ့်၊ တစ်ဖက်သားက၊ လာပြီး၊ ရန်မူဦးမယ်ဆိုရင်ကော"

"အဲဒီလိုကိစ္စမျိုးတွေအတွက်၊ ဥပဒေဆိုတာ ရှိနေတာပေါ့။ ဘာမှ မပူနဲ့၊ ဥပဒေရှိတယ်"

ကျွန်တော်က . . .

"အဲဒီ မမရဲ့ ကိုကျော်စွာဝင်းက၊ ကျွန်တော့် အလစ်မှာ ကျွန်တော့်ကို ဓားနဲ့ထိုးသတ်, သွားတယ် ဆိုပါတော့။

ဥပဒေက, အဲဒီ့လူကို၊ အပြစ်ဒဏ်ပဲ ပေးနိုင် မှာ။ သေသွားတဲ့ ကျွန်တော့်ကို၊ ပြန်ရှင်အောင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်မှာ မဟုတ်ဘူး''

''ဥပဒေက၊ လက်လှမ်းမမီမှာကို၊ မင်း . . . စိုးရိမ်နေတာလား''

''လက်လှမ်းမီ မမီ၊ ကျွန်တော် မဝေဖန်တတ်ဘူး။ ရုပ်ရှင်တွေထဲမှာလို၊ လူအသတ်ခံရပြီးမှ၊ ရဲတွေ ရောက်ရောက်လာတတ်တာဟာ၊ အသတ်ခံရမယ့်သူကို၊ ကြိုတင်မကာကွယ်နိုင်ဘူး ဆိုတဲ့ . . . သဘောပဲ။ လူသတ်သမားကို သေဒဏ်စီရင်တာဟာ၊ သူသတ်ခဲ့တဲ့လူကို ပြန်ရှင်အောင်လုပ်ပေးတာတော့ မဟုတ်ဘူး''

''ဒါဆို၊ မင်းက၊ ဘာလုပ်မယ် စိတ်ကူးလဲ''

''ကိုယ့်ကိုယ်ကိုယ်၊ ပိုပြီး ကာကွယ်မယ်။ ဘာကိုမှ အားမကိုးဘူး။ ကိုယ့်တရား . . . ကိုယ်စီရင်မယ်''

''ကဲကဲ။ ငါ မင်းကို စကားနိုင်မလုတော့ဘူး။ ဖြစ်ချင်တာပဲ၊ ပြောတော့မယ်၊ မင်း . . . အိမ်အပြင်မထွက်ဘူးဆိုရင်ပဲ။ မမ . . . စိတ်ချမ်းသာပါပြီ။ ကျန်တာတော့၊ မင်းရဲ့ . . . စီရင်ချက်ကို၊ ကျွန်မက, စောင့်ဆိုင်းနေတယ်လို့ပဲ၊ တွေးပါတော့မယ်။ ဒီည တစ်ညလုံး။ နော် . . . ကိုမင်းထွဋ်ခေါင်''





''ကျွန်တော်၊ မမ စကားကို နားထောင်မှာပါ'' . . . ဟု၊ ပြောလိုက်သည်။

''တော်တော်လိမ္မာတာပဲ'' . . . ဟု၊ မမ ပြော၏။ အပြည့်အဝ ချီးကျူးသော၊ စကားသံမဟုတ်။

ရင်အမော ပြေကာစ, လေသံမျိုး။

''ဒါ . . . က, ငါ့အမေ။ ဒေါ်မြညို။ ဒါက, ငါ့ညီမ . . . ၊ နှင်းလဲ့ဖြူ။ ဟိုဓာတ်ပုံထဲက . . . ငါ့မောင်။ သက္က။ ဆုံးသွားပြီ။

အမေ . . . ၊ ဒါ . . . ဟိုကောင်လေး။ မင်းထွဋ်ခေါင်။ ကျော်စွာဝင်း အနိုင်ကျင့်လိုက်လို့ ထိမိနိုက်မိသွားတယ်။ အခု . . . ဆေးခန်းက, ပြန်လာတာ''

မမက . . . အစ,အဆုံး ပြောပြသည်။ အမေနှင့်ညီမက, မျက်လုံးအဝိုင်းသားဖြင့်၊ နားထောင်ကြ၏။ ''ကျော်စွာဝင်းက၊ ခေတ်ပညာတတ်ပဲ။ ဒီလို ပြုမူဝံ့သလား'' . . . ဟု၊ မိခင်က မေး၏။ ''သမီး အဲဒီလို စရိုက်ကြမ်းကြမ်းကြီးကို တစ်ခါမှ၊ မမြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ဘူး'' ...ဟု၊ မမ ပြောသည်။ နာရီဝက်ခန့် ကြာမြင့်သည်အထိ၊ ကျွန်တော် မျက်နှာမထားတတ်သေး။



[ ၁၁ ]

စိတ်ကို ထိန်းချုပ်ရသော ည တစ်ညသည်၊ အလွန် ရှည်လှ်န်း၏။ ည.တာ ရှည်တယ်ဆိုတာ၊ ဒါမျိုးပဲ ဖြစ်ပေမည်။ ရှေးခေတ်သနတ်ပစ်ကားများထဲကလို၊ ပြိုင်ဘက်နှစ်ယောက် ချိန်းဆိုပြီးမှ၊ ချိန်းဆိုနေရာသို့ မရောက်နိုင်သူ. သွားဖို့ပျက်ကွက်ခဲ့သူပမာ၊ ကိုယ့်ကိုယ်ကိုယ် ခံစားရသည်။

လာမည်ပြောပြီး မလာဝံ့သူ၊ ချိန်းဆိုပြီးမှ ကြောက်ရွံ့လေသူ...ဟု၊ တစ်ဖက်လူ ထင်မှတ်သွားနိုင်သည်။ မျက်နှာပြင်ပေါ်ရှိ ကွဲပြဲနေသည့် ဒဏ်ရာနေရာကို၊ မှန်ကြည့်စရာမလိုဘဲ၊ မည်း၍မည်းမှုဲဆိုက်ထားသည့်ကို, ကျွန်တော် သိသည်။ ဘယ်နည်းနှင့်ဖြစ်ဖြစ်၊ ဘယ်လိုတွေးတွေး၊ လက်တုံ့ပြန်ဖို့ လိုအပ်သော အခြေအနေ ဖြစ်၏။

ဒေါ်သ, စိတ်ကို ဘာနှင့်ထိန်းရမှန်းမသိ။ ရံခါတွင်၊ အချစ်နှင့်ထိန်း၍၊ ရနိုင်သလိုလို ရှိသည်၊ ထိတ်လန့်နေသော သနားစဖွယ်မေ၏ မျက်နှာငယ်လေးသည်၊ ကျွန်တော့် ဒေါသကို၊ ဟန့်တားထိန်းချုပ်နိုင်လေ၏။ ချစ်သူမျက်နှာကို မြင်ယောင်စဉ်၊ ဒေါသနှင့်တကွသော



www.burmeseclassic.com

www.burmeseclassic.com



(အလုံးစုံသော) စိတ်ရိုင်းတို့ လွင့်ပျောက် ပျက်ပြယ်သွားတတ်သ
သို့ ရန်သူကို မြင်ယောင်စဉ်၊ ခန္ဓာအနံ့ ရင်အနံ့သို့ ဒေါသဦးဆော
သော သတ်ဖြတ်တိုက်ခိုက်လိုစိတ်များ၊ တဖွားဖွား, တလိပ်လိ
မြင့်မားတောက်လောင်လာချေသည်။

ဒို့ဟာစိတ်သည် ညကို ရှည်စေ၏။ အငိုက်မိသွားသဖြ
အရှုံးနှင့်ရင်ဆိုင်ရသူသည်၊ နောက်တစ်ဖန် ကြုံတွေ့ခွင့်ရမည
ရင်ဆိုင်တိုက်ပွဲကို၊ ပို၍ လိုလား၏။ ပို၍ မျှော်လင့်၏။ ပို၍ အား
သည်။ မမကို ချစ်သောစိတ်က, ဒဏ်ရာအားလုံးကို သက်သာ
ဒေါသ, အားလုံးကို ပယ်ပျောက်စေနိုင်သော်လည်း အလစ်ဝင်ရော
အတိုက်ခံရသော ကျားနာတစ်ကောင်၏ စိတ်က၊ ဒဏ်ရာအား
ထက်ပို၍ နာတတ်၏၊ ဒေါသ,အားလုံးထက် ပို၍ တောက်လောင်

ထို့ကြောင့် . . . ,

ည,ကို အချိန်အတော်ကြာ ဖြတ်သန်းပြီးမှ၊ အိမ်အပြင်
ကျွန်တော် မည်သူမျှ မသိအောင်၊ တိတ်တဆိတ် ထွက်ခဲ့သည
ည ဆယ့်တစ်နာရီခွဲမျှသာ ရှိသေး၏။ ညဉ့်မနက်သေး။

❀ ❀

"မင်း ဘယ်သွားမလို့လဲ"



## ◘ အလွမ်းမြင့်သီကုံးသည့်အချစ်ကျောက်စာယောင်း ◘

မမနှင့်အတူ၊ မမ၏ ညီမ နှင်းလွဲဖြူကို တွေ့ရ၏။ ရပ်ကွက်
ထိပ်ရှိ မီးကင်းတဲမှ၊ ထွက်လာကြဟန်တူ၏။

"မင်းထွဋ်ခေါင်၊ ဘယ်သွားမလို့လဲ"

ကျွန်တော် မဖြေ။ ကျွန်တော် သွားလိုရာသို့
သာ၊ မျက်နှာမူနေမိသည်။

"မမ တားထားရက်နဲ့၊ တားထားတဲ့အလုပ်
ကို လုပ်ဖို့၊ တားဆီးတဲ့အရပ်ကို သွားဖို့ မင်း . . . ,
ဆုံးဖြတ်လိုက်ပြီလား"

လက်သီးကို၊ တင်းကြပ်စွာ ဆုတ်ထားမိသည်။

"မိုးချုပ်နေပြီ မောင်လေးရယ်။ မင်းကို
စိတ်မချလွန်းလို့ ဒီ . . . ကင်းတဲပေါ်ကနေ၊ မင်းအိမ်
ကို၊ လှမ်းကြည့်နေတာ။ မမ ထင်တဲ့အတိုင်းပဲ။
မင်းက . . . , စိတ်မချရဘဲကိုး"

"ကျွန်တော် ရန် ခဏခဏဖြစ်ဖူးတယ် . . .
မမ။ တစ်ခါမှ မခံရဖူးဘူး။

ညနေက, . . . ။ အနားမှာ မမရှိနေလို့
ကျွန်တော် အရှုံးပေးလိုက်မိတာ။

ဘယ်တော့မှ ကျွန်တော် မရှုံးချင်ဘူး။ ရစရာ
ရှိတဲ့ အကြွေးကို ရအောင်ယူနိုင်တဲ့လူ၊ ပေးစရာရှိသဲ့
အကြွေးကို ကြေအောင်ပေးရဲတဲ့လူပဲ ဖြစ်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်ရင်၊ မမ . . . မသိချင်ယောင်ဆောင်ပေးပါလားဗျာ။ နားနဲ့မနာ၊ ဖဝါးနဲ့နာပေးပါ။ ခွေးကိုက်ခံရတဲ့ လူက၊ ကိုက်တဲ့ခွေးကို၊ သတ်ဖို့ကြိုးစားတာ၊ မှားလို့လား''

''ခွေးနဲ့ပြိုင်ကိုက်ရင်၊ အဲဒီသတ္တဝါ၊ ဘယ်လိုသတ္တဝါပဲဖြစ်ဖြစ်၊ ခွေးနဲ့အဆင့်အတန်း အတူတူပဲ။

မင်းက, စကားကြမ်းကြမ်း ပြောတော့၊ မမက,လည်း စကားကြမ်းကြမ်းပဲ ပြောမယ်။ မမက။ မင်းကို၊ ခွေးနဲ့ ပြိုင်မကိုက်စေချင်လို့ လာတားနေတာ။

မင်းကိုယ်နှိုက်က၊ ခွေးနဲ့ဖက်ကိုက်ချင်နေတာဆိုရင်တော့၊ မင်းနဲ့ငါ . . . စကားပြောတာ, ဒါ . . . နောက်ဆုံးပဲပေါ့ . . . မင်းထွင့်ခေါင်ရယ်''

''ကျွန်တော် အဲဒီလိုတော့၊ မဖြစ်စေချင်ပါဘူး . . . မမ''

''အဲဒီလို မဖြစ်စေချင်ရင်၊ အဲဒီလိုဖြစ်မယ့်ကိစ္စကို၊ မင်း . . . မလုပ်နဲ့ပေါ့။

ငါ့,စကားကို မလိုက်နာတာဟာ၊ ငါ့ကို မလိုလားတာနဲ့ အတူတူပဲ''

ကျွန်တော်က . . . ,

''အဲဒီလိုတော့ မဟုတ်ပါဘူး။ မမရှေ့မှာ၊ မမ





မကြိုက်တာ၊ မနှစ်မြို့တာ၊ မလုပ်ချင်လို့၊ အခုမှ၊ မမ . . . မသိမမြင်နိုင်တဲ့အချိန်ကို ရွေးပြီး . . . လုပ်မှာ''

မမက, လက်ကာပြီး . . .

''အဲဒါ . . . ရှေ့တစ်မျိုး နောက်ကွယ်တစ်မျိုးလုပ်တာပဲ၊ အဲဒါ . . . ခပ်ညံ့ညံ့တိုင်းပြည်က၊ ခပ်တုံးတုံးဘုရင်ရဲ့၊ မင်းညီမင်းသားတွေ၊ ဝန်မင်းတွေ၊ သူကြီးတွေ လုပ်တတ်ကြတဲ့ အပြုအမူပဲ။

တကယ်တန်ဖိုးထားတယ်ဆိုရင်၊ ရှေ့နောက်မှာရော၊ မျက်ကွယ်မှာရော၊ တစ်သွေး,တစ်သံ, တစ်မိန့်ပဲလေ။ ဒါ . . . မလုပ်နဲ့ . . . ဆိုရင်၊ မှာတဲ့သူက, သေသွားခဲ့ရင်တောင်၊ ကျန်ရစ်ခဲ့သူက, သူ့တစ်သက်လုံး လုံးဝ . . . မလုပ်တဲ့၊ လိုက်နာ ဆောင်ရွက်မှ၊ အဲဒါ . . . တကယ်တန်ဖိုးထားရာ ရောက်တယ်။

အခု . . . မင်းက၊ မမကို တကယ်တန်ဖိုးမထားလို့၊ နောက်ကွယ်ပြီဆိုတာနဲ့၊ မင်းလုပ်ချင်ရာလုပ်ဖို့ ဆိုင်းပြင်းတော့တာပေါ့''

''မမကို၊ ကျွန်တော် တန်ဖိုးထားပါတယ်။ ဒါပေမဲ့ . . . ကျွန်တော်၊ ဒေါသကို မထိန်းနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မမပဲ စဉ်းစားကြည့်လေ။ ကျွန်တော်က . . . ခံလိုက်ရတာ။ မမ ရှေ့မှောက်မှာ၊ ကျွန်တော့်မှာ . . . လက်နဲ့ ရွယ်ခွင့်တောင် မရှိလိုက်ဘူး"

"မင်း . . . ခံရတာကို၊ မစာနာလို့ လာတာတာ မဟုတ်ဘူး။ ခုန ပြောသလိုပဲ၊ မင်းကို၊ ခွေးနဲ့ ပြိုင်မကိုက်စေချင်လို့။ မင်းက . . . ခွေးဖြစ်ချင်လို့ လား"

ကျွန်တော် . . . ခေါင်းယမ်းပြလိုက်သည်။

"အေး၊ ခွေးမဖြစ်ချင်ရင်၊ ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်သွားတတ်တဲ့၊ ဆင့်တစ်ကောင်လိုနေ။ တင့်တယ် . . . တဲ့ ဆင်ဟာ၊ နောက်က လိုက်ဟောင်တတ်တဲ့ ခွေးကို၊ တစ်ချက်မှ လှည့်ကြည့်လေ့ မရှိဘူး။ ခွေးခွေးချင်းက တော့ ကိုက်ကြမှာပေါ့ ကွယ်"

စကားသံတို့တွင်၊ ငိုသံပါနေသည် . . . ဟု၊ ကျွန်တော် သတိပြုမိလာသည်။ ဒီ . . . ည၊ မီးမပျက်သေးသဖြင့်၊ လမ်းမီး၏ အလင်းရောင်မှုန်မှုန်အောက်တွင် မမ၏မျက်ဝန်းမှ၊ မျက်ရည်ရောင်ကို၊ တွေ့၏။

"ဖွက်ရှိတဲ့နေရာသွားရင်၊ ဖွက်ပေမယ်။ ပန်းရှိတဲ့နေရာသွားရင်၊ ပန်းရနံ့ရမယ်။ ခွေးရှိတဲ့နေရာ





သွားရင်၊ ခွေးကိုက်ခံရမယ်။ ဒါမှ . . . မဟုတ်၊ ခွေးနဲ့ ပြိုင်ကိုက်ရမယ်။ လူမိုက်ရှိတဲ့အရပ်ကို သွားရင်၊ လူမိုက်နဲ့ တွေ့မယ်။ လူမိုက်နဲ့ ပြိုင်မိုက်ရလိမ့်မယ်။ မင်းကို၊ လူလိမ္မာလေး ဖြစ်စေချင်တယ် မင်းထွန်းခေါင်"

မမ၏ညိုမြဖြစ်သူ၊ နှင်းလဲ့ဖြူကို၊ ကျွန်တော် တစ်ချက်မျှ ကြည့်ပြီးနောက် . . .,

"ကိုကျော်စွာဝင်းက၊ လူမိုက်လား . . . မမ"

"ခေတ်ပညာ ဘယ်လောက်တတ်တတ်။ ဘယ်လောက်ရာထူးဂုဏ်ရှိန်ကြီးကြီး။ ရက်စက်ကြမ်းကြုတ်တဲ့ စရိုက်ရှိရင်၊ အဲဒါ . . . လူမိုက်ပဲ။

မင်းက, ငယ်သေးတယ်။ ပြင်ဖို့ အချိန်ရသေးတယ်။ ပြင်ခွင့်ရှိသေးတယ်။

လူငယ်ဆိုတာ၊ ဘာမှ မထည့်ရသေးတဲ့ ခွက်တစ်ခွက်ပဲ။ ရွှေထည့်ရင်၊ ရွှေခွက်ဖြစ်မယ်။ ရွှံ့ထည့်ရင် ရွှံ့ခွက်ဖြစ်မယ်။

ကျော်စွာဝင်းဆိုတဲ့ လူက, တော့၊ သူ့ရွှေခွက်ထဲမှာ၊ ရွှံ့ဖွက်ထည့်ပြီး၊ မင်းကို ရွှံ့နဲ့ပက်လိုက်ပြီ။ မင်း ရွှံ့ပေသွားပြီ၊ ကိုယ့်ဘာသာ ရေချိုးလိုက်ပါလား . . . မောင်လေးရယ်။ ဘာဖြစ်လို့ မစင်ကို လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး၊ ပြန်ပေါက်ချင်ရတာလဲ''

''မမက၊ ဘာဖြစ်လို့၊ ကိုကျော်စွာဝင်းဘက်က, မရပ်တာလဲ''

''လူကြီးနဲ့လူငယ် ပြဿနာဖြစ်ရင်၊ လူငယ်တွေက မှားတတ်ကြတယ်။ လူကြီးတွေက ... ရက်စက်တတ်ကြတယ်၊ အဲဒါကြောင့်, မင်းဘက်က၊ မမ ... လာရပ်တာပေါ့။ လူကြီးစစ်စစ်ဆိုရင်၊ ကိုယ်ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေကို အသုံးပြုပြီး၊ လူငယ်ကို အနိုင်မကျင့်ဘူး။ လူငယ်ဆိုတာ၊ ဘယ်လောက်တော်တော် ... ဘယ်လောက်ညံ့ညံ့၊ ဘယ်လောက်မှန်မှန်၊ ဘယ်လောက်မှားမှား။ အတွေ့အကြုံ နုနယ်သေးတယ်။

နုနယ်သူကို၊ ရင့်ကျက်သူက မရက်စက်ရဘူး။ ငါတောင် ... မင်းကို ပါးရိုက်ခဲ့ဖူးတယ်။ အဲဒါ ... လူကြီးစိတ်နဲ့ရိုက်တာ မဟုတ်ဘူး။ မိန်းမသားစိတ်နဲ့ ရိုက်တာ။ အဲဒါကိုလည်း ... မမ ... တစ်ခါတည်း၊ တောင်းပန်ပါတယ်။ နော်''

''ကျွန်တော့် စိတ်ထဲမှာ၊ မရှိပါဘူး မမရယ်၊ တောင်းပန်စရာ မလိုပါဘူး''

''အခု ... မင်းထွက်တာလာ၊ မင်းအိမ်က၊





ဘယ်သူသိလဲ''

''ဘယ်သူမှ၊ မသိဘူး။ အိပ်ကုန်ကြပြီ''

''ဒီ ... ဒဏ်ရာတွေကိုရော၊ မင်း ဘယ်လို အကြောင်းပြလဲ''

''ရန်ဖြစ်လာတာ ... လို့ ပြောလိုက်တယ်''

''ပြောတော့ ...''

''အစ်ကိုက၊ ကောင်းတယ် ... တဲ့၊ အဖေက ... ကလေကချေ ... တဲ့။ အမေကတော့ ... ဒုက္ခပါပဲ ... တဲ့။ နောက်ထပ် အစ်ကိုလတ်တစ်ယောက်က၊ ဘယ်ကောင်နဲ့ ဖြစ်တာလဲ ... တဲ့။ မင်း ... ပြန်မချဘူးလား ... တဲ့၊ ပြန်ချမှာ ... လို့၊ ကျွန်တော် ပြောလိုက်တယ်''

''ဟယ်၊ ဒုက္ခပဲ၊ မင်းက, တကယ့်ပစ်စလက်ခတ်လေးပါလား။ မင်း ... မိသားစုက, ဘာလုပ်လဲ''

''သိမ်ကြီးဈေးမှာ၊ ဆိုင်တစ်ဆိုင်ဖွင့်ထားတယ်၊ အဲဒီမှာပဲ ရောင်းကြချကြပေါ့။ ကျွန်တော် ကျောင်းပြီးရင်လည်း၊ အဲဒီဆိုင်မှာပဲ ... အရောင်းအဝယ်လုပ်ရမှာ''

''သြော် ...။ အလုပ်ငွေ့ ပိနေတဲ့ မိသားစုကိုး'' ... ဟု၊ မမ ငြီးတွားသည်။ ''ဟုတ်တယ်'' ... ဟု၊ ကျွန်တော် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်၊ မမက ...,

“မင်းအိမ်ကို၊ မမ ... လိုက်ပို့ရမလား”

ကျွန်တော် ခေါင်းခါလိုက်သည်။

“မင်း နောက်ကျောမှာ၊ အစွန်အတက်တစ်ခု ခု ပါလာသေးလား”

ကျွန်တော် မဖြေ။

“ရက်စက်ကြမ်းကြုတ်သတ်ဖြတ်တဲ့ အပြု အမူဟာ၊ သားရဲတိရစ္ဆာန်တွေရဲ့ အကျင့်စရိုက်နော်။ အဲဒါကို၊ မင်း ... ခေါင်းထဲမှာ၊ သေသေချာချာ မှတ်ထားပါ။ လူဆိုတာ တိရစ္ဆာန်အကျင့်စရိုက်ကို၊ လုံးဝ ... မပြုမူသင့်ဘူး။

အခု ... မိုးချုပ်နေပြီ။ မိန်းမသားတန်မဲ့၊ ဒီ ... နေရာမှာ၊ ညကြီးမင်းကြီး မင်းကိုလာစောင့်နေ ရတာ၊ မင်း ... အားမနာဘူးလား”

“အားနာပါတယ်”

“အားနာရင်၊ အိမ်ပြန်တော့။ မင်းကို၊ မမ ... တစ်ခါတည်း ပြောလိုက်မယ်။ မင်း ... မြဲမြဲ မှတ်ထား။ ကမ္ဘာပေါ်မှာ မမ အမုန်းဆုံးက၊ ရက်စက် ကြမ်းကြုတ်မှုပဲ၊ ရင်ထဲ ... အသည်းထဲ ... နှလုံး သားထဲ့ကကို၊ မုန်းတာနော်။





အဲဒီ ... ရက်စက်ကြမ်းကြုတ်တဲ့အလုပ်ကို၊ မင်း ... မလုပ်ပါနဲ့။ မမ ... တောင်းပန်ပါတယ်။ မနက်ဖြန် တစ်နေ့လုံး၊ မင်း ... အိမ်မှာနေပေးပါ။ မင်းအိမ်ကို၊ မမ ... လာခဲ့မယ်။ လာလို့ရတယ် မဟုတ်လား”

“ရတယ်”

“တစ်နေ့လုံး အိမ်မှာနေ။ မမ ... မင်းကို လာခေါ်မယ်။ အပြင် လုံးဝ မထွက်နဲ့။ နော်”

“ဟုတ်ကဲ့”

“ဒါဆို။ အိမ်ထဲကို သွားတော့”

“မမကို၊ ကျွန်တော် လိုက်ပို့မယ်လေ”

“ရတယ်၊ မပို့နဲ့တော့။ ညီမလေး ပါတယ်။ မင်းသာ ...၊ မမစကားကို နားထောင်ပါ”

“ဟုတ်ကဲ့ပါ။ ကျွန်တော် အိမ်ပြန်မှာပါ။ မနက်ဖြန် ... ကျွန်တော် အိမ်မှာပဲ၊ နေပါ့မယ်။ အခုလည်း ... ဘယ်မှ မသွားတော့ပါဘူး”

“စိတ်ချမယ်နော်”

“စိတ်ချပါ”

“အိပ်ရာဝင်ရင်။ ဂေါတမမြတ်စွာဘုရားမှာ၊ ငါ့လို ဒေါသ့မျိုးတွေ၊ ရှိနိုင်သလား ... လို့ တွေးပြီး

www.burmeseclassic.com



အိပ်နော်''

''ဟုတ်ကဲ့''

မီးကင်းတဲမှ၊ ဆယ့်နှစ်နာရီ သံချောင်းခေါက်သံ ကြားလိုက်ရ၏။ မမကို၊ ကျွန်တော် တကယ်အားနာသွားသည်။

* * * *



## [ ၁၂ ]

မမ မှာသည့်အတိုင်း ...

''ဂေါတမမြတ်စွာဘုရားမှာ၊ ငါ့လို ဒေါသမျိုးတွေ ရှိနိုင်သလား'' ...ဟု၊ တွေးပြီး၊ ကျွန်တော် အိပ်ဖို့ပြင်သည်။ ကျွန်တော် ကြားဖူးနားဝ ရှိသလောက်၊ ဂေါတမ မြတ်စွာဘုရား၏ ဖြစ်တော်စဉ် ဆက်လျှောက်၍၊ ဒေါသ ...ဟူ၍ မရှိ ...ဟု၊ သိရပေသည်။ ထိုအသိဖြင့်၊ ''ငါ့လို ဒေါသမျိုး ဂေါတမမြတ်စွာဘုရားမှာ မရှိပါလား'' ...ဟု၊ တွေးရင်း ...တွေးရင်း ...၊ ကျွန်တော့် ဒေါသ,တွေ၊ ဖြည်းဖြည်း လျော့ပါးသွားပြီး၊ ကျွန်တော် အိပ်ပျော်သွားခဲ့သည်။

ဘုရားအကြောင်း တွေးနေရုံဖြင့်၊ ဒေါသ, စိတ်တွေ ငြိမ်းအေးတတ်သကဲ့သို့၊ ကျွန်တော် ခံစားရသည်။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ နှစ်မနှစ်သက်သူ ...စသော ရန်သူမျိုး ငါးပါးတို့အကြောင်း၊ တွေးသော ဒေါသ, သင့်နေမည့်အစား၊ ဘုရားအကြောင်း တွေးတောနေသင့်တာပါလား ...ဟု၊ ကျွန်တော် သိခွင့်ရလေပြီ။

* *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးကို ဖွင့်လိုက်သည်နှင့်၊ မမ၏ညီမ, နှင်းလဲ့ဖြူကို တွေ့ရ၏။

"ကော်ဖီနဲ့ မုန့်နဲ့ လာပို့တာ။ ဆေးသောက်ပ်ပြီးတော့ ...၊ မမညီ့က မှာလိုက်တယ်။ တစ်နေ့ လုံး ဘယ်မှ မသွားပါနဲ့ ...တဲ့"

ကျွန်တော်က ...၊

"မုန့်တော့ စားလို့ရမှာ မဟုတ်ဘူး။ ကော်ဖီ တောင်၊ ပိုက်နဲ့ စုပ်ရမယ်ထင်တယ်"

"မသက်သာဘူးလား"

"ဆေးပတ်လည်ရင်တော့ သက်သာမှာပေါ့ နှုတ်ခမ်းက, ပိုယောင်လာတယ်။ ပါးစပ်ဟ,လို့ မ ဘူး"

"ဇါ ... ဘာလုပ်ပေးရမလဲ။ ဆေးထည့်ပေ ရမလား"

"ရတယ်။ ငါ့ဘာသာထည့်မယ်။ မမ,ရုံးသွား ပြီလား"

"သွားပြီထင်တယ်။ မနက်အစောကြီးထဲက သွားတာ။ ကိုကျော်စွာဝင်း အိမ်ကို ဝင်ဦးမယ် ထ





တယ်"

"ဘာသွားလုပ်တာလဲ" ...ဟု၊ မေးမည်ပြုပြီးမှ၊ မမေးအပ်သောစကား ...ဟု၊ တွေးမိပြီး၊ နှုတ်ဆိတ်နေလိုက်သည်။

"မမညီ့ တော်တော်စိတ်ဆိုးနေတာဟ"

"ငါ့ကိုလား"

"မဟုတ်ဘူး။ သူ့လူကို စိတ်ဆိုးတာ။ ညက, အိမ်ပြန်တော့၊ မမညီ့ ငိုတယ်"

"ဘာဖြစ်လို့ငိုတာလဲ"

"နင့်ကို သနားလို့ ငိုတာနေမှာပေါ့။ ပြီးတော့၊ ကိုသက်ကို သတိရသွားလို့လည်း ဖြစ်နိုင်တယ်"

"ကိုသက်ဆိုတာ"

"ဆုံးသွားတဲ့ ငါ့အစ်ကိုကို ပြောတာ"

"သတိရစရာ တိုက်ဆိုင်မှု ရှိလို့လား"

"ရှိတာပေါ့။ ကိုသက်က, ရန်ဖြစ်ရင်း ... ဓားထိုးခံရတာ"

"ဪ"

ကျွန်တော် စိတ်မကောင်း ဖြစ်ရသည်။

"ဒါကြောင့်၊ ငါ့ကို အရမ်းတားတာကိုး"

"ဟုတ်တယ်၊ ပြီးတော့ ...၊ နင် ...သူ့စကားကို နားထောင်လို့၊ ...တဲ့။ မမညီ့ တော်



www.burmeseclassic.com

www.burmeseclassic.com



တော် စိတ်အေးသွားပုံရတယ်။ ကိုကျော်စွာဝင်းကို

တော့၊ တစ်ခုခုလုပ်လိမ့်မယ် ထင်တယ်''

ကျွန်တော် ခေတ္တ၊ ငြိမ်သက်နေမိသည်။ ပြီးမှ ...

''ငါ့ကြောင့်၊ သူတို့ ပြဿနာမတက်စေချင်

ဘူး''

''ပြဿနာတော့ တက်လိမ့်မယ်ထင်တယ်''

''ငါ ... ဘာလုပ်ပေးရင်ကောင်းမလဲ''

''ဘာမှမလုပ်နဲ့။ မမညို ပြောတဲ့အတိုင်း

နေ။ ညနေ ဆေးခန်းသွားဖို့ လာခေါ်လိမ့်မယ်။ နှ

ကို ဆေးထည့်ပေးဖို့လည်း ငါ့ကို မှာထားတယ်''

''ရပါတယ် ... ငါ့ဘာသာ ထည့်ပါ့မယ်''

''နှင့်ဘာသာ ထည့်ချင်ရင်၊ နေ့ခင်းမှ ထည့်

အခု ..., ငါ ထည့်ပေးသွားမယ်။ ဆေးဘူးယူပေး

သောက်ဆေးကို၊ ကျွန်တော် ခက်ခက်ခဲခဲသောက်ရသည်

နှင်းလဲ့ဖြူက, ဆေးထည့်ပေးပေး

''နှင့်အိမ်က လူတွေက၊ နှင့်ကို ဂရုမစိုက်

ကြဘူးလား''

''စိုက်ပါတယ်။ ဘာဖြစ်လို့လဲ''

''ဒီလောက် ထိခိုက်ဒဏ်ရာရလာတာ

ဖျေးကြီးသုတ်ဖျာ မရှိကြသလိုပဲ''





ကျွန်တော်က ...,

''ငါက ... ရန်ဖြစ်နေကျ။ တစ်ခါမှ,တော့ မရှုံးဖူးဘူး။ ဒီလောက်လည်း၊ မခံခဲ့ရဖူးဘူး။ ထိမိ ခိုက်မိတာတွေတော့ ရှိခဲ့တာပေါ့။

ဒါပေမဲ့ ..., ငါတို့အိမ်မှာက၊ ပြုစုတူးဖျာတာ မရှိဘူး။ ငါကလည်း၊ အသေးစိတ် ပြောပြတာ မရှိသလို၊ သူတို့ကလည်း နှိုက်နှိုက်ချွတ်ချွတ် စစ်လား ဆေးလား မလုပ်ဘူး။

အိပ်ရာနိုးရင်၊ မုန့်ဖိုးထားခဲ့တယ်။ ဆိုင်ကို သွားကြတယ်။ ထမင်းဟင်း၊ ချက်ပေးထားခဲ့တယ်။ လိုတာရှိရင် ညဖက်ပြော။ မနက်ကျရင်၊ စားပွဲပေါ် တင်ပေးသွားတာပဲ။ ငါက,တော့၊ ဂရုစိုက်တယ် ထင်တာပဲ''

နှင်းလဲ့ဖြူက, ဆေးဘူးအဖုံးကို ပိတ်ပြီး ...

''အဲဒါ ... ဂရုစိုက်တာမှ မဟုတ်တာ။ ပစ်စသက်ခတ်ကြီး''

''ဟုတ်လား။ ငါ မသိဘူး။ ငါသိတာက, ထမင်းစားမယ်။ မုန့်ဖိုးယူမယ်။ ကျောင်းသွားမယ်။ ဒါပဲ သိတာ။

စာမေးပွဲကျလည်း၊ အသုံးမကျဘူး။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



. . . ညာ၊ တစ်ခွန်းနှစ်ခွန်း ပြောကြဆိုကြတယ်။ ပြီးတော့ ဆက်ဖြေနိုင်းတယ်။

ဆယ်တန်းကို၊ ငါ . . . သုံးခါ ဖြေရတာ။ အောင်တော့လည်း၊ အောင်သလိုပေါ့။ တက္ကသိုလ် ဆက်တက်ခိုင်းတယ်''

နှင်းလဲ့ဖြူက . . . ,

''ငါက၊ တစ်နှစ်တစ်တန်းအောင်တာ''

''ဒါဆို၊ နှင်က . . . ငါ့ထက် ငယ်တာပေါ့''

''ဟုတ်တယ်။ နှစ်နှစ်လောက်ငယ်မယ်။ မမညိုက, ငါ့ထက် ဆယ့်နှစ်နှစ်ကြီးတာ''

''ဒါဆို။ ငါ့ထက် ဆယ်နှစ်လောက်ကြီးမှာ ပေါ့နော်''

''နှင်က . . . မမညိုကို ကြိုက်နေတာလား''

ကျွန်တော် ချက်ချင်း မဖြေ။ အတန်ကြာမှ . . .

''ကြိုက်တာ မဟုတ်ဘူး။ မမက . . . ၊ ဟို . . . ကျေးဇူးရှိတယ်လေ။ ငါက . . . အဲဒါကို ချစ်တာ''

''အိမ်မှာတော့၊ အမေ့ကို ပြောပြောနေတာ ကြားတယ်၊ ကောင်လေးတစ်ယောက် လိုက်လိုက်နေတယ် . . . တဲ့။ ရယ်ရယ်မောမောနဲ့ ပြောတာ။

သူ့မှာ . . . ကိုကျော်စွာဝင်း ရှိတာ၊ နှင်, မယ်





ဘူးလား''

''ရှိတယ်ဆိုတာတော့ သိတယ်။ မနေ့က,မှ မြင်ဖူးတာ။ မြင်မြင်ချင်း၊ ငါ . . . ခံလိုက်ရတာပဲ''

''နှင် . . . ဘာမှ ပြန်မလုပ်လိုက်ရဘူးပေါ့''

''မလုပ်လိုက်ရဘူး။ အနားမှာ၊ မမ ရှိနေတာ၊ မမရှေ့မှာ၊ ငါ . . . ပြန်မလုပ်ရဲဘူး။ အဲဒါကြောင့်, ညကျရင်လာခဲ့မယ်လို့၊ ငါ . . . ပြောလိုက်တာ။

ညက,ိ သွားမလို့။ အခုတော့၊ မသွားချင်တော့ဘူး။ မမ . . . အရှမ်းတားနေတာကို၊ ငါ . . . မဆန့်ကျင်ချင်ဘူး''

''ငါလည်း၊ နှင့်ကို တားချင်တယ်ဟ။ ရန် မဖြစ်ပါနဲ့။ ငါ့အစ်ကိုလို အဖြစ်ဆိုးမှာ၊ ငါ . . . မလိုလားဘူး။ ပြီးတော့ . . . မမညိုက၊ အရှမ်းသနားဖို့ ကောင်းတာ။ ရန်ဖြစ်တာကိုမြင်ရင်၊ သူ . . . အရှမ်း ကြောက်တယ်။ ပြီးတော့၊ သူနဲ့ ဆိုင်ဆိုင်မဆိုင်ဆိုင်၊ ငိုတော့တာပဲ။ စိတ္တဇလို ဖြစ်သွားတာ။

ဘယ်မှာ၊ ရန်ဖြစ်တာကို တွေ့တွေ့။ ရန်ဖြစ် နေပြီ၊ ရန်ဖြစ်နေပြီ ပြောပြီး၊ ထိုင်ငိုတော့တာပဲ''

''အေးဟာ၊ ငါ . . . မဖြစ်တော့ပါဘူး''

''မဖြစ်တာပဲ ကောင်းပါတယ်။ နှင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှ မသွားနဲ့နော်။ အိမ်မှာပဲနေ။ ငါ . . . ပြန်တော့မယ်။ ညနေ . . . မမညို လာခေါ်လိမ့်မယ်''

''ဟိုနား ဒီနားသွားလို့ မရဘူးလား။ ငါ့သူငယ်ချင်းတွေ၊ ငါ ရန်ဖြစ်တာ မသိသေးဘူး။ သူတို့ဆီ သွားမလို့''

''ဘာလဲ . . .၊ နင်က၊ အုပ်စုဖွဲ့ပြီး ထပ်ဖြစ်ဦးမလို့လား''

''မဖြစ်ပါဘူး။ အကျိုးအကြောင်း ပြောပြရုံတင်ပါ''

''နင် . . . မသွားရင်၊ သူတို့လာမှာပေါ့။ အပြင်မထွက်ပါနဲ့ဆို''

''အေး။ ပြီးရော . . . ပြီးရော'' . . . ဟု၊ ကျွန်တော် ပြောလိုက်သည်။ ''တကယ်နော်'' . . . ဟု၊ နှင်းလဲ့ဖြူ မေးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။



[ ၁၇ ]

''နင်က၊ နိုင်ငံခြားသဘောလိုက်ပြီ။ နိုင်ငံခြား ဆန်ဆန် မိုက်ရိုင်းလိုက်တာလား''

''ညို၊ မောင့်ကို နင်တွေ, ငါတွေနဲ့ မပြောပါနဲ့''

''ပြောမယ်၊ နင့်ကို၊ ငါ . . . မောင် . . . လို့လည်း မခေါ်နိုင်တော့ဘူး၊ ပတ်လည်း မပတ်သက်တော့ဘူး''

''ညို . . . အဲဒီလို မပြောနဲ့လေ၊ မောင်, . . . ညိုနဲ့ လက်ထပ်ဖို့ ပြန်လာတာ၊ အခု ကိစ္စက၊ မောင် တော်တော်များလို့လား။

ရည်းစားလုလု၊ အနုကျွဲခတ်ဆိုတာလောက်တော့၊ ညို သိဖို့ကောင်းတယ်၊ လုတဲ့သူ မှားသလား။ အလုခံရတဲ့သူ မှားသလား။ ညို . . . သေသေချာချာ စဉ်းစားဦး''



www.burmeseclassic.com

www.burmeseclassic.com



"မှန်တိုင်း အနိုင်မကျင့်ရဘူး။ နင် ... နိုင်ငံ တကာလှည့်နေတဲ့သူပဲ။ လူကြီးလူကောင်းဆိုတဲ့ အကျင့်စရိုက်မျိုးတွေ ...၊ နင် မတွေ့ခဲ့ဘူးလား။ ပြီးတော့ ..., အဲဒီကောင်လေးက၊ နင်နဲ့ ရွယ်တူ လို့လား"

"ဟာ။ ပြဿနာပဲ။ အပြစ်တင်စကားကို မောင်က၊ ပြောရမှာနော်။ ညို့ကိုတောင်၊ မောင် အပြစ်တင်လို့ရတယ်။

ညိုက၊ အဲဒီကောင်လေးကို စကားလက်ခံ ပြောနေတာကိုက၊ အပြစ်တင်စရာပဲ။

အဲဒီကောင်လေးက၊ လက်ရဲဇက်ရဲလေး မေးမြန်းပြောဆိုနေရင်၊ သူ ... လက်ဦးသွားမှာစိုး လို့၊ မောင်, အရင်ဦးအောင် ချလိုက်တာ။

ဒါလေးကို၊ ညို ... ဘာဖြစ်လို့ ဒေါနဲ့မောနဲ့ ပြောနေရတာလဲ။ အမှန်နဲ့အမှားပဲ, မောင် စိတ်ဝင် စားတယ်။ တရားတာ၊ မတရားတာတွေ၊ မောင် စိတ်မဝင်စားဘူး။ ဒါတောင် ... ဒီကောင်၊ မောင့်ကို ပြန်ချဖို့ သတိပေးသွားသေးတာ။ ညို ကြားသားပဲ"

"ငါ ... မှန်တယ်။ သူ ... မှားတယ်။ မှား တဲ့သူ သေပေတော့ဆိုတဲ့ စိတ်ထားက, လူကြီးလူ





ကောင်းစိတ် မဟုတ်ဘူး။

ပြီးတော့ ... ငါ့မောင်လေး၊ ဘာကြောင့် သေခဲ့ရတယ်ဆိုတာ၊ နင့်ကို ငါ, ပြောပြထားပြီးသား။ နင့်လို၊ လူရမ်းကားတွေကြောင့်၊ ငါ့မောင်သေရတာ၊

အဲဒီလို ရမ်းကားတဲ့လူကို၊ ငါ ... ဘယ်လို မှ၊ လက်မတွဲနိုင်ဘူး။ အဲဒါ လာပြောထာ ..."

"ညို ... တစ်ဖက်သတ်ဆန်နေပြီနော်"

"ငါ ... တစ်ဖက်သတ် မဆန်ဘူး။ ငါ ... အလယ်က,နေ တည့်တည့်ကြည့်ပြောတာ။

နင့်ကို၊ လူတစ်ယောက်လို့၊ ငါ ... မမြင် တော့ဘူး။ ရက်စက်ကြမ်းကြုတ်တဲ့၊ ဘီလူးသရဲ တစ်ကောင်လို့ပဲ၊ ငါ ... မြင်တော့တယ်။

အခြေအနေ အချိန်အခါကို၊ မငဲ့ဘဲ ... အစွယ်ရှိတိုင်း ကိုက်တာ၊ ချိုရှိတိုင်း ဝှေ့တာ၊ အဲဒါ ... လူ့စရိုက်မဟုတ်ဘူး။ ငါ့မျက်နှာကိုတောင် မငဲ့ ဘူး။ လမ်းဘေးမှာ၊ သွေးသံရဲရဲဖြစ်အောင်၊ နင် ... ရမ်းကားရက်စက်ရဲတယ်။

မင်းထွဋ်ခေါင်ကို၊ နင် ... ကန်ကျောက်နေ တယ် ... လို့၊ ငါ မမြင်တော့ဘူး။ ငါ့မောင်လေးကို နင် ... သတ်နေတယ်လို့ပဲ၊ ငါ မြင်တယ် ပျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်း။ အဲဒီတော့ . . . , နင်နဲ့ငါနဲ့ လုံးဝ . . . မပတ်သက်တော့ဘူးဆိုတာ၊ ငါ . . . လာ ပြောတာ''

''ညို . . . ရှုံးနေပြီလား''

''ဟုတ်တယ်။ ငါ . . . ရှုံးနေပြီ။ သွေးသံရဲရဲတွေကို၊ ငါ . . . မုန်းတယ်။ ရက်စက်ကြမ်းကြုတ်တာတွေကို၊ ငါ . . . မုန်းတယ်။ အနိုင်ကျင့်သတ်ဖြတ်တာတွေကို၊ ငါ . . . မုန်းတယ်။ နင့်ကိုလည်း . . . ၊ ငါ, မုန်းတယ်''

''အဲ့ဒီ . . . မင်းထွဋ်ခေါင်၊ ညို့အနားကို မလာဖို့ ညို တားထားရင်၊ မောင် . . . ဒီလို လုပ်မိမှာ မဟုတ်ဘူးလေ၊ ညို့မှာ တာဝန်ရှိတယ် . . . လို့ ညို, မထင်ဘူးလား''

''သူက၊ ရမ်းရမ်းကားကား မဟုတ်လို့၊ ငါ . . . သိမ်သိမ်မွေ့မွေ့နဲ့၊ တားနေတာပေါ့''

''တားလို့ရလို့လား''

''သိမ်သိမ်မွေ့မွေ့နဲ့ တားလို့မရတဲ့အရာ၊ လောက,မှာ မရှိဘူး။ အေး . . . နင့်လို၊ ရမ်းကားတဲ့ လူမျိုးဆိုရင်တော့၊ ဘယ်တားလို့ရပါ့မလဲ။

မရမ်းကားတတ်တဲ့လူကို၊ သိမ်သိမ်မွေ့မွေ့နဲ့ နားလည်အောင်၊ ရှင်းပြထားရင်၊ ဘယ်သူမှ





ရှေ့ဆက်မတိုးဘူး။

နင် . . . ကြမ်းကြမ်းတမ်းတမ်းလုပ်လိုက်လို့, မင်းထွဋ်ခေါင်၊ ကြောက်သွားမယ် ထင်နေသလား။

လူတိုင်းမှာ၊ သတ္တိရှိတယ်။ မခံချင်စိတ် ရှိတယ်။ ကြမ်းကြမ်းတမ်းတမ်းတားရင်၊ ကြမ်းကြမ်းတမ်းတမ်းရှေ့တိုးဖို့၊ ဘယ်သူမှ ဝန်မလေးဘူး။

ငါ . . . နူးနူးညံ့ညံ့နဲ့ နားဝင်အောင် ပြောထားလို့၊ သူ . . . နင့်ရှေ့ကို၊ ရောက်မလာတာ။

ငါတော့၊ ဆော်ထည့်လိုက်ပြီ။ သူတော့ ကြောက်ပြီး ငြိမ်ကုပ်သွားမယ် . . . လို့၊ နင် . . . မထင်နဲ့။ ခွေးက ကိုက်တတ်သလို၊ ကြောင်က, လည်း၊ ကုတ်တတ်တယ်။ အဲဒါကို၊ နင် . . . မြဲမြဲမှတ်ထား''

''ညို့စကားတွေ၊ ရိုင်းလာပြီနော်''

''ရိုင်းတာက၊ ယုတ်တာလောက် မဆိုးပါဘူး။ နင်က . . . ယုတ်တာ။ နင် . . . သတ္တိရှိရင်၊ အလစ်ဝင် မလုပ်ဘဲ၊ သေသေချာချာမေးမြန်းပြောဆိုပြီးမှ၊ မျက်နှာချင်းဆိုင်၊ ယှဉ်ပြိုင်ပါလား။ အခုတော့ . . . , ကိုယ့်ထက်၊ ငယ်တဲ့ ဉာကို ခွေးဆွဲသလို ဝင်ဆွဲတယ်''

''ညို . . . ။ တော်တော့နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ နင်က, ငါ့ကိုပါ၊ ရမ်းကားချင်သေးလို့လား။ သတ္တိရှိရင်၊ လုပ်လိုက်လေ။ ငါ့အသားကို ထိတာနဲ့၊ ထောင်ထဲ တန်းပို့လိုက်မယ်။

ယောက်ျားဖြစ်ပြီး တစ်ဖက်သတ် အနိုင်ကျင့်တဲ့လူ။ အလစ်သုတ်မယ့်စိတ်ဓာတ်။

ယောက်ျားဆိုတာ၊ သတ္တိရှိရင်၊ လက်လျှက်ချင်း၊ တုတ်တုတ်ချင်း၊ ဓားဓားချင်း၊ သေနတ်သေနတ်ချင်း။ ယှဉ်ရဲရတယ်။ တစ်ဖက်သတ်၊ အလစ်အငိုက် မလုပ်ရဘူး။

နင့်လိုကောင်မျိုးက၊ သေနတ်ကိုင်ပြီး၊ သချိုင်းရောက်မှာတော့၊ ကြောက်နေတဲ့ကောင်စားမျိုး။ နိုင်ခွင့်ရတာနဲ့၊ အနိုင်ကျင့်မယ့်ကောင်စားမျိုး။ အဲဒီလို အစားမျိုးကို၊ ငါ ... ဘယ်လိုပတ်သက်မှုမျိုးနဲ့မှ မပတ်သက်ဘူး။ မှတ်ထား။ မြဲမြဲမှတ်ထား။ သေတဲ့အထိ မှတ်ထား"

မမ ပြောပြရာ စကားတွေကို၊ နားထောင်အပြီး ကျွန်တော့်





စိတ်မကောင်း ဖြစ်ရသည်။

"ဒါဆို၊ မမတို့နှစ်ယောက်က ...။ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်သွားပြီပေါ့"

"နှာခေါင်းသွေးထွက်တာ မဟုတ်ဘူး။ နှပ်ညှစ်ပစ်ခဲ့တာ"

"အဲဒီလိုတော့မလုပ်ပါနဲ့ မမရယ်၊ ကျွန်တော် မမဆီကို မလာတော့ပါဘူး။

မှားတာက ကျွန်တော်လေ။ သူ ... မှန်ပါတယ်။ သူ ..., ဖြေရှင်းပုံ မှားသွားတာ နေမှာပါ"

"မင်းက ... မမကို ဆရာလုပ်နေတာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ဒေါသနဲ့ ဆုံးဖြတ်ရင် မှားတတ်တယ်လေ။ မမက, ဒေါသတကြီး ပြောခဲ့ဆိုခဲ့တာဆိုတော့၊ အမှန်ကို မမြင်မှာစိုးလို့ပါ"

မမက ... မဲ့မဲ့ပြုံးပြီး ...

"ဘာလဲ။ မင်းက၊ မမကို တရားဟောနေတာလား"

"မမပဲ၊ မနေ့ညက၊ သင်ပေးထားတယ်လေ။ ဂေါတမ, မြတ်စွာဘုရားမှာ၊ ငါ့လို ဒေါသ, မျိုးတွေ ရှိနိုင်သလား ... လို့၊ တွေးပြီး အိပ်ဆို။

မမ မှာတဲ့အတိုင်း၊ ကျွန်တော်၊ ဘုရား

www.burmeseclassic.com



အကြောင်း တွေးပြီးအိပ်တာ။ ဒေါသ,လည်း ပြေ
သွားတယ်၊ အိပ်လည်း အိပ်ပျော်သွားတယ်။

မနက်အိပ်ရာနိုးတော့၊ အဲဒါမျိုး၊ ပြန်တွေး
ဖြစ်သေးတယ်။ မြတ်စွာဘုရားမှာ . . . ဒေါသ,ရော
လောဘရော၊ သောက,ရော၊ တခြား အညစ်အကြေး
တွေရော . . . လုံးဝ, မရှိပါလား . . . လို့ တွေးတာ

သောက, ဖြစ်နေတဲ့ သူက၊ မြတ်စွာဘုရား
မှာ ဒီလိုသောက, တွေ ရှိတတ်သလား။ လောဘကြီး
မယ့်သူက၊ မြတ်စွာဘုရားမှာ၊ ဒီလိုလောဘ, တွေ
ရှိခဲ့ဖူးသလား။ စိတ်ညစ်ရရှိတဲ့ သူက၊ ဘာ
ကြောင့်ပဲ စိတ်ညစ်စိတ်ညစ်၊ မြတ်စွာဘုရားမှာ
စိတ်ညစ်တယ်ဆိုတာ ရှိပါ့မလား . . . လို့၊ တွေး
ကြည့်ရုံနဲ့၊ အဲဒီ့ တွေးကြည့်တဲ့သူ၊ ရင်ထဲ . . . တော်
တော် ငြိမ်သွားမယ် . . . လို့၊ ကျွန်တော် ယုံကြည်
ဖြစ်တယ် . . . မမ။

ငြိမ်းသွားတယ် . . . လို့၊ ကျွန်တော် မဆိုလို
ဘူးနော်။ ငြိမ်သွားမယ် . . . လို့၊ ကျွန်တော် ဆိုလို
တာ။

ဘာပဲဖြစ်ဖြစ်၊ မနေ့က, ကျွန်တော့်ဒေါသ
စိတ်နဲ့၊ အခု ကျွန်တော့် စိတ်။ ဒီနှစ်ခုကို ယှဉ်ပြ





ရင်၊ အခု . . . ကျွန်တော့်စိတ်၊ ငြိမ်သွားတယ်။ ငြိမ်
နေတယ်။ မမက . . . မငြိမ်ဘူး''

''ကျုပ်က၊ ဘာဖြစ်လို့ မငြိမ်ရမှာတုံး''

''ဒေါသ,တွေ ကိန်းအောင်းနေတယ်လေ။
ဒေါသဖြစ်ဖြစ်၊ သောကဖြစ်ဖြစ်၊ လောဘ,ဖြစ်ဖြစ်၊
အဲ . . . မောဟတော့၊ ကျွန်တော် မသိသေးဘူး။
အဲ . . . အဲဒါတွေ ကိန်းအောင်းနေရင်၊ စိတ်က လှုပ်
နေတာပဲ။ လှုပ်နေရင်၊ အမှန်ကို ဘယ်သိမှာလဲ။
မမ . . . အမှန်ကို၊ မသိမှာစိုးလို့၊ ကျွန်တော် . . .
သတိပေးတာ''

''ဘယ် . . . အမှန်ကို၊ ရှင်က, သိစေချင်တာ
လဲ''

''ကျွန်တော်က၊ တကယ်တော့ . . . နှောင့်
ယှက်သူလေ။ ကိုကျော်စွာဝင်းက အနှောင့်အယှက်
ခံရသူ။ သူ . . . ဝုန်းဝုန်းဒိုင်းဒိုင်း ပြုမူမိမှာပဲ။

ကျွန်တော်လည်း၊ မမအနားမှာ . . . တခြား
တစ်ကောင်ကို၊ တွေ့ကြည့်ပါလား။ ပြေးထိုးမိမှာပေါ့။
ဒါ . . . ချစ်သူတိုင်း ဖြစ်တဲ့စိတ်။ သူ . . . မမ
ပြောသလို၊ ကြမ်းရမ်းတာက,လွဲလို့ မမှားပါဘူး''

''မင်းထွဋ်ခေါင်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နာမည်ကို၊ အသံပြတ်ပြတ်ဖြင့်၊ ခေါ်၏။

"ဗျာ"

"ငါက . . . နင့်ကို၊ ရက်ရက်စက်စက် ကန့်ကျောက်ခဲ့လို့၊ ပြီးတော့ . . . အဲဒီလို အပြုအမူကို မုန်းလွန်းလို့၊ နင့်ဘက်ကရော . . . ငါ့ဘာသာရော နာလွန်းလို့ ပြောခဲ့တာလေ။ နင်က . . . သူ့ဘက်က, ရှေ့နေလိုက်ပေးနေတယ်။ ဟုတ်လား"

"ရှေ့နေတိုင်း၊ အမှန်တရားဘက်က၊ ရပ်ပေးကြတာပါ . . . ဆိုရင်။ ဟုတ်တယ် . . .။ ကျွန်တော် အမှန်ဘက်က၊ လိုက်ပေးတဲ့ ရှေ့နေပဲ"

"အခု . . . ဆေးခန်းပြရတာ၊ နှစ်ခါ။ မင်း . . . အနာ ပျောက်သွားပြီလား"

ကျွန်တော် . . . နှုတ်ခမ်းကို၊ အသာ ဖိပြီး . . .

"မ . . .။ မပျောက်သေးဘူး"

"မင်း . . ., မနာတတ်ဘူးပေါ့။ ဟုတ်လား"

"ကျွန်တော့်ကို၊ ကိုကျော်စွာဝင်း အနိုင်ကျင့်လို့၊ ကျွန်တော် ခံလိုက်ရတာက . . . တစ်ပိုင်းလေ။

သူ . . . ဘာဖြစ်လို့၊ အဲဒီလိုလုပ်ရတယ်ဆိုတာက၊ အပိုင်း တစ်ပိုင်း။ မတူဘူးလေ . . . မမ။

မမ . . . မတားရင်၊ ကျွန်တော် သူ့ကို ပြန်





လုပ်ချင်လုပ်မှာပဲ။ ဒါပေမဲ့ . . . ပြန်လုပ်ဖြစ်ရင်တောင်၊ ကျွန်တော် . . ., အမှားမကင်းဘူး။ လုပ်လုပ်, မလုပ်လုပ်။ အစကတည်းက ကျွန်တော် မှားနေတာလေ။ သူ့ချစ်သူအနားမှာ၊ ကျွန်တော် ရှိနေတာ။ အဲဒါ . . . ကျွန်တော့်အမှား။

မမေးမမြန်းဘဲနဲ့ လက်လွတ်စပယ် ပြုမူတာက၊ သူ့ . . . အမှား။ ဒါပေမဲ့ . . . သူက . . . မှန်တဲ့ဘက်မှာနေရင်းက၊ ပြုမူမိတာ . . . မှားသွားရတာ။ အဲဒါကို၊ မမ . . . နည်းနည်း၊ သဘောပေါက်စေချင်တာ။

ပြီးတော့ . . .,

မမ ပြောခဲ့ဆိုခဲ့တယ်ဆိုတဲ့၊ စကားတွေက၊ ကြမ်းလွန်းတယ်။ ကြမ်းတမ်းတာကို၊ မလိုလားတဲ့ မမရဲ့ စကားတွေကိုက၊ ကြမ်းတမ်းလွန်းခဲ့တယ် . . . လို့၊ ကျွန်တော် မြင်တယ်"

"အဲဒီတော့။ ငါက . . . ဘာလုပ်ရမှာလဲ"

"ခွင့်လွှတ် နားလည်ပေးလိုက်ပေါ့။ သာမန်ချစ်သူတွေမှ မဟုတ်တာ။ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ ချစ်သူတွေပဲဟာ"

"ငါ့ မောင်။ သက္ကာ။ အင်း . . . ကိုသက်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဆုံးခဲ့ရတာလဲ။ မင်း သိလား''

''မနက်က၊ နှင်းလွဲဖြူ ပြောပြတယ်''

''အေး။ ငါ ... ကြမ်းတမ်းခက်ထန်မှုကို

မုန်းတာ။ လူမဆန်တာကို၊ မုန်းတာ။ ရှင်းလား''

မမ၏ မျက်နှာထားကို၊ ကြည့်ပြီး၊ ကျွန်တော် ... နည်း

နည်းတော့၊ လန့်သွားသည်။ တကယ့် ထိတ်လန့်တုန်လှုပ်နေသူ၏

အကြောက်မျက်နှာထား။

သို့သော် ...၊ ကျွန်တော်၊ ပြောချင်တာကိုတော့၊ ပြောဖြစ်

အောင်၊ ပြောပြပစ်လိုက်၏။

''ကိုကျော်စွာဝင်း စကားထဲမှာ၊ ပါတယ်

လေ။ ရည်းစားလုလု၊ အူနုကျွဲခတ် ... ဆိုတာ''

''ဘာဖြစ်လဲ။ ပါတော့''

''သူတောင်းစားက၊ သူ့ခွက်ကို လုရင်၊ သူ

... ပြန်လုချင်မှာပဲ။ သူ့ခွက်ကို၊ သူ ... ကာကွယ်

မှာပဲ၊ ခွေးက, ဘူ့စားခွက်အနားကို၊ တခြားခွေးလာ

ရင်။ ဒါမှမဟုတ်၊ သူ့စားခွက်ကို၊ လူတစ်ယောက်

ယောက်၊ လာကိုင်ရင်၊ မာန်ဖီမှာပဲ။ ဈေးသည်က

သူ့ဈေးဗန်းကို၊ တခြားသူ လာလုရင်။ ဒါမှမဟုတ်

... သူ ရောင်းချရာနေရာကို လာဦးရင်၊ သူ့နေရာ

... သူရောင်းကွက်၊ သူ့ဈေးဗန်းကို၊ သူ ...





ကာကွယ်မှာပဲ။ ပြန်လုမှာပဲ။ မင်းကြောင်ဖ်က၊ သူ့

အာဏာကို၊ တစ်ဦးဦးက လာပုတ်ခတ်ရင်၊ သူ့

ပလ္လင်, သူ့အာဏာကို၊ သူ ... ကာကွယ်မှာပဲ၊ ခွေး

တောင်၊ သူ့စားခွက်ကို၊ သူ ... မက်မောသေးတာပဲ။

အဲဒီလိုပဲပေါ့။ မမက ...၊ ကိုကျော်စွာဝင်းရဲ့ လက်

ထပ်ဖို့ ရည်ရွယ်ထားတဲ့၊ ချစ်သူ။ အဲဒီ ချစ်သူ ...

အနားကို၊ ဘယ်သူလာလာ၊ သူ ... မာန်ဖီမှာပေါ့။

ဒေါသ.ဖြစ်မှာပေါ့။ မဟုတ်ဘူးလား''

မမ ရယ်လေ၏။ ''ဘာရယ်တာလဲ'' ... ဟု၊ ကျွန်တော်

မမေးမိ။

''မင်းက ...၊ ကျော်စွာဝင်းကို ခွေးနဲ့ နှိုင်း

ချင်တာလား။ ငါ့ကို၊ ခွေးစားခွက်နဲ့ နှိုင်းချင်တာ

လား''

ထိုသို့၊ မမ ... မေးမှ၊ ကျွန်တော်ပါ၊ ရယ်ဖြစ်လေသည်။

''ဟာ။ အဲဒီလို မဟုတ်ပါဘူး။ ဟို ...

ကျွန်တော်၊ ဥပမာ ပေးမိတာပါ။ ခွေးနဲ့ရော၊ ခွေး

စားခွက်နဲ့ရော၊ နှိုင်းတာ မဟုတ်ပါဘူး။ ဥပမာ ...

စကားပါ''

မမက ...

''ငါက,လည်း၊ ဥပမာနဲ့ပဲ ပြောမယ်။ ငါက



www.burmeseclassic.com

www.burmeseclassic.com



. . . မိန်းမသား။ ပျော့ညံ့ညံ့ယောက်ျားမျိုးကို၊ မနှ
သက်သလို၊ ထိုးလား သတ်လား ရက်စက်ကြမ်
ကြုတ်တဲ့၊ ယောက်ျားမျိုးကိုလည်း၊ မနှစ်မြို့ဘူ

ငါက . . . စိတ္တဇလိုဖြစ်နေတာ။ အဲဒီလို
ကြမ်းကြမ်းတမ်းတမ်းမျိုး၊ အိမ်ထောင်ပြုပြီးမှ၊ ကိုယ့်
အိမ်ထောင်ဘက်က၊ ပြုမူခဲ့ရင်။ ငါ . . . ရူးသွားလိ
မယ်။

ချစ်တယ် . . . ဆိုပြီး၊ အနားလာသန်းတဲ့
ယင်ကောင်ကိုတောင်၊ ဓားနဲ့လိုက်ပိုင်းနေတာမျိ
တော့။ ငါ . . . မကြိုက်ရဲဘူးဟေ့''

ကျွန်တော့်စကား၊ တိုးပေါက်မည် . . . ဟု၊ မထင်တော့
ချေ။ တဖြည်းဖြည်း၊ ပြောပြရမည့်ကိစ္စဟု၊ နားလည်လိုက်သည်
ကျွန်တော် ကိုယ်၌က၊ ကိုကျော်စွာဝင်းကို၊ ရန်သူ . . . ဟု၊ သဘော
ပိုက်ချင်ပါလျက်၊ ရန်သူက . . . (မှန်ကန်နေပါလျက်) အရေးနိမ့်
သည်ကိုတော့၊ မလိုလားချင်။

လိုအပ်လျှင် . . .

ရန်သူကို၊ တခြားနည်းနှင့်သာ၊ ရန်မူချင်သည်။

ရန်သူပင်ဖြစ်လင့်ကစား၊ ရန်သူ့အပေါ်၊ ကျွန်တော်ချစ်သော
သူက၊ အထင်လွဲတာမျိုးကိုတော့၊ ကျွန်တော် မဖြစ်စေချင်။

အဘယ်ကြောင့်ဆိုသော် . . .





ကျွန်တော့်ရန်သူသည် . . .

ကျွန်တော့်ချစ်သူ၏ ''ချစ်သူ'' ဖြစ်နေသည် မဟုတ်လား။ ကျွန်တော့် ချစ်သူက၊ သူ့ချစ်သူအပေါ်၊ အမှန်မမြင်မှာကိုတော့၊ ကျွန်တော် စိုးရိမ်မိလေသည်။ ယောက်ျားအချင်းချင်းမို့၊ ယောက်ျားတင်ယောက်၏ ချစ်ဒေါသ, စိတ်ကို မမထက်၊ ကျွန်တော် ပိုသိသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

"အဲဒီ ကျော်စွာဝင်းဆိုတဲ့ လူကို မင်း . . . ဘာမှ ပြန်မလုပ် လိုက်ရဘူးပေါ့" . . . ဟု၊ ရွှေသွေးက၊ အားမလို အားမရ မေးသည်။

"မလုပ်ဖြစ်တော့ဘူး" . . . ဟု၊ ကျွန်တော် ဖြေလိုက်၏။

သက်ဦးက . . . ,

"ဘာမှ၊ ပြန်မလုပ်မယ့်အတူတူ၊ ဘာမှ၊ ဝင် မပါတော့ရင်၊ ကောင်းမယ် ထင်တယ်။ မမြလဲ့ညို နဲ့ အဲဒီလူနဲ့ကို မင်း . . . ညှိနှိုင်းပေးချင်တယ်ဆိုတာ၊ အဲဒါ . . . မမြလဲ့ညိုရဲ့ ကိုယ်ရေးကိုယ်တာ။ မင်း . . . , ဝင်မပါသင့်တော့ဘူး"

"ငါ့ကြောင့် ဖြစ်သွားရတာလေကွာ။ ငါ . . . ဖျက်မြင်း ဖြစ်သွားတယ်"

"အဲဒါ . . . မင်း နဂိုကတည်းက၊ တွေးရမယ့် ကိစ္စ။ အခုမှ . . . ဒီအတွေးဝင်တာ။ တော်တော် နောက်ကျတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တောင်နဲ့မြောက်နဲ့ တဲတားဆောက်ပြီးတော့မှ အရှေ့နဲ့အနောက် ပြန်ဆောက်ချင်သလို ဖြစ်နေတယ်။ ဖျက်လိုက်ဆောက်လိုက်ဆိုတဲ့ စိမ်ကိန်းမျိုးပဲ။ အသစ်ပြင်ဆောက်တာ ကိစ္စမရှိပေမယ့်၊ အဟောင်းဆောက်ခဲ့တုန်းက၊ ကုန်ကျစရိတ်တွေအတွက်၊ မသိချင်ယောင်ဆောင်လို့ မကောင်းဘူး။ အဖက်ဖက်က နစ်နာသွားပြီ။ မပြုမှုခင်။ ဒါမှမဟုတ်, မလွန်ကျူးခင်မှာ မင်း .... ကြံသိ ကြံတွေးဖို့ ကောင်းတယ်"

"နောင်တ, ဆိုတာ။ နောင်းတ, ထက်စာရင်၊ အချိန်မီပါသေးတယ်ကွာ" ...ဟု၊ ကျွန်တော် ကာကွယ်စကား ပြောလိုက်သည်။

"ကျော်စွာဝင်းဆိုတဲ့လူက၊ မင်းကို ငြိုးနေရင်၊ မင်း ...ဘယ်လိုလုပ် ညှိနှိုင်းလို့ရမှာလဲ။ မင်းကြောင့် သူတို့နှစ်ယောက်၊ အိုးစားကွဲရတာ"

"တောင်းပန်ဖို့က လွဲပြီး ငါ့မှာ လုပ်စရာ မရှိတော့ဘူး။

ပြဿနာ မီးပွားက ...ငါ။ တကယ် ပြဿနာကို မီးဟုန်းဟုန်းထ, တောက်လိုက်တာက ...ကိုကျော်စွာဝင်း။

မမက၊ အဲဒီ့ မီးဟုန်းဟုန်းတောက်တဲ့ အမှု





ကိုပဲ အရေးယူလိုက်သလို ဖြစ်သွားတယ်။ ဒီအမှုမှာ၊ ငါက ...တရားရှင် လွတ်နေသလိုပဲ"

ရွှေသွေးက ...,

"မင်းကို၊ မင်း မမက၊ ရွေးချယ်လိုက်တာ မှားလား။ လူကြမ်းကို ဖယ်ထုတ်ပြီး၊ မင်းသားချောလေးကို၊ ကရုဏာသက်သွားသလိုမျိုးလေ"

ကျွန်တော် ခေါင်းခါပြီး ...

"မဟုတ်ဘူး။ သူ့ဘာသာ၊ ဟိုဘက်ကို သုတ်သင်တာ။ ငါ့ကို ဆုလာဘ်ပေးတာ မဟုတ်ဘူး။

ဒီ ...အမှုမှာ၊ ကျွန်တော်က, အဓိက တရားခံပါ ခင်ဗျား ...လို့၊ ဝန်ခံချင်တာ၊ အဓိက မဟုတ်ဘူး။ မမ ...သုတ်သင်ရှင်းလင်းလိုက်တဲ့ အပြစ်ဒဏ်က၊ လိုတာထက်၊ ပိုပြီး ပြင်းထန်နေလို့၊ အဲဒီ့ အပြစ်ဒဏ်ကို လျော့ပေါ့ဖို့က၊ အဓိက, ပဲ။

ချစ်မိတာကို၊ အပြစ်ရှိပါတယ် ...လို့၊ ငါ့ကိုယ်ငါ မယူဆ,ပါဘူး။ ငါ့ကြောင့်၊ ဖြစ်သွားတာ ...လို့ပဲ၊ ငါ တွေးမိတာ။ ဒါပဲ"

"ကိုကျော်စွာဝင်းရဲ့၊ ခြေစွမ်းကြောင့်၊ မင်းနှုတ်ခမ်း စုတ်ပြတ်သွားတာကျတော့ရော ..."

"ငါ ...ပြန်လုပ်ချင်တာပေါ့ကွာ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



. . ., သူ့ကို ပြန်လုပ်လိုက်တဲ့၊ မမရဲ့ အရေးယူမှုကြီးက၊ အဆမတန်ကြီး။

ငါ . . . နှုတ်ခမ်းကွဲသွားတာ။ သူက . . . အသည်းကွဲသွားရင်။ သူ့ ဝေဒနာက, ပိုပြင်းထန်မှာပေါ့။ ငါ . . . စာနာမိလို့ပါ''

''ရန်သူ . . . လို့၊ မင်း . . . မသတ်မှတ်ဘူးပေါ့''

''ငါ့ ရန်သူ။ ငါ့ထက် ပိုနစ်နာနေတာကိုတော့၊ ငါ . . . မကြည့်ရက်ဘူး''

''ကမ္ဘာ့ခေါင်းဆောင်တွေ၊ မင်းလို စိတ်ထားမျိုး ကိုယ်စီရှိကြရင်၊ ကမ္ဘာကြီး၊ တော်တော်ငြိမ်းချမ်းသွားမှာပဲ'' . . . ဟု၊ သက်ဦးဝင်ပြောတယ်။

ကျွန်တော်က . . .

''ဂျပန်နဲ့ အမေရိကန် ချကြတုန်းက၊ ဂျပန်မှားချင်မှားမယ်။ ဒါပေမဲ့ . . . အမေရိကန်က၊ ဂျပန်ကို အနုမြူဗုံးချလိုက်တာ၊ ဂျပန်နိုင်ငံ၊ တော်တော်နစ်နာသွားတယ်၊ အဲဒီ နစ်နာမှုအတွက်၊ အမေရိကန်က၊ ပြန်ပြီးပေးဆပ်သင့်တယ်။

စစ်ဆိုတာ၊ တိုက်ရင်၊ နိုင်အောင်တော့၊ တိုက်ကြရမှာပဲ၊ စစ်တိုက်ဖို့၊ စစ်နိုင်ဖို့၊ ဉာဏ်ပညာနဲ့ သတ္တိ





ပဲ လိုတယ်။ အနိုင်ကျင့်ဖို့တော့၊ မလိုဘူး''

ရွှေသွေးက . . .,

''အမေရိကန်က၊ အနိုင်ကျင့်ရင်၊ ဂျပန်က, လည်း၊ အနိုင်ကျင့်နိုင်တယ်လေကွာ။ မဟုတ်ဘူးလား။

စစ်ဆိုတာက၊ လူတွေရဲ့ အတ္တကြောင့် ဖြစ်ရတာ။ လူတွေ အတ္တကြီးလေ၊ စစ်အင်အား ပိုကြီးတာပဲ။ အတ္တအပြည့်နဲ့ ချီလာတဲ့ စစ်တပ်ကြီးကို၊ နောက်ထပ် အတ္တအဆမတန်ကြီးတဲ့ စစ်တပ်ကြီးက၊ အနိုင်ယူကြမှာပဲ၊ အဲဒီမှာ . . . စာနာစိတ်ထားတဲ့ သူက အရှုံးပဲ၊ ရက်စက်နိုင်လေ၊ စစ်အောင်လေပဲကွ''

''မဟုတ်ဘူး ရွှေသွေး။ မင်း . . . မှားတယ်။ ရက်စက်တိုင်း စစ်အောင်မယ်ဆိုရင်။ အခုအချိန်ထိ၊ ကမ္ဘာပေါ်မှာ ဟစ်တလာရဲ့ ဝါဒ ကြီးစိုးနေမှာပေါ့။

ရက်စက်မှု သရုပ်ဆောင်းပြီး အောင်လံလွှင့်တဲ့သူဟာ၊ အင်အားနည်းတဲ့အချိန်မှာ၊ ကျဆုံးမှာပဲ။ ဉာဏ်ပညာမရှိတဲ့သူဟာ၊ အနိုင်ယူဖို့ တစ်ခုတည်းပဲ စဉ်းစားတယ်။ ဉာဏ်ပညာ မပါတဲ့ အောင်နိုင်မှုဆိုတာလည်း၊ ခဏပဲ။

မီးတောက်လိုပေါ့ကွာ။ ကြိုက်သလောက်



www.burmeseclassic.com

www.burmeseclassic.com



တောက်။ ကြိုက်သလောက်လောင်။ တစ်ချိန်ချိန်မှာ မီးညွန့်ကျိုးသွားရတာချည်းပဲ။

လောင်စာနဲ့ လင်းတဲ့အလင်းနဲ့ ဉာဏ်ပညာနဲ့ လင်းတဲ့အလင်း၊ မတူဘူးကွ။ ရက်စက်မှု ဆိုတာ၊ ဉာဏ်ပညာ နည်းခြင်းရဲ့ အခြေခံပဲ။ ဉာဏအားနည်းတဲ့သူက၊ ကာယ့အားကို အသုံးပြုရသလိုမျိုးပေါ့။

ကိုကျော်စွာဝင်းက၊ ကာယ့အားနဲ့ ငါ့ကို၊ အနိုင်ယူလိုက်ပေမယ့်၊ အခု ...သူ မီးညွန့်ကျိုးသွားရပြီ။ အဲဒါကို၊ ငါ ...မကြည့်ရက်တာပါ''

''ငါတို့က၊ ဘာလုပ်ပေးရမှာလဲ'' ...ဟု၊ သက်ဦး မေး၏။

''အဖော်လိုက်ပေးရုံပဲ''

''မင်း တစ်ယောက်တည်း သွားရမှာ ကြောက်လို့လား''

''ရန်ဖြစ်မှာ ကြောက်လို့၊ ငါတို့၊ သူ့ဆီလာတာ၊ ရန်ဖြစ်ဖို့ မဟုတ်ဘူးဆိုတာ။ မင်းတို့ပါ၊ ကူပြောပေးပေါ့။

တစ်ယောက်တည်း သွားတယ်ဆိုရင်၊ သူ ...မယုံမှာစိုးလို့၊ သက်သေခေါ်ရတာ၊ မင်းတို့ကို''

ရွှေသွေးက ...,

''တော်ကြာ၊ သူ့ကို ဝိုင်းရိုက်ဖို့ အုပ်စုဖွဲ့လာ





တယ် ထင်နေဦးမယ်''

''အပြေးအလွှား၊ ဖြေရှင်းကြတာပေါ့ကွာ။ လက်မခံတော့လည်း သူ့ ကံပေါ့'' ...ဟု၊ ကျွန်တော်၊ ပြောလိုက်သည်။

ဤကိစ္စကို၊ ဆောင်ရွက်ရန်အတွက်၊ မမထံမှ၊ ကျွန်တော် ခွင့်ပြုချက် မယူဖြစ်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၄ ]

အနာပျောက်ကင်းသောရက်နှင့် ကျောင်းတက်ရသည့်ရက် တိုက်ဆိုင်သဖြင့်၊ တော်ပါသေးသည်။ ကျွန်တော်တို့တက်ရောက်ရသည့် တက္ကသိုလ်ကျောင်းသည်၊ ဝေးလွန်းခေါင်ဖျားရှိလှသဖြင့်၊ ကျောင်းကားဖြင့် သွားရောက်ကြရ၏။ ကျောင်းကားပေါ်တွင်၊ နှင်းလဲ့ဖြူကို တွေ့သည်။ မြင်လျှင်မြင်ချင်း "မမ နေကောင်းလား" ...ဟု၊ နှင်းလဲ့ဖြူကို၊ ကျွန်တော် မေးသည်။ နှင်းလဲ့ဖြူက ...,

"ဟဲ့၊ ငါ့ကို တွေ့တာ။ တွေ့တဲ့သူကို နေကောင်းလားလို့ အရင်မမေးဘူး၊ နင် ... တော်တော် အားမနာတတ်တဲ့သူပဲ"

"ဩော်။ ကျောင်းလာတက်နေပြီပဲ။ နေကောင်းလို့ ကျောင်းတက်တာပေါ့။ မဟုတ်ဘူးလား။ အဲဒါကြောင့် ... မမကိုပဲ ငါမေးတာပါ။ မတွေ့တာ နှစ်ရက်လောက်ရှိပြီ"

"နေကောင်းတယ်။ တစ်အိမ်သားလုံး၊ နေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ နှင့်အနာ ပျောက်သွားပြီဆို။ အဲဒါ ကြောင့်၊ မလာတော့တာပေါ့။

သက်ဦးနှင့်ရွှေသွေးကို၊ နှင်းလဲ့ဖြူနှင့် ကျွန်တော် မိတ်ဆက်ပေးသည်။ ပြီးနောက် . . . ,

"နှင်းလဲ့ဖြူ။ နှင် . . . နှုတ်လုံရင်၊ ငါတို့ နှင့်နဲ့ တိုင်ပင်စရာရှိတယ်"

"ဘာလဲ။ ဓားပြတိုက်မလို့လား"

"မဟုတ်ပါဘူး။ လူမှုရေးကိစ္စပါ"

"ဘာလဲ။ နှင်တို့ သုံးယောက်၊ အမျိုးသမီးရေးရာ ဆောင်ရွက်မလို့လား"

ကျွန်တော်၊ ရယ်လျက် . . .

"နှင် . . . တော်တော်နောက်တာပဲ။ ယောက်ျားလေးက၊ အမျိုးသမီးရေးရာ ဖွဲ့စရာလား။ အဲဒီအဖွဲ့က၊ နိုင်ငံမှာရှိတဲ့ အမျိုးသမီးအားလုံးရဲ့ ဘဝလုံခြုံရေး အသိဉာဏ်တိုးတက်ရေးတွေကို၊ တကယ် ဆောင်ရွက်နိုင်တဲ့၊ အမျိုးသမီးတွေ၊ လုပ်ကြမှာပေါ့။

ငါတို့၊ အခု . . . နှင့်ကို တိုင်ပင်မှာက၊ အမျိုးသမီးရေးရာရော၊ အမျိုးသားရေးရာရော . . . နှစ်ခုစလုံးနဲ့ဆိုင်တဲ့၊ အချစ်ကိစ္စ။ အဲဒါ . . ."

"ဟဲ့။ ကျောင်းတောင် မတက်ရသေးဘူး။





နှင်တို့က၊ သင်ခန်းစာ၊ စ,နေကြပြီလား"

"ခက်ပြီ၊ မမနဲ့ ကိုကျော်စွာဝင်းကိစ္စကို တိုင်ပင်မလို့ဟ။ နှင် . . . မမ,ကို ပြန်မပြောဘူးဆိုမှ၊ ငါတို့ ပြောပြမှာ"

"မမညီကို၊ ပြန်မပြောရဘူး ဟုတ်လား"

"ဟုတ်တယ်"

"အမေ့ကိုရော . . . ပြန်ပြောလို့ရမလား"

"ဒုက္ခပဲ။ မရဘူး"

"ငါတို့အိမ်ကို၊ နှင်တို့ ဓားပြတိုက်မှာတော့၊ မဟုတ်ပါဘူးနော်"

"မနောက်ပါနဲ့တော့ နှင်းလဲ့ဖြူရယ်။ ငါ့အတွက် တကယ် . . . လုပ်ရမယ့်အလုပ် ဖြစ်နေလို့ပါ"

"ကဲ . . . ပြော။ နှုတ်လည်း . . . လုံတယ်။ စိတ်လည်း ဝင်စားတယ်။ ဘာကိစ္စလဲ"

"မမနဲ့ ကိုကျော်စွာဝင်းနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်သွားတာ၊ ငါ . . . စိတ်မကောင်းဘူး။ အဲဒါ . . . သူတို့နှစ်ယောက်ကို၊ ပြန်ပြီး စေ့စပ်ညှိနှိုင်းပေးချင်လို့။

နှင်ကလည်း၊ မမကို၊ အိမ်မှာ နည်းနည်းပါး



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ နားသွင်း။ ငါက,လည်း ကိုကျော်စွာဝင်းကို သေသေချာချာ ရှင်းပြမလို့။ အဲဒါ . . .''

''ငါ့ အစ်မက၊ သူ့ကို . . . တော်တော်လ[illegible] သွားတာ။ ညှိလို့ရမှာ မဟုတ်ဘူး။ သူ့အများကြောင့် သူခံရတာပဲ။ နင် . . . ကိုကျော်စွာဝင်းကို သွားပြီး ညှိနှိုင်းမနေပါနဲ့။ တော်တော်ကြာ ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်လို့၊ နောက်တစ်ပွဲ ထပ်ဖြစ်နေဦးမယ်''

''အဲဒီလို ထပ်မဖြစ်အောင်၊ ဆွဲဖို့ လွဲဖို့ ဒီကောင်တွေကို၊ ငါ ခေါ်သွားမှာ။

နင် . . . သဘောမတူရင်လည်း၊ ငါတို့တာသ[illegible] သွားမယ်၊ မမကိုတော့ ပြန်မပြောပါနဲ့၊ နောက်နော[illegible] မမရေ့မှာ . . . ကြမ်းတမ်းတဲ့ အပြုအမူမလုပ်[illegible] ကတိပေးနိုင်ရင် ပြီးတာပဲ''

နှင်းလဲ့ဖြူက၊ မျက်လုံးလေး ဝိုင်းကာ၊ ကျွန်တော့်[illegible] ကြည့်ရင်း . . .

''နင်က . . .၊ မညီ့ကို ကြိုက်နေတာ မဟုတ်ဘူးလား။ ငါသာဆိုရင်၊ ကိုယ် . . . ကြိုက်[illegible] တဲ့ အမျိုးသမီး၊ သူ့ရည်းစားကို အဆက်ဖြတ်လိုက်[illegible] ဆိုတာနဲ့၊ တော်တော်ဝမ်းသာသွားမှာပဲ။ အခု . . . နင်က၊ တစ်မျိုးကြီးပဲ၊ ပြန်ပြီး စေ့စပ်ဦးမယ်ဆိုတော့





. . .။ နင်, ဦးနှောက်မှ ကောင်းရဲ့လား''

''ပြဿနာက၊ ငါ့ကြောင့် ဖြစ်ရတာလေ'' . . . ဟု၊ အစ,ချီကာ၊ ကျွန်တော် စာနာမိသမျှကို၊ ပြောပြဖြစ်သည်။ စကားလက်စ, သတ်သောအခါ၊ နှင်းလဲ့ဖြူက . . .

''နင်၊ ကိုကျော်စွာဝင်းကို၊ အရင်၊ ညှိကြည့်လိုက်လေ။ ပြီးမှ အခြေအနေကြည့်ပြီး၊ မညီ့ကို၊ ငါ . . . စကားစ, ပေးမယ်။

ကိုကျော်စွာဝင်းဘက်က၊ ဘာမှန်းမသိသေးဘဲနဲ့တော့၊ ငါ . . . မညီ့ကို၊ မပြောရဲဘူး။ ခေါင်းအခေါက်ခံရလိမ့်မယ်''

''ငါတို့၊ ဒီနေ့ ညနေ၊ ကိုကျော်စွာဝင်းဆီကို၊ သွားမှာ။ အခြေအနေကို၊ မနက်ဖြန် ပြောမယ်။ ဟုတ်ပြီလား''

နှင်းလဲ့ဖြူ၊ ခေါင်းညိတ်ပြီး . . .

''ရန်တော့၊ ဖြစ်မလာကြနဲ့ဦးနော်''

''မဖြစ်ပါဘူး။ ငါက, စပြီးတောင်းပန်မှာပါ''

''တော်တော်အံ့ဩဖို့ကောင်းတာပဲ'' . . . ဟု၊ နှင်းလဲ့ဖြူ ပြော၏။ စိတ်နှလုံးထဲ၌၊ မမကို၊ နမျောတ,သ နေရသည်ကိုမူ၊ မည်သူ့ကိုမျှ၊ ကျွန်တော် မပြောဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆုံးဖြတ်ချက် မှန်တယ်ကွ" ...ဟု၊ ကိုကျော်စွာဝင်း၏ အိမ်သို့၊ အသွားတွင် ရွှေသွေးပြောသည်။

"မှန်ရမှာပေါ့ကွ၊ ဒါ ... ဖြစ်သင့်တဲ့ကိစ္စပဲ"

"ဘယ်ကိစ္စကို၊ ပြောတာလဲ။ မင်းက"

"မမနဲ့၊ ကိုကျော်စွာဝင်းကိစ္စလေ"

"ငါ ... ပြောတာ၊ အဲဒီကိစ္စမဟုတ်ဘူး"

"ဘယ်ကိစ္စလဲ"

"နှင်းလဲ့ဖြူကိစ္စ"

"သူ့ကိစ္စ ဘာရှိလို့လဲ။ ထွေထွေထူးထူး"

"မင်းနဲ့ နှင်းလဲ့ဖြူနဲ့က၊ တကယ်လိုက်ဖက်တယ်ကွ။ သက်တူရွယ်တူ၊ စရိုက်တူ၊ ပြီးတော့ ... သူက ..., ပိုတောင်လှသေးတယ်။

အစ်မ ဖြစ်တဲ့သူကို၊ သူ့လူနဲ့သူ၊ ပြန်စေ့စပ်ပေး။ ပြီးရင် ... မင်းရဲ့ အချစ်မြားဦးကို၊ နှင်းလဲ့ဖြူဘက် အသာလေး လှည့်လိုက်ရုံပဲ။

အဲဒီတော့၊ မမြလဲ့ညိုနဲ့ ကိုကျော်စွာဝင်းကို ပြန်ညှိနှိုင်းပေးမယ်၊ မင်းရဲ့ ဆုံးဖြတ်ချက်၊ မှန်တယ် ...လို့ ငါ ... ပြောတာ"

ကျွန်တော် စိတ်ထဲတွင်၊ ထောင်းခနဲဖြစ်သွားသည်။





"ရွှေသွေး၊ မင်းစကားက၊ ရိုင်းတယ်ကွာ။ အနောက်အပြောင် စကားအဖြစ်တောင်၊ မင်း, မပြောသင့်ဘူးနော်။ တခြားလူသာဆိုရင်၊ မင်းကို၊ ငါ ... ဆွဲထိုးလိုက်ပြီ"

ရွှေသွေးက ...,

"မှန်တာပြောလို့ ထိုးချင်လည်း ထိုးပေါ့ကွ။ မင်း ... အဲဒီလို ရည်ရွယ်ပြီး၊ ဆောင်ရွက်တာ မဟုတ်မှန်း၊ ငါရော ... သက်ဦးရော သိကြတာပဲ။ ငါက ..., ငါမြင်တဲ့အမြင်ကို ပြောတာ"

"မင်းက၊ ဘာမြင်တာလဲ"

"နှင်းလဲ့ဖြူရဲ့ မျက်လုံး။ သူ့မျက်လုံးထဲမှာ မင်းကို နှစ်သက်တဲ့ အငွေ့အသက်တွေ၊ ငါတွေ့တယ်"

"တော်စမ်းပါကွာ။ မိန်းကလေးတစ်ယောက်ကို၊ အဲဒီလိုလျှော့တွက်တာ၊ မကောင်းပါဘူး"

သက်ဦးက ...,

"ဟုတ်တယ်၊ မင်းထွဋ်ခေါင်။ ငါလည်း ... သတိထားမိတယ်။ ရွှေသွေးပြောတဲ့၊ အရိပ်အငွေ့တွေ၊ ငါလည်း တွေ့တယ်"

"ပြဿနာပဲ။ မင်းတို့၊ တစ်ခါတည်း မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထား။ ကိုကျော်စွာဝင်းနဲ့၊ မမနဲ့ ပြေလည်သွားရင်။ မမကို ငါ စွန့်လွှတ်ရမှာ သေချာတယ်။

ဒီ့ထက် ပိုသေချာတာတစ်ခု ပြောမယ်။ ငါ့ ရင်ထဲမှာ၊ မမကို ချစ်ခွင့်မရှိတော့ဘူးဆိုရင်တောင်၊ ထားသင့်ထားအပ်တဲ့ စိတ်မျိုးနဲ့၊ မမကိုပဲ သိမ်းထား မှာ။

နှင်းလဲ့ပြုံ မပြောနဲ့။ တခြား ဘယ်မိန်းက လေးကိုမှ။ ဘာစိတ်နဲ့မှ၊ ငါ့ရင်ထဲ ထည့်မထားဘူး။ အဲဒါ ... တစ်ဘဝလုံးအတွက် သေချာတဲ့ စကားပဲ။ နောက်ကို ... မင်းတို့နှစ်ယောက်စလုံး။ မနောက်မိ မပြောမိအောင်။ သေသေချာချာ ဆင်ခြင်ပေးပါကွာ။ ငါ တကယ်တောင်းပန်တာပါ။

မမကို မချစ်သင့်တော့ဘူးလို့ ယူဆ,ပြီး မချစ်တော့လို့၊ ငါ ... စွန့်လွှတ်မှာ မဟုတ်ဘူး။ ချစ်တဲ့သူက ... သူတစ်ပါးအပေါ်၊ လိုအပ်တာထက် ပိုပြီး၊ ပြင်းပြင်းထန်ထန် အထင်မှားတာမျိုး။ မဖြစ်စေ ချင်လို့၊ အပြစ်ထက် အပြစ်ဒဏ်က၊ ပိုပြီး ကြီးလေး နေတာကိုလည်း၊ မဖြစ်စေချင်လို့။ အမှန်တရားရှိတဲ့ ဘက်ကို၊ ငါ ... တွန်းပို့ရမှာ။

အလွယ်ပြောရရင်။ ရင်နာနာနဲ့၊ နာတဲ့ရင်ကို





ဖိပြီး။ သူ တစ်ပါးရင်ခွင်ထဲ၊ တွန်းပို့ရမှာ။ ဖြေဆည် စရာဆိုလို့။ ငါ တွန်းပို့တဲ့ ရင်ခွင်ဟာ၊ သူ့ချစ်သူရဲ့ ရင်ခွင်ပါလား ... ဆိုတဲ့၊ အခြေအနေလေးတစ်ခုပဲ ရှိတယ်။ အဲဒါလေးတွေးလိုက်ရင်။ ရင်နာပေမယ့်၊ သက်သာပါတယ်ကွာ''

သက်ဦးက ...

''ဟာ။ ဒါဆို။ မင်းက ... မမြလဲ့ညှိုကို၊ မချစ်တော့တာမျိုး မဟုတ်ဘူးပေါ့''

ကျွန်တော် ဆိတ်ဆိတ်နေလိုက်သည်။ ရွှေသွေးက ...,

''ချစ်နေသေးတာပဲကွာ။ သူ ပြဿနာနဲ့သူ၊ ရှိပေစေပေါ့။ ညှိနှိုင်းပေးမယ့်အစီအစဉ်ကို၊ ငါတို့ ဖျက်လိုက်ကြမယ်''

''မဖျက်ဘူး။ ဒီအတိုင်း ဆက်ထားရင်။ သူတို့နှစ်ယောက် ကွေကွင်းသွားမှာပဲ။

မမက ... ငါ့ကို မချစ်ရင်တောင်။ သူတစ်ပါး နဲ့ လက်မဆက်တဲ့အတွက်၊ တစ်ဝက်လောက် စိတ် ငြိမ်းရမှာပဲ။

ဒါပေမဲ့ ... ပွဲလှန့်လိုက်တာလည်း ငါ။ ပွဲလန့်တုန်း ဖျာခင်းတာလည်း ... ငါ၊ မဖြစ်ချင်ဘူး။ ငါ့ကြောင့် ပွဲလန့်သွားတယ်လို့၊ ယူဆ,ပြီး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပွဲကို ပြီးတဲ့အယိကာ.မို့ ငါ . . . ပြန်စိစဉ်မှုဖြစ်မယ်။
ငါတို့အသက်တွေ၊ ငယ်ပါသေးတယ်ကွာ။
ငယ်ငယ်ရွယ်ရွယ်နဲ့၊ ခံစားမှုကြီးကြီး၊ အလုပ်ကြီးကြီး၊
ပေးဆပ်မှုကြီးကြီး၊ ဆောင်ရွက်မှုကြီးကြီးတွေ၊ လုပ်
ကြည့်ကြတာပေါ့။

မသိချင်ယောင်ဆောင်ပြီး၊ ခေါင်းရှောင်လို့
ရတဲ့ကိစ္စတွေကို၊ သိအောင်လုပ်ပြီး၊ ခေါင်းနဲ့တည့်
တည့် ဝင်တိုးရဲမှ၊ လူငယ် ပီသ.တယ်ကွ''

ပြောပြီး၊ ဦးခေါင်း တစ်ချင့်တွင်၊ သွေးတွေ ရဲရဲနီသွားတော့မည် . . . ဟု၊ တွေးမှတ်ခံစားရချေသည်။ အသက်ကြီးရင့်သူများက . . . အားမတန်မာန်လျှော့၊ ခါးမတန် ပြန်ကော့နေကြသဖြင့်၊ မဟာတံတိုင်းကို၊ ဦးခေါင်းနှင့် ဝင်ဆောင့်ခဲ့ကြရသော၊ လူငယ်တွေ၏ မဟာရာဇဝင်များစွာကို၊ မဆီမဆိုင်၊ ကျွန်တော် တွေးတောအားကျမိချေသည်။



[ ၁၆ ]

ကိုကျော်စွာဝင်းနှင့် အဆင်ပြေသဖြင့် တော်ပါသေး၏။ ကျွန်တော်တို့ကို မြင်လျှင်မြင်ချင်း၊ သူ . . . အထိတ်တလန့် ဖြစ်သွားပုံရ၏။ သို့သော် . . . , ကျွန်တော်တို့၏ ဝတ်စားဆင်ယင်မှုကို ကြည့်မြင်ကာ၊ မျက်နှာအနေအထား ပြောင်းသွား၏။ နေ့စဉ် အဝတ်အစားများကဲ့သို့၊ ဝတ်ဆင်ကြခြင်းမပြုဘဲ၊ ကော်လံပြတ်အကျႌတွေ၊ ချည်လုံချည်တွေ ဝတ်ဆင်သွားကြခြင်းဖြစ်၏။

ကျွန်တော် လာရသည့် ရည်ရွယ်ချက်၊ ကျွန်တော့် စိတ်နေစိတ်ထားတွေကို၊ ကျွန်တော် တစ်ဆင့်ပြီးတစ်ဆင့် ပြောပြသည်။ ကိုကျော်စွာဝင်း၊ နားဝင်၏။ သဘောပေါက်၏။ လက်ခံ၏။

''ဒါ့ကို ခွင့်လွှတ်ပါကွာ။ စိတ်မဆိုးပါနဲ့။ ငါ
တောင်းပန်ပါတယ်''

''ရပါတယ်။ အနာလည်း ပျောက်သွားပါပြီ။
ကျွန်တော့် စိတ်ထဲ ဘာမှမရှိတော့ဘူး။ ကျွန်တော့်
ကြောင့် ဖြစ်ရတာလေ။ သေသေချာချာ မသိလို့၊



www.burmeseclassic.com

www.burmeseclassic.com



ပဋိပက္ခ ဆိုတာ၊ ဖြစ်ကြရတာ''

''ဟုတ်တယ်ကွ။ ညို ... ငါ့ကို ပြောတာ၊ မင်းကိစ္စနဲ့ ပတ်သက်ပြီး၊ တစ်ခွန်း နှစ်ခွန်းတည်း။ ကောင်လေးတစ်ယောက် လိုက်နေတယ်။ လမ်းမှာ တွေ့ရင်၊ ဟိုဟိုဒီဒီ အထင်လွဲမနေနဲ့ဦး ... တဲ့၊ ဒါပဲ။

ငါက ... အကြီးကြီး စိုးရိမ်သွားတာ။ အဲဒါကို သူ ... မသိဘူး။ မင်းကိုလည်း တွေ့ရော၊ ငါ ... ကြောက်ကြောက်နဲ့ တီးထည့်လိုက်တာကွ။ ငါ ... မင်းကို ကြောက်တာ၊ ညို ... မသိဘူး။ ငါကလည်း၊ ဝန်မခံဘူး။ ကြောက်ကြောက်နဲ့ လုပ်လိုက်တာပါ ညိုရယ် ဆိုရင်၊ ပြီးပြီ။

ဒါပေမဲ့ ....

ကြောက်တယ်လို့ ဝန်ခံရမှာ၊ ငါရှက်ခဲ့တာ''

ကိုကျော်စွာဝင်း၏စကားကို ကျွန်တော် နားမရှင်း။ မျက်ခုံးလေးတွန့်ကာ ပြုံးလျက် ကျွန်တော် နားထောင်နေရသည်။ ကိုကျော်စွာဝင်းက ...

''မင်း ... နားမရှင်းဘူး ထင်တယ်''

ကျွန်တော် ခေါင်းညိတ်သည်။ ကိုကျော်စွာဝင်းက၊ စကားဆက်၏။

''မင်း ... ပြန်လုပ်မှာစိုးလို့၊ မင်း ... ဘာမှ





ပြန်မလုပ်နိုင်ခင်။ ငါ ... ပြေးတွန်းတယ်။ ပြီးတော့ ... ပြေးကန်တယ်။ ဒါမှ ... မင်း မထ,နိုင်မှာလေ။ ရိုးရိုးလေးပြောရရင်၊ လက်ဦးအောင်လုပ်တာပေါ့ကွာ။ အဲဒါ ... ပြန်လုပ်မှာ ကြောက်လို့၊ ပြန်မလုပ်နိုင်အောင်၊ ကိုယ်က ... စ, ကြမ်းပစ်လိုက်တာ''

''ဪ''

''ညိုက,တော့ စွပ်စွဲတာပေါ့ကွာ။ ကြမ်းတမ်းတဲ့ စရိုက်က၊ တိရစ္ဆာန် စရိုက်တဲ့။

မဟုတ်ဘူး။ ကြောက်တတ်တဲ့ လူတွေရဲ့ စရိုက် ... လို့၊ ငါ ... မပြောခဲ့မိဘူး။

ရက်စက်တဲ့လူ၊ ကြမ်းကြုတ်တဲ့ ... လူဟာ၊ သူလည်း ... အဲဒီလို အပြုအမူခံရမှာကို၊ ကြောက်တတ်တယ်။ သူ ... ခံရမှာကြောက်လို့၊ သူတစ်ပါးကို၊ လက်ဦးမှု ယူတာလေ။

မကြောက်တတ်တဲ့လူက၊ အရာရာကို ရင်ဆိုင်ပြေရှင်းတယ်။ ဘာတစ်ပြန် ကျားတစ်ပြန်ကို၊ ပိုလိုလားတယ်။ ငါ ... ဦးအောင်ဆော်ထည့်လိုက်မယ် ... ဆိုတာ၊ မရှိဘူး။ ကိုယ် ... ရှုံးရင်လည်း၊ ကျေကျေနပ်နပ် ခံခဲ့တယ်။ ကိုယ်နိုင်ရင်လည်း၊ အနိုင်မကျင့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့၊ ငါ့ကို လက်တုံ့မပြန်တာ။ ငါ ... အရမ်းကျေးဇူးတင်ပါတယ်ကွာ။ မင်းတို့သာ ... ငါ့ကို တစ်ခုခု လုပ်ကြမယ်ဆိုရင်။ ငါ့မှာ ... မြေပုံရာ ကင်းမှောင့်ပဲ။ ချစ်သူနဲ့လည်း အဆင်မပြေ။ ရန်သူတွေကလည်း ... ဝိုင်း။ ငါ ... ရှုံးသွားနိုင်တယ်"

ကျွန်တော်က ...

"ပထမ,တော့။ ကျွန်တော်လည်း၊ ပြန်လုပ်ဦးမလို့ပါပဲ။ နောက်တော့ ... မမက၊ ကိုကျော်စွာဝင်းကို၊ အရေးယူတာ။ တလွဲကြီးဗျ။ အဲဒါကို၊ ကျွန်တော် ကိုယ်ချင်းစာလို့၊ အခု ... ဒီကိစ္စကို၊ စီစဉ်တာ"

"ငါ ဘာလုပ်ရမလဲ။ ဖုန်းလည်း မဆက်ရဲ။ လူကိုယ်တိုင်လည်း မသွားရဲ။ ဖြစ်နေတာ။ မိဘ,တွေကိုလည်း၊ မပြောရဲဘူး။ ဒီကို ... ပြန်လာတာ၊ ညီနဲ့လက်ထပ်ဖို့။ အခု ... ဒီလို ဒီလို ဖြစ်နေပြီဆိုတာ၊ ဘယ်သူ့ကိုမှ မပြောရဲဘူး"

ကျွန်တော်က ...

"ကိုကျော်စွာဝင်းအနေနဲ့၊ မမရဲ့ ရှေ့မှာရော ... နောက်မှာရော ...၊ ကြမ်းတမ်းရက်စက်တဲ့ အပြုအမူကို၊ ဘယ်တော့မှ မလုပ်တော့ပါဘူး ...





လို့၊ မမ ... ကို ကတိပေးလိုက်ရုံပဲလေ။ အဲဒါဆို အဆင်ပြေမယ် ထင်တယ်။ အဲဒီ့ ကတိ၊ ကိုကျော်စွာဝင်း ပေးနိုင်မလား"

"ပေးနိုင်တာပေါ့ကွာ။ ဒါပေမဲ့ ... ဘယ်လိုပေးမလဲ။ လောလောဆယ်၊ ငါ ... သူ့အနား မသွားရဲဘူး"

"အဲဒီ့အတွက်၊ ကျွန်တော်တို့လာတာပဲ။ ကျွန်တော် ... မမကို၊ နားဝင်အောင်၊ အရင် ... ရှင်းပြထားမယ်၊ အိုကေပြီဆိုတာနဲ့ ကိုကျော်စွာဝင်း၊ ကိုယ်တိုင် သွားပါ"

ကိုကျော်စွာဝင်း၊ ခေါင်းညိတ်၏။ ပြီးမှ ...

"ဖြစ်ပါ့မလား"

"ဖြစ်ပါ့မလား ... ဆိုတဲ့ မေးခွန်းက၊ မလုပ်ရသေးတဲ့အလုပ်တစ်ခုအတွက်၊ ကြိုတင်ထွက်ပေါ်လာတဲ့ ... အဖြေမဟုတ်ဘူး"

ကိုကျော်စွာဝင်းက၊ သဘောကျစွာ ရယ်မော၏။ ကျွန်တော်တို့ကို လက်ဆွဲနှုတ်ဆက်သည်။ သူ့လက်ထဲသို့ ကျွန်တော့် အသည်းနှလုံး ပါသွားပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ကြမ်းတမ်းတဲ့ အပြုအမူ ရက်စက်တဲ့ ဝေလေ့စရိုက်ကိုမဆို၊ မမရှေ့မှာရော၊ နောက်မှာရော . . . ကိုကျော်စွာဝင်းက၊ လုံးဝ . . . မလုပ်တော့ပါဘူး . . . တဲ့။ ကတိပေးတယ် . . . မမရဲ့။ အဲဒါ . . ."

နှင်းလဲ့ဖြူနှင့် မိခင်ဖြစ်သူတို့က၊ အိမ်နောက်ဖေးဘက်တွင် ရှိနေကြသည်။ မမနှင့်ကျွန်တော်က၊ အိမ်ရှေ့ခန်းမှာ ရှိ၏။ ကျွန်တော်၏ စကားတီးတိုးသံများ အဆုံးတွင်၊ မမက . . .,

"မင်း . . .။ ငါ့ကို ဆရာလာလုပ်နေတာလား"

"ဆရာလုပ်တာမှ မဟုတ်တာ။ မမအသက်အရွယ်၊ မမအသိဉာဏ်က၊ ကျွန်တော် ဆရာလုပ်မှ သိမယ့် မြင်မယ့် အရွယ်မှ မဟုတ်တာ။ သတိမေ့မှာစိုးလို့၊ သတိပေးတာမျိုးလောက်ပါ"

"ကျုပ်က၊ ဘာကို သတိမေ့ရမှာတုံး"

"သူချစ်ကိုယ်ချစ် နှစ်ကိုယ်ချစ်ဆိုတဲ့စကား။ မမ ပြောဖူးတယ်လေ"

"ပြောဖူးတော့၊ ဘာဖြစ်လဲ"





"မမနဲ့ ကိုကျော်စွာဝင်းနဲ့က၊ နှစ်ကိုယ်ချစ်, ချစ်တဲ့ ချစ်သူတွေလေ။ အဲဒီ . . . သူချစ်ကိုယ်ချစ်၊ နှစ်ကိုယ်ချစ်တဲ့ ချစ်သူတွေ။ ခွင့်လွှတ်ညှိနှိုင်းလို့ရတဲ့ ကိစ္စမျိုးလောက်နဲ့၊ လမ်းမခွဲသင့်ဘူး။ သစ္စာမဲ့တဲ့ ကိစ္စ။ ဖောက်လွဲဖောက်ပြန်လုပ်တဲ့ကိစ္စမျိုးလည်း၊ မဟုတ်ဘူး။

မမ မနှစ်သက်တဲ့ စရိုက်ဆိုးကို၊ ကိုကျော်စွာဝင်းက၊ သိသိကြီးနဲ့၊ လုပ်မိတာမှ၊ မဟုတ်တာ။ မသိလို့ လုပ်မိတာ။ ပြီးတော့ . . ., မမကို ချစ်လို့၊ လုပ်မိတာလေ။

အခု . . ., မမ ဘာကိုမနှစ်သက်ဘူးဆိုတာ၊ သူ . . . သိသွားပြီပဲ။ သိတဲ့အချိန်က,နေ၊ နောက်ဆုံးထွက်သက်အထိ၊ မလုပ်တော့ပါဘူးလို့ ကတိပြုတာ၊ အဲဒါ . . . အပြစ်အကင်းဆုံး၊ သစ္စာ အဓိဋ္ဌာန်ပဲ။

မမရယ် . . .။ ချစ်သူ ဆိုတာ၊ အပြစ်လုပ်မိလို့၊ အပြစ်ပေးရရင်တောင်။ ခွင့်လွှတ်ဖို့ ခက်သလောက်၊ စွန့်လွှတ်ဖို့လည်း၊ ခက်ပါတယ်။ မမအနေနဲ့၊ ခွင့်လွှတ်ဖို့ ခက်တယ်ပဲ ထား။ စွန့်လွှတ်ဖို့ကော၊ လွယ်လို့လား။

မနှစ်သက်တဲ့အရာကို၊ လွှင့်ပစ်လိုက်ဖို့ လွယ်



www.burmeseclassic.com

www.burmeseclassic.com



သလောက်။ နှစ်သက်ခဲ့တဲ့အရာကို၊ စွန့်လွှတ်ဖို့က တော်တော်ခက်တယ်။ ခွင့်လွှတ်ဖို့ ခက်နေပါတယ် ဆိုရင်လည်း၊ ငါချစ်လို့ လုပ်မိတာပါလား . . . လို့ တွေးကြည့်လိုက်ရုံနဲ့၊ လွယ်လွယ်နဲ့ ခွင့်လွှတ်လို့ ရသွားမှာပါ မမရယ်။ နော်''

''နင် . . . တော်တော် စကားတတ်နေပါလား''

''အချစ်ကို အခြေခံပြီး ပြောတဲ့ စကားတိုင်း သိမ်မွေ့နေတာပါပဲ . . . မမ။ တစ်ဖက်က၊ တောင်းပန်နေရင်၊ ကိုယ့်ဘက်က. သိမ်မွေ့နူးညံ့စိတ်နဲ့၊ ခံယူကြည့်လိုက်ပေါ့။ အချစ်က.လွဲလို့ တခြား အဖြေတွေ ရှိတော့မှာ မဟုတ်ပါဘူး''

''ငါက၊ သူ့ကို၊ ပက်ပက်စက်စက်ပြောထားတာဟဲ့''

ညှိနှိုင်းမှု၏ အသွင်သဏ္ဍာန်၊ ရုပ်လုံးကြွလာပြီ . . . ဟု ကျွန်တော် သိလိုက်သည်။ ထို့ကြောင့် . . ., ကျွန်တော်က . . .

''အဲဒီ၊ ပြောတာဆိုတာတွေကို၊ ကိုကျော်စွာဝင်းက၊ အပြစ်လို့၊ ယူဆ.ထားတဲ့သူမှ မဟုတ်တာ။ သူ . . . ကိုယ်တိုင်က၊ မမကို တောင်းပန်ချင်နေတာလေ။ သူကိုယ်တိုင်က၊ မမ မကြိုက်တာ မလုပ်တော့





ပါဘူး . . . လို့၊ ကတိပြုနေတာ။

သူ . . . မမကို ကြောက်နေလို့ ကျွန်တော်က . . . ရှေ့ပြေးလာရတာ။ သချာ်နည်းနဲ့ပဲ၊ တွက်ကြည့်လိုက်ပါ မမရယ်။ အဖြေက၊ အချစ်ပဲ ထွက်လာတာပါ''

''ဘာလဲ၊ သချာ်နည်း''

''တစ်ယောက်က၊ ချစ်တယ်။ ဒါပေမဲ့ . . . ချစ်သူ မနှစ်သက်တာကို လုပ်မိတယ်။ အဲ . . . တစ်ယောက်က.လည်း၊ ချစ်တယ်၊ ဒါပေမဲ့ . . . အဲဒီ မနှစ်သက်စရာကို လုပ်လို့၊ စိတ်ဆိုးတယ်။

အဲဒီ . . . မနှစ်သက်တာကို၊ လုပ်မိတာရယ်၊ လုပ်မိတာကို စိတ်ဆိုးနေတာရယ်ကို၊ သူ့ဘက်ကိုယ့်ဘက် ချေဖျက်ပစ်လိုက်ရင်၊ နှစ်ဖက်စလုံးမှာ၊ အချစ် . . . ဆိုတာပဲ၊ ကျန်ရှိတော့တာပဲ။ မယုံရင် . . . မမဘက်က၊ စိတ်ဆိုးနေတာလေးကို၊ ချေဖျက်ကြည့်လိုက်ပါလား''

''မင်းထွင့်ခေါင်''

''ဗျာ''

''ငါ့ကို နင် . . . ချစ်တယ် . . . လို့ ပြောထားဖူးတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မလုံမလဲ၊ ခေါင်းညိတ်ဖြစ်သည်။

"အခု ... ကိုကျော်စွာဝင်းဘက်ကို ရော
အောင်၊ ငါ့ကို နင်ပုတ်ထုတ်နေတာ၊ ဘာရည်ရွယ်
ချက်လဲ"

"ပုတ်ထုတ်နေတာ မဟုတ်ဘူး။ တွန်းပို့
တာ"

"အေး။ အဲဒါ ... ဘာရည်ရွယ်ချက်လဲ"

ကျွန်တော် မဆိုင်းမတွ ဖြေလိုက်သည်။

"သူချစ်ကိုယ်ချစ်၊ နှစ်ကိုယ်ချစ်တဲ့သူတွေ
ဘာကြောင့်မှ မကွေကွင်းစေချင်လို့၊ ကွေကွင်းခဲ့
လည်း၊ ကျွန်တော့်ကြောင့်ဆိုတာ၊ မဖြစ်စေချင်လို့

ကျွန်တော်က၊ ချစ်တယ် ... လို့ပြောပြီး
ကျွန်တော် ချစ်တဲ့သူ၊ သူ့ချစ်သူနဲ့ ကွေကွင်းအောင်
တော့၊ ကျွန်တော် မလုပ်ချင်ဘူး ... မမ။

ပြီးတော့ ... မမချစ်သူက၊ မမကို၊ အနိုင်
ကျင့် စော်ကားနေတဲ့သူလည်း၊ မဟုတ်ဘူး။ သူ
ချစ်သူကို၊ သူ ... နှစ်နှစ်ကာကာချစ်ပြီး၊ သူ ...
တတ်စွမ်းသလောက်၊ ကာကွယ်နိုင်တဲ့သူ ဆိုတာ
ကျွန်တော် သိနေလို့ပဲ။

ကျွန်တော့်ကို ထိုးကြိတ်တဲ့ ဒဏ်ရာ၊ ဘယ်





လောက်ပြင်းသလဲဆိုတာ၊ မမ အသိပဲ။ မမကို၊ စွန့်
လွှတ်ရမှာ ကြောက်တဲ့ စိတ်အဟုန်ကြောင့်၊ သူ့ရဲ့
ထိုးကြိတ်ကာကွယ်မှုက၊ အဟုန်ပြင်းသွားတယ် ...
ဆိုတာ၊ မမ ... မသိပေမယ့်၊ ကျွန်တော် သိတယ်
လေ။

ပြီးတော့ ...၊ ကျွန်တော် တစ်ခုမေးချင်
တယ်၊ ဟိုးအရင်က၊ ကိုကျော်စွာဝင်း၊ အခုလို ...
ကြမ်းကြမ်းတမ်းတမ်း ပြုမူတာ၊ မမ မြင်ဖူးလား"

မမ ခေါင်းခါ၏။

"ချစ်သူကို ကာကွယ်လိုစိတ်နဲ့၊ ကြမ်းတမ်း
ရက်စက်မိတဲ့သူကို၊ လူကြမ်း ... လို့တော့၊ မသတ်
မှတ်သင့်ဘူး ... မမ"

"မမ ... သူ့အပေါ်၊ စကားတွေ ကြမ်းခဲ့ပြီး
ပြီ၊ မင်းတွေ့ရှခေါင်"

"စိတ်ကြမ်းတဲ့အချိန်မှာ ပြောလို့ စကားကြမ်း
သွားတာ နေမှာပေါ့။ နူးညံ့စိတ်နဲ့ ပြောကြည့်ပါလား။
စကားလုံးတိုင်း စကားလုံးတိုင်း၊ ပန်းပွင့်လေးတွေ
လိပ်ပြာလေးတွေလို လှလှပပလေးတွေ ဝဲပျံ ပွင့်လန်း
လာလိမ့်မယ်"

မမ သက်ပြင်းချ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ပြော"

"မမ ဝင်ခွင့်ပေးမယ်ဆိုရင်၊ ကိုကျော်စွာဝင်းကို၊ ကျွန်တော် သွားခေါ်ပါရစေ"

"ဟဲ့ . . . သူက၊ ဘယ်မှာမို့လဲ"

"လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ၊ ကျွန်တော့် သူငယ်ချင်းတွေနဲ့ ထိုင်နေတယ်၊ ကျွန်တော်က မမဆီကို သံတမန်အဖြစ်နဲ့ အရင်လာတာ"

"ဪ . . .။ ရှင်တို့က၊ စီမံချက်ကို၊ သေသေချာချာ ဆွဲထားကြတာပေါ့၊ ဟုတ်လား"

"ရေရှည်စီမံကိန်းတွေက၊ ဆံဖြူသွားကျိုးမှ၊ အကောင်အထည်ပေါ်မှာမို့လို့၊ အရေးပေါ်စီမံချက်ကို၊ အမြန်ရေးဆွဲပြီး အမြန်လာရတာပါ . . . မမရယ်" . . . ဟု၊ ပြောပြီး ကျွန်တော် ထိုင်ရာမှ ထ,သည်။ "မမ ဘယ်မှမသွားနဲ့နော်" . . . ဟု၊ မမကို မှာသည်။ ခြေလှမ်းတွေ လွှန်စွာသွက်၏။ ဝေးကွာခြင်း၏အစ, ခရီးအတွက် ခြေလှမ်းတွေ လေးလံချင်သည့်တိုင်၊ အချစ်၏ အတောင်ပံခတ်သံက လျင်မြန်လွန်းသောကြောင့်၊ အခြားသော ခြေလှမ်းများ၊ နှေးတုံ့လေးကန်၍ မဖြစ်တော့။



[ ၁၇ ]

"ကိုကျော်စွာဝင်း ပြန်သွားပြီးတော့မှ၊ အမေနဲ့ငါနဲ့ ဝင်ပြောရဲကြတာ။ နင်က . . . ငါ့ကို ပြောခိုင်းထားတယ်ဆိုတာပါ၊ မမညိုကို၊ ငါ ပြောပြလိုက်သေးတယ်" . . . ဟု၊ နှင်းလဲ့ဖြူ ပြော၏။ "နင်, တော်တော်ပါးစပ်လုံတယ်နော်" . . . ဟု၊ ကျွန်တော် အပြစ်တင်သံပြုသည်။ "အခြေအနေကောင်းလို့၊ ငါ ပြောရဲတာပေါ့ဟဲ့။ ငါ ကိုယ်တိုင်ပါ ဒီ စီမံချက်ထဲပါတယ်လို့၊ မမညို သိရတော့၊ ပိုပြီးလေးနက်ရာရောက်တာပေါ့။ ညီမ အရင်းကိုယ်၌က၊ လိုလားတဲ့ကိစ္စပါလား . . . ဆိုတာ၊ မမညို ခန့်မှန်းနိုင်တာပေါ့။ မဟုတ်ဘူးလား" . . . ဟု၊ နှင်းလဲ့ဖြူ ရှင်းပြ၏။

ရွှေသွေးက . . .

"ဒါဆို၊ ဒီ ဇာတ်လမ်းက၊ ပေါင်းကြလေသတည်းပေါ့"

"ပေါင်းရအောင်လုပ်ပါတယ် ဆိုမှ၊ ပေါင်းကြလေသတည်းပေါ့ကွ။ မင်းက,လည်း" . . . ဟု၊ ရွှေသွေးကို၊ ကျွန်တော် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးက . . . ,

"မင်းသားနှစ်လက်၊ မင်းသမီး တစ်လက် ဇာတ်လမ်းတိုင်းမှာ၊ တစ်ယောက်က, မင်းသမီးနဲ့ ညားရင်၊ တစ်ယောက်က, သေရင်သေ၊ မသေရင် . . . လွမ်း။ အဲဒါလေး လိုနေတာကို ငါ ပြောတာ"

နှင်းလဲ့ဖြူ မျက်လုံးလေးဝိုင်းလျက်၊ ကျွန်တော့်ကိုကြည့်နေလေသည်။ သက်ဦးက . . .

"ဒီကောင်။ မင်းထွဋ်ခေါင်။ လွမ်းသွားတယ် ပေါ့ကွာ။ ကျန်ရစ်ဖြစ်သွားတယ်ပေါ့။ ရှင်းရှင်းလေး ပဲဟာ"

ကျွန်တော် နှင်းလဲ့ဖြူကို ရှိသည် . . . ဟုပင်၊ သဘောမပိုက်ဘဲ ပြောချင်ရာ ပြောချပစ်လိုက်သည်။

"ငါ့မှာ အလွမ်းဆိုတာ မရှိစေရဘူးကွ။ မင်းသားနဲ့ မင်းသမီး ညားတယ်၊ လူကြမ်းသေတယ် . . . ဆိုတာမျိုး။ မင်းတို့ ကြားဖူးကြတယ် မဟုတ်လား။

အေး။ ငါက . . . သေလူပဲ ဖြစ်ချင်တယ်။ လွမ်းကျန်ရစ်မယ့်သူ မဖြစ်ချင်ဘူး။ ဒီတော့ . . . ဒီဇာတ်လမ်းမှာ၊ ငါ . . . သေသွားတယ် . . . လို့ မင်းတို့သဘောထား။





ငါ . . . မမကို မလွမ်းသင့်တော့ဘူး။ မလွမ်းသင့်တော့တဲ့အလွမ်းကို၊ ရင်မှာပိုက်ပြီး လွမ်းကျန်ရစ်ခဲ့တာ၊ အဲဒါ အ,ကုသိုလ်တစ်မျိုးပဲ။ သူ့ချစ်သူနဲ့သူ၊ လက်ဆက်တော့မယ့် အမျိုးသမီးတစ်ယောက်အပေါ်, ငါက . . . လွမ်းစရာလား။ အဲဒါ . . . ငရဲ, အဲဒါ . . . အ,ကုသိုလ်၊ အဲဒါ . . . အပါယ်။

အ,ကုသိုလ်နဲ့ ရှင်ကျန်ရစ်ခဲ့မယ့်အတူတူ၊ ဘာမှ မတွေးမတောဘဲ၊ သေသွားတာက,မှ၊ လိပ်ပြာသန့်သေးတယ်။ အဲဒီတော့ . . . လူကြမ်းကြီး မင်းထွဋ်ခေါင် အေးအေးဆေးဆေး သေသွားတယ် ပေါ့ကွာ။ ဒါပါပဲ"

"ဟဲ့"

နှင်းလဲ့ဖြူက၊ ကျွန်တော့် ပါးစပ်ကို စာအုပ်ဖြင့် လှမ်းပုတ်သည်။

"ဘာလဲ"

"သေစကား မပြောစမ်းနဲ့"

"သေ. စကားပြောတာများ၊ အဆန်းလုပ်လို့ ပြောတော့ ဘာဖြစ်လဲ"

"ဟဲ့ . . . တကယ်သေသွားမှာစိုးလို့ ပြောနေတာဟဲ့။ ပါးစပ်က ကျက်သရေ မရှိတာတွ



www.burmeseclassic.com

www.burmeseclassic.com



မပြောဖို့ တားထားနေတာ။ အ,မင်္ဂလာစကားတွေ နှင်မိုလို့ မြိန်ရေ ယှက်ရေ ပြောရဲတယ်''

''သေတာက၊ အ,မင်္ဂလာ လား''

''ဟုတ်တယ်''

''သေတာက အ,မင်္ဂလာ မဟုတ်ဘူးဟ။ တစ်ဘဝပြီး တစ်ဘဝ၊ ခဏ ခဏ သေသေနေတာ က,မှ အ, မင်္ဂလာ၊ တစ်ခါတည်း ... အပြီး၊ နောက် ထပ် ဘယ်တော့မှ မသေတော့တဲ့ သေခြင်းက အ,မင်္ဂလာ မဟုတ်ဘူး။ အကောင်းဆုံး မင်္ဂလာ။

သတ္တိရှိတဲ့ သူမှ၊ သေတဲ့အကြောင်းကို၊ မြိန် ရေ ယှက်ရေ ပြောရဲတာ။ လူကြောက်တွေက၊ သေ ခြင်းကို မသိချင်ယောင် ဆောင်တတ်ကြတယ်''

နှင်းလဲ့ဖြူက ...

''အေး၊ ငါက ... ကိုယ်တိုင်လည်း၊ သေမှာ ကြောက်တယ်။ သူတစ်ပါးကိုလည်း၊ သေမှာစိုးရိမ် တယ်၊ ဒါပဲ၊ ငါ စိုးရိမ်လို့ ပြောတာ၊ နှင် ... အလေး အနက် မထားရင်လည်း၊ ဆက်မပြောတော့ဘူး''

စိတ်ဆိုးဟန်ပြု၍ ပြောခြင်းမဟုတ်။ တကယ်စိတ်ဆိုးစွာ ပြောမှန်း၊ ကျွန်တော် သိလိုက်သည်။ ထို့ကြောင့် ကျွန်တော်က၊ ရယ်ကာ မောကာဖြင့် ...





''ကဲ ကဲ ကဲ၊ စိတ်မဆိုးပါနဲ့ အဒေါ်ကြီးရယ်။ နောက် မပြောတော့ပါဘူး။ ရှေ့လည်း မပြောတော့ ပါဘူး''

''ငါ ... သေမှာ တကယ်ကြောက်တာ မင်း ထွန့်ခေါင်း၊ ငါ့အစ်ကို သေတာကို၊ ငါ သေသေ ချာချာ မြင်ခဲ့ရတာ၊ အဖေသေတာတော့ သိပ်မမှတ် မိဘူး။ သေမှာလောက် ဘယ်အရာကိုမှ၊ ငါ မကြောက်ဘူး။ အဲဒါကြောင့် ..., ငါ့ရှေ့မှာ၊ သေ စကား သိပ်မပြောပါနဲ့။

တစ်ကမ္ဘာလုံး တစ်လောက,လုံးမှာ၊ သေတာ ထက် ပိုပြီး အရေးကြီးတဲ့ကိစ္စ မရှိဘူး။ သေတာ လောက် ကြောက်စရာကောင်းတာ မရှိဘူး။ အဲဒါ ... သေတဲ့ကိစ္စကို၊ ပေါ့တီးပေါ့ပျက် နောက်နေ ပြောင်နေရင်လည်း၊ ငါ မကြိုက်ဘူး။ သေတဲ့ကိစ္စကို ပေါ့ပေါ့ဆဆ၊ ပြောရင်လည်း၊ ငါ ... မကြိုက်ဘူး။ သေတာ,ကို ထမင်းစားရေသောက်ကိစ္စလောက် သဘောထားနေကြတာကိုလည်း၊ ငါ ... အံ့သြ တယ်။ ကြောက်လည်း ကြောက်တယ်''

နှင်းလဲ့ဖြူက တုန်ယင်စွာ ပြော၏။ ကျွန်တော်က ...,

''ကြောက်တိုင်း လွတ်တဲ့ကိစ္စမှ မဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



သေတာ သေမင်းရဲ့ကိစ္စ။ ရှင်တာ ကိုယ့်ကိစ္စလို့ သဘောထားပြီး သေမင်းကို ဂရုမစိုက်ဘဲ နေလိုက်ပေါ့''

''နေချင်ပါတယ်။ ဒါပေမဲ့ . . . မနေရဲပါဘူး။ ငါက . . ., ခုန နင်ပြောသလို၊ ခဏ ခဏ သေတာတွေ ဘာတွေ၊ နားမလည်ဘူး။

သေရင် ဘာမှ လုပ်လို့မရတော့ဘူးဆိုတာပဲ သိတယ်။ သေရင် . . . ဘုရင်ကြီးလည်း သံလျက်ကိုင်လို့ မရတော့ဘူး။ မိဖုရားကြီးလည်း၊ အာဏာပြလို့ မရတော့ဘူး။ စစ်ဗိုလ်ကြီးလည်း စစ်တိုက်လို့ မရတော့ဘူး။ ဆရာဝန်ကြီးလည်း၊ ဆေးကုလို့ မရတော့ဘူး။

သေရင် . . .၊ ကိုရင်လေးလည်း၊ ဆွမ်းမစားရတော့ဘူး။ သီလရှင် ဆရာလေးလည်း၊ ဆွမ်းဆန်ခံလို့ မရတော့ဘူး။ ဆရာတော်ကြီးလည်း၊ တရားဟောလို့ မရတော့ဘူး။ အိုဟာ . . .၊ သေရင်၊ ဘယ်သူမှ ဘာမှ လုပ်လို့မရတော့ဘူး။

ဒါတောင် . . . တချို့က၊ သေရင်ပြီးပြီလို့၊ ထင်နေကြသေးတယ်။

နောင် သံသရာတွေ ပြီးမပြီးတော့၊ ငါလည်း





မပြောတတ်ဘူး။ ဒီဘဝ . . . ဒီလူ၊ သေရင်၊ မပြီးသေးတဲ့ကိစ္စတွေ ရှိနိုင်သေးတယ်။

ဥပမာ – လူမိုက်ကြီးတစ်ယောက် သေသွားတယ် ဆိုပါတော့။ သူ့ မိုက်ကြေးမိုက်ပြစ်တွေကို၊ သူ့သားသမီး မြေးမြစ်တွေ . . . ဆက်ခံကြရဦးမယ်။ အဲဒီ လူမိုက်ကြီးက၊ လောက တစ်ခွင်လုံးကို၊ အဆိပ်ငွေ့တွေ ဖျန်းသွားတယ်ဆိုပါတော့။ သူ သေသွားပေမယ့် . . . သူ့ယုတ်မာမှုကြောင့်၊ တခြားအရာတွေ ပျက်သုဉ်းကြရတဲ့ ကိစ္စတွေ မပြီးသေးဘူးလေ။

ဒါတောင် . . . လူကြီးတွေ ပြောပြောနေတဲ့၊ နောင်သံသရာမှာ၊ အဲဒီ အ,ကုသိုလ်ကိစ္စတွေ မပြီးနိုင် မစီးနိုင် ဖိစီးဦးမှာ . . . မပါသေးဘူး။

အကြွေးထူတဲ့ လူ၊ သေသွားတယ် ဆိုပါတော့။ သူသေသွားတာ၊ ဘယ်လိုလုပ် ပြီးမှာလဲ။ အကြွေးဆပ်ရဦးမယ်။ ဒီဘဝမှာ . . . ကျန်ရစ်သူမိသားစုက၊ ဆပ်ပေးမယ်ဆိုရင်တောင်၊ နောင်ဘဝတွေမှာ ကိုယ့်အကြွေးကိုယ်ဆပ်ရမှာ။ သေတာနဲ့မပြီးဘူး။ နင် . . . ခုနက, ပြောသလို၊ နောက်ထပ်ဘယ်တော့မှ၊ ထပ်မသေတော့တဲ့ သေခြင်းနဲ့သေမှတကယ်ပြီးမှာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်၊ သေတဲ့ကိစ္စကို၊ မပြောတတ်ရင်၊ မပြောပါနဲ့။ ပြောရင်လည်း၊ နောက်တီးနောက်တောက် မပြောပါနဲ့၊ သေသေချာချာ မသိရင်လည်း ဘာမှမပြောပါနဲ့။ ငါ ကြောက်လို့ပါ''

ကျွန်တော်က ...

''နင် ကြောက်တာက,လည်း၊ ကိုယ့်ဘာသာ တစ်ယောက်တည်း၊ မကြောက်ဘူး။

ငါတို့ကိုပါ ကြောက်အောင် ခြောက်နေသလို ပဲ''

နှင်းလဲ့ဖြူက ...

''အေး၊ အဲဒီလို ကြောက်မှ၊ သေခြင်းတရားကို၊ နင် ... ‌လေးစားမှာလေ။ အဲဒါကြောင့် ... ငါ့ ရှိရှိသမျှ စကားတွေနဲ့ နင့်ကို ခြောက်တာ''

မျက်စောင်းထိုးကာ၊ ပြော၏။

ကျွန်တော်၊ ကြောက်လန့်ဟန်ပြုသည်။

မျက်စောင်း၏အရှိန် ပို၍ မြင့်လာ၏။ ကျွန်တော် သေမှာကို၊ သူ စိုးရိမ်နေသည့် ပမာ။

❋ ❋ ❋ ❋



[ ၁၈ ]

ကိုကျော်စွာဝင်းနှင့်မမက, တစ်တွဲ၊ ကျွန်တော်နှင့် နှင်းလဲ့ဖြူက, တစ်တွဲ။ အတူတကွ သွားလာဖြစ်ကြသည်။ အစ်ကိုနှင့်အစ်မ ဖြစ်သူ မင်္ဂလာဆောင်ကြတော့မှာမို့၊ ညီနှင့်နှမ, မောင်နှင့်ညီမတို့က၊ လိုက်လံစီမံပေးကြရသည် ... ဟု၊ ဆိုနိုင်လေသည်။ သို့သော် .. ကျွန်တော်က၊ ကိုကျော်စွာဝင်း၏ညီ အရင်းလည်းမဟုတ်, ဝမ်းကွဲလည်း မဟုတ်၊ မမ၏ မောင်အရင်းလည်း မဟုတ်၊ ဝမ်းကွဲလည်း မဟုတ်။

ထို့အတူ နှင်းလဲ့ဖြူသည်လည်း၊ ကျွန်တော်နှင့် ဘယ်လို ဆွေမျိုးစပ်စပ်၊ ဘယ်နှစ်ဝမ်းကွဲမှ မတော်စပ်ချေ။ ထို့ကြောင့် ... ကျွန်တော့်မှာ နေရ,ထိုင်ရ၊ သွားရ,လာရ၊ ပြောရ,ဆိုရ တော်တော် ...ကသည်။ တွေးကြည့်လိုက်မိလျှင်လည်း၊ ခံစားရခက်သည်။ ဘာမှ ...တော်စပ်တဲ့ သူစိမ်းတွေကြားမှာ လိုက်ပါဆောင်ရွက် နေရသည် ...ရုံမျှဖြင့်၊ ဘာအခက်အခဲမျှ မရှိနိုင်။ အခုဟာက ...ကိုယ် ...မက်နှစ်သက်ခဲ့ရသူ၏ မင်္ဂလာလက်ထပ်ပွဲအတွက် (အဲ ... တိတိ ...ကျ ပြောရမည်ဆိုလျှင်၊ တခြားသူနှင့် လက်ထပ်ရမည့်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့ရသူ၏ မင်္ဂလာပွဲအတွက်) အစစအရာရာ . . . စီစဉ်ဆောင်ရွက်ပေးနေသည့်အပြင်၊ ဆောင်ရွက်နေသည့် ကာလ,တိုင်းသည်၊ သူတို့နှင့် အတူတကွ။

ငြင်းလိုက်လျှင်လည်း၊ ငြင်းမှန်းသိသာလေသော အခြေအနေ၊ "မညို၊ ခေါ်နိုင်းလိုက်တယ်။ နင်နဲ့ငါနဲ့က . . . ဗိုလ်ချုပ်ဈေးဘက်သွားရမယ်။ သူတို့က . . . ပလာဇာ သွားကြမှာ . . ." ဟု နင်းလဲ့ဖြူ လာခေါ်သည်နှင့်၊ ကျွန်တော် လိုက်ပါခဲ့ရစမြဲ၊ ခေါ်င်းကိုက်လို့ ဗိုက်နာလို့ . . . ဟု အကြောင်းပြ ငြင်းဆန်ပါသေးသည်၊ သို့သော် . . . ငြင်းပယ်၍ မရ၊ ကျွန်တော်က သတို့သားအရံ၊ နင်းလဲ့ဖြူက သတို့သမီးအရံအဖြစ်၊ ကူညီဆောင်ရွက် ပေးရမည် . . . ဟု၊ မစကားပါးလေ၏။

သွားရင်း၊ လာရင်း၊ မမနှင့် ကိုကျော်စွာဝင်းကို စုံတွဲတစ်တွဲ . . . ဟု ထင်မြင်ကြပြီး၊ ကျွန်တော်နှင့် နင်းလဲ့ဖြူကို၊ စုံတွဲတစ်တွဲ . . . ဟု၊ ထင်မြင်ပြောဆိုကြသည်ကို၊ ခံခဲ့ရလေသည်။ ထိုအခါတွင် . . . ကျွန်တော် မျက်နှာအထားရခက်၏၊ နင်းလဲ့ဖြူကို အားနာရသကဲ့သို့၊ မမကို မျက်နှာမပြရဲသည့်အပြင်၊ ကိုကျော်စွာဝင်းကိုလည်း မျက်နှာပူရပြန်လေသည်။

"မောင်နှမတွေ" . . . ဟု၊ မမဝင်ပြောသကဲ့သို့ သူငယ်ချင်းတွေ . . . ဟု၊ ကျွန်တော် ပြောဆိုရသည်များ ရှိလေသည်။ "နင်နဲ့ငါနဲ့ကို လူတွေ တစ်မျိုးထင်တာ၊ ငါ မခံနိုင်ဘူး။ အဲဒါကြောင့် . . .





မလိုက်နိုင်ဘူး" . . . ဟု၊ ကျွန်တော် နင်းလဲ့ဖြူကို ပြောမထွက်။ "ဆန်ကြမ်းက ကောက်ညှင်းထက် ပိုစေးသည်" . . . ဟု၊ အပြစ်တင်ချင်ပေလိမ့်မည်။

တကယ်အကူအညီလိုအပ်လို့၊ မမကိုယ်တိုင် မောင်နှမစိတ်ဖြင့်၊ အခေါ်နိုင်းသည်ကို၊ ကျွန်တော် ချွင်းချက်မရှိ ယုံကြည်ပါသည်။ ဒါပေမဲ့ . . . ကျွန်တော်၊ တော်တော် အနေရခက်ရပေသည်။'

"လက်ထပ်ပွဲအတွက်၊ အစစအရာရာ ကူညီပေးခဲ့တဲ့အတွက်ရော၊ အစ်ကိုတို့ နှစ်ယောက်ကို၊ ရင်ကြားစေ့ပေးခဲ့တဲ့အတွက်ရော၊ မင်းကို အစ်ကို၊ အရမ်းကျေးဇူးတင်တယ်ကွာ။

မင်းကို၊ အစ်ကို၊ လက်ဆောင်တစ်ခုလောက် ပေးချင်တယ်။ ဘာပေးရမှန်းလည်း၊ မသိဘူး။ မင်း . . ., ဘာလိုချင်လဲ။ မင်းလိုချင်တာ၊ အစ်ကို ပေးချင်တယ်။ ပြော . . .။ ဘာယူမလဲ"

မမနှင့် နင်းလဲ့ဖြူလည်း အနားမှာ ရှိနေသည်။ မည်သူ့ကိုမျှ မကြည့်ဖြစ်အောင်၊ ကျွန်တော် နေမိ၏၊ ကိုယ်နှစ်သက်ချစ်မြတ်နိုးခဲ့သူ

နှင့် လက်ဆက်တော့မည့် သတို့သားလောင်းက၊ ကိုယ့်ကို ဘာလိုချင်သလဲ . . . ဟု၊ မေးမြန်းနေသည်မှာ၊ သေသေချာချာ တွေးကြည့်မှ၊ တော်တော် အဖြေရခက်စေမှန်း . . . သိရှိနိုင်ပေမည်။

"ဘာမှ မလိုချင်ပါဘူး ကိုကျော်စွာဝင်းရယ်၊ ကျွန်တော် မမအပေါ်ထားခဲ့မိတဲ့ စိတ်ကို၊ ပြောင်းလဲပစ်ခဲ့ပြီးတဲ့နောက် မမနဲ့ကိုကျော်စွာဝင်းနဲ့၊ ဒီက . . . နှင်းလဲ့ဖြူတို့နဲ့ ညီအစ်ကို မောင်နှမတွေလို၊ အခုလို နေထိုင်ကူညီခွင့်ရနေတာကိုပဲ၊ ကျွန်တော် ကျေနပ်နေပါပြီ။ ဘာမှ မလိုချင်တော့ပါဘူး"

"မလိုချင်ပေမယ့်လည်းကွာ။ အစ်ကိုနဲ့ညီ တို့ရဲ့၊ မင်္ဂလာပွဲ မတိုင်မီ၊ မင်းနဲ့ ဒီက နှင်းလဲ့ဖြူကို၊ အမှတ်တရ တစ်ခုခု ပေးချင်တာ။ နှစ်ယောက်စလုံးရဲ့ အကူအညီတွေကို၊ တုံ့ပြန်သောအားဖြင့်ပေါ့"

နှင်းလဲ့ဖြူက . . .

"ဖြူက,တော့ . . . လက်ထပ်လက်စွပ်ကို၊ ဘာကောင်း,ညာကောင်းတွေကို၊ မစွပ်နိုင်းဘဲ၊ ဖြူ ကိုယ်တိုင်ပဲ စွပ်ပေးချင်တယ်။ ငယ်တဲ့သူက, ဒီအခွင့်အရေးတောင်းလို့၊ ထည့်ဝါချင်မှ ထည့်ဝါမှာပါ။ ဒါပေမဲ့ . . . , ခိုင်မြဲစေချင်တဲ့ စေတနာ . . . မေတ္တာကတော့၊ သူစိမ်းလူကြီးတွေထက် ပိုပါတယ်"





ကိုကျော်စွာဝင်းနှင့်မမတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။ ပြီးနောက် . . . , မမက . . .

"ကဲ . . . ၊ ဘယ်လိုလဲ မောင်။ သင့်တော်ပါ့မလား"

ကိုကျော်စွာဝင်းက . . . ,

"မင်္ဂလာဆောင်မှာ၊ လက်စွပ် စွပ်ပေး,တာကိုက၊ မောင်တို့ရဲ့ ယဉ်ကျေးမှု အစဉ်အလာ မဟုတ်ဘူးလေ။ သိမ်မွေ့တဲ့ သူတစ်ပါး အစဉ်အလာကို၊ အတုယူထားကြတာ မဟုတ်လား။ အဲဒီတော့ . . . , ဒီလက်စွပ်ကို ဘယ်သူစွပ်စွပ် သင့်တော်ပါတယ်။

အသက်ကြီးမှ၊ ရာထူးရာခံကြီးမှ၊ နေအင်အားကြီးမှ၊ ဂုဏ်သရေရှိတာ မဟုတ်ပါဘူး။ ချစ်ခြင်းမေတ္တာရဲ့ တန်ဖိုး အတိမ်အနက်ကို၊ သိတဲ့သူ . . . တန်ဖိုးထားတဲ့သူ ဘယ်သူမဆို၊ ဂုဏ်သရေ ရှိကြပြီးသားပါ"

"မောင်ဆုံးဖြတ်တာနော်" . . . ဟု၊ မမ ပြော၏။ "နှစ်နှစ်သက်သက်၊ ဆုံးဖြတ်တာပါ" . . . ဟု၊ ကိုကျော်စွာဝင်း ပြော၏။ ပြီးမှ၊ ကျွန်တော့်ဘက်သို့ လှည့်ကာ . . .

"မင်းထွဋ်ခေါင်နဲ့ နှင်းလဲ့ဖြူ စွပ်ပေးကြပေါ့ နော့"

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်၏။ ထို့နောက်၊ ကိုကျော်စွာဝင်းက

. . .

"ကဲ . . . စကားဆက်ပါရစေဦး။ အမှတ်တရ တစ်ခုခု ပေးချင်လို့။ ဘာလိုချင်လဲ ပြောပါဦး။ ညီလေး။ မင်းထွဋ်ခေါင်"

မမကို တစ်ချက်ကြည့်မိသည်။ ပြီးမှ၊ ကိုကျော်စွာဝင်းဘက်သို့၊ လှည့်ရင်း . . .

"မမရဲ့ အရှေ့အနောက် တောင်မြောက် ဝဲယာ။ အထက်အောက် နံဘေးဝန်းကျင်၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်။ မမြင်ကွယ်ရာမှာပဲ ဖြစ်ဖြစ် မျက်မှောက်မှာပဲ ဖြစ်ဖြစ်။ ကြမ်းတမ်းခက်ထန် ရက်စက်တဲ့ အပြုအမူမျိုးကို၊ လုံးဝ . . . မလုပ်ပါဘူး ဆိုတဲ့ ကတိကိုပဲ၊ ကျွန်တော် လိုချင်ပါတယ်။

အစ်မအရင်းတစ်ယောက်အတွက်၊ မောင်အရင်းတစ်ယောက်က၊ တောင်းဆိုတယ်လို့၊ ယုံကြည်ပေးပါ ကိုကျော်စွာဝင်း။ သူစိမ်းတစ်ယောက် အဖြစ်နဲ့၊ ကျွန်တော့်မှာ၊ တောင်းဆိုခွင့် မရှိလို့ပါ"

ကိုကျော်စွာဝင်းက၊ ကျွန်တော့်ကို ပြုံးလျက်ကြည့်သည်။ ပြီးနောက်, ထိုင်ရာမှ ထ,၏။ "လွယ်လွယ်လေး" . . . ဟု ပြောသည်။ လက်ကမ်းပေးသည်။ လက်ဆွဲနှုတ်ဆက်ပြီး . . .





"သေသေချာချာ နိုင်နိုင်မာမာ၊ ကတိပေးပါတယ်။ စိတ်ချပါ"

နှင်းလဲ့ဖြူက ဦးဆောင်၍၊ မမနှင့်အတူ လက်ခုပ်တီးကြသည်။ ကော်ဖီဆိုင်အတွင်း လူရှင်းနေသဖြင့်၊ တော်ပါသေး၏။

"ရော့"

နှင်းလဲ့ဖြူပေးသည့်အရာကို၊ ဘာမှန်းမသိဘဲ ကျွန်တော် ယူလိုက်သည်။ လေးထောင့်စပ်စပ် ခပ်ပါးပါး အရာဝတ္ထု တစ်ခုကို၊ အလှစက္ကူဖြင့်၊ ထုပ်ပိုးထားခြင်း ဖြစ်သည်။ စာအုပ်တစ်အုပ်ကို ထုပ်ထားသည် . . . ဟု၊ ခန့်မှန်းဖြစ်၏။

ရွှေသွေးနှင့် သက်ဦးတို့ နှစ်ယောက်က ကျောင်းစာကြည့်တိုက်ထဲဝင်ပြီး၊ စာဖတ်နေကြသည်။ ကျွန်တော်နှင့် နှင်းလဲ့ဖြူက၊ စာကြည့်တိုက်အပြင်ဘက်၊ စင်္ကြံလမ်း၏ ဝရန်တာအုတ်တန်းကို မှီ၍ သျက်နေသည်။

"ဒါ ဘာကြီးလဲ"

"နှင့်စာအုပ်လေ"

ထုတ်ပိုးထားရာ စက္ကူကို၊ ဖြည်မည်ပြုပြီးမှ၊ ကျွန်တော်က

. . . ,



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... နှင့်ကို၊ ဘာစာအုပ်မှ မငှားဖူးဘူး နော်"

"မမ ပေးခိုင်းလိုက်တာဟဲ့။ နှင် ပေးထားတဲ့ ကဗျာတွေ ... ရင်ဖွင့်လွှာတွေ ပါတဲ့စာအုပ်လေ"

"ဩော်"

ဖြည်မည်ပြုသည့်လက်သည်။ ဘာကိုမျှ မဆုတ်ခွာချင် တော့။

"မမက၊ ပြန်ပေးခိုင်းလိုက်တာလား"

နှင်းလဲ့ဖြူ မျက်နှာမကောင်း။

"အေး။ သူ ကိုယ်တိုင်ပြန်ပေးရမှာ၊ အားနာ လို့တဲ့။ ငါ့ကို ပေးခိုင်းလိုက်တာ"

"ဘာဖြစ်လို့ Packing ထုတ်ထားလဲ"

"သက်ဦးနဲ့ ရွှေသွေး တွေ့သွားရင်၊ လုဖတ် တာတွေ ဘာတွေလုပ်မှာစိုးလို့၊ Packing pap နဲ့ ငါထုပ်လာတာ၊ လွယ်အိတ်ထဲ ထည့်ထားတော လေ"

စာအုပ်ကို၊ လွယ်အိတ်ထဲသို့ ထည့်လိုက်ပြီး၊ ကျွန်တော်က

"ဒီစာအုပ်ထဲက၊ ကဗျာတွေကို၊ သူတို့ ဖတ် ဖူးပါတယ်"

လွမ်းမောစွာ ကျွန်တော် ပြောသည်။ နှင်းလဲ့ဖြူက ...





"ငါလည်း ဖတ်ကြည့်မိတယ်၊ ကဗျာတွေကို ရော ...၊ စာတွေကိုရော ...။ နှင်စိတ်မဆိုးနဲ့ နော်"

"မဆိုးပါဘူးဟာ"

"မမညိုက မှာလိုက်တယ်၊ ပြန်ပေးတာကို စိတ်မကောင်း မဖြစ်ပါနဲ့တဲ့။ သိမ်းမထားသင့်တော့ လို့ ပြန်ပေးတာ ... တဲ့။ သူကိုယ်တိုင်၊ မပေးရက် ဘူး ထင်ပါတယ်"

"ရပါတယ်ဟာ။ ငါ ... ဘာမှ မဖြစ်ပါဘူး။ မင်္ဂလာဆောင်ကိစ္စအတွက်တောင်၊ ဟိုဟိုဒီဒီ၊ လိုက် လုပ်ပေးထားတာပဲ၊ ရင်ထဲမှာ ... တစ်ခုခု ဖြစ်ရမယ့် အခြေအနေလည်း မဟုတ်ဘူး။ ဖြစ်ရမယ့် အချိန် အခါလည်း၊ မဟုတ်ဘူး။ ငါ ..., ဘာမှ မဖြစ်ပါ ဘူး"

"မင်းထွင့်ခေါင်"

"ဘာလဲ"

"နှင် ... မျှိုသိပ်ထားတာများလား"

"ငါ့ပုံစံက၊ မျိုသိပ်ထားတဲ့ ပုံစံမျိုး ဖြစ်နေလို့ လား"

"မကြည့်တတ်ရင်တော့၊ မမြင်ဘူးပေါ့ဟယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါက … နင့်ကို ကြည့်တတ်တယ်လေ။ နင့်မျက်လုံးတွေက၊ မျက်ရည်မကျဘဲ ငိုနေတာ၊ တော်တော်ကြာပြီ''

ကျွန်တော် ပြုံးဟန်ပြုသည်။ ပြီးမှ …

''ငါ့ အစ်ကိုတွေက၊ ငါ့ကို ငယ်ငယ်တုန်းက၊ သင်ထားတယ်။

ယောကျ်ားဆိုတာ၊ မငိုရဘူးတဲ့။ ငိုချင်ရင်လည်း ရင်ထဲမှာပဲ ငိုရတယ် … တဲ့။ မျက်ရည်ကျရင်၊ ယောကျ်ားမဟုတ်ဘူး … တဲ့''

''ဒါဆို။ နင် … ရင်ထဲမှာ ငိုနေတာပေါ့''

''ကလေးတစ်ယောက်၊ သူ လိုချင်တဲ့ အရုပ်လှလှလေးကို၊ ပိုင်ဆိုင်ခွင့်မရသလိုမျိုးပေါ့။ တချို့ကလေးက၊ လိုချင်တာမရလို့၊ အော်ငိုတယ်။ မငိုတတ်တဲ့၊ တချို့ကလေးက,တော့၊ စိတ်မကောင်းဖြစ်ကြရတယ်။

ငါက … မငိုတတ်တဲ့ ကလေးလိုပေါ့။ စိတ်မကောင်းဖြစ်ရုံတွင်ပါ။ ငိုကြီးချက်မ,တော့၊ မခံစားရပါဘူး''

နှင်းလဲ့ပြုံးက ကျွန်တော့်မျက်နှာကို၊ ငေးကြည့်ရင်း …

''ပစ္စည်းပစ္စယ ဝယ်ဖို့ ခြမ်းဖို့အထိ၊ မမည်ို





က, နင့်ကိုပါအခေါ်ခိုင်းတာ၊ တမင်နှိပ်စက်သလိုများဖြစ်နေမလား။ အဲဒါ … ငါ သံသယဝင်တယ်''

''နှိပ်စက်တာတော့ မဟုတ်နိုင်ပါဘူး။ မဖြစ်နိုင်တော့တဲ့,အခြေအနေကို၊ မျက်ဝါးထင်ထင် မြင်စေချင်လို့၊ နီးနီးကပ်ကပ် ခေါ်ပြသလိုနေမှာပေါ့''

''အရက်စက်ခံနေရတယ် … လို့ နင် … မထင်ဘူးလား''

''တစ်ခါမှ၊ ငါ … အဲဒီလို မထင်ဖူးပါဘူး။ နှလုံးသားမှာ အသားမာတက်ပြီး၊ ဘာမှမခံစားရအောင်၊ လေ့ကျင့်ပေးနေတယ်လို့ပဲ ငါ … ယူဆ,ပါတယ်''

''နင် … အခု၊ ခံနိုင်ရည်ရှိပြီပေါ့''

''အနာ … ဆိုတာ။ ဆေးထည့်ရင် စပ်တယ်ဟာ။ ခဏ ခဏ ဆေးထည့်၊ ခဏ ခဏ စပ်တာတွေများလာတော့။ အနာမပျောက်သေးပေမယ့်၊ မနာတတ် မစပ်တတ်တော့ပါဘူး''

''မမည်ိုတော့၊ ဘယ်လိုမှ နေမယ်မထင်ဘူး။ ငါက,တော့၊ နင့်ကို သနားတယ်''

ကျွန်တော် အသံမထွက်ဘဲ ရယ်လိုက်၏။

''ဘာရယ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ မမနဲ့က၊ ချစ်သူရည်းစားတွေမှ မဟုတ်တာ။ သူတို့နှစ်ကိုယ်ကြားမှာ၊ ငါက . . . ဝင်ရှုပ်သလိုတောင် ဖြစ်ခဲ့တာ။

အခု . . . အဲဒီ အရှုပ်ကို၊ ဝင်ရှင်းပေးနိုင်တာလေးတွေ တွေးပြီး၊ ပီတိဖြစ်နေရတာလေ။ ကိုယ့်အရှုပ်ကို မရှင်းပေးနိုင်ရင်၊ ငါ . . . ဗီလိန်၊ လူကြမ်းဖြစ်ပြီ။

ကံကောင်းလို့ လူကြမ်းမဖြစ်တဲ့ ငါ့ကို၊ နင်က . . . သနားတယ်ဆိုတော့၊ ငါ့ကို ရယ်စရာပြောနေသလိုပဲ"

"အေး။ နင် . . . မခံစားရရင်ပြီးတာပဲ။ နင့်ကိုလည်း၊ မသနားတော့ဘူး။ ငါ့ကိုယ်ငါပဲ၊ သနားလိုက်တော့မယ်"

မျက်စောင်းချိုလျက်၊ စိတ်ဆိုးစကားဆိုလေ၏။

"စိတ်မဆိုးပါနဲ့ဟာ။ တစ်ယောက်ယောက်က သနားရင်၊ ငါ မနေတတ်လို့ပါ။

ငါ့ မိသားစုဝင်တွေတောင်၊ ငါ . . . ဘာဖြစ်နေတယ်ဆိုတာ၊ သူတို့ မသိကြဘူး။ နင် . . . ဝင်ပြီး ခံစားနေရမှာကို၊ ငါ အားနာလို့ ပြောမိတာပါ။ နော်၊ စိတ်မဆိုးနဲ့"





"ဆိုးတယ်"

မျက်စောင်းအင်အား လျော့ပါးသွားတယ်။

"မလှတဲ့သူတွေ စိတ်ဆိုးရင်၊ နှာခေါင်းထဲက၊ အငွေ့တွေ၊ ထွက်လာတတ်တယ် . . . တဲ့။ နင့် နှာခေါင်းထဲက အငွေ့တွေ ထွက်နေပြီ"

မျက်လုံးပြူးလျက် ကျွန်တော် ပြော၏။ လက်ထဲရှိ မှတ်စုစာအုပ်တစ်အုပ်ဖြင့်၊ နှင်းလွဲဖြူ ကျွန်တော့်ကို လှမ်းရိုက်သည်။ အနီးမှ ဖြတ်သွားသော ကျောင်းသူနှစ်ယောက် လှည့်ကြည့်၏။ နှင်းလွဲဖြူ၏ ဒုတိယရိုက်ချက်ကို၊ ကျွန်တော် ပခုံးဖွင့်၍ ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

ကိုကျော်စွာဝင်းနှင့် မမ မြလဲ့ညိုတို့၏ မင်္ဂလာဧည့်ခံပွဲကို၊ ဟိုတယ်တစ်ခု၏ ရေကန်နံဘေး မြက်ခင်းပြင်ကျယ်တွင်၊ ကျင်းပသည်။

မင်္ဂလာ လက်ထပ်လက်မှတ်ကို၊ ကိုကျော်စွာဝင်းနှင့် မမ မြလဲ့ညိုတို့အား၊ ကျွန်တော်နှင့်နှင်းလဲ့ဖြူတို့က၊ ကိုယ်စီ ဝတ်ပေးကြ၏။ ဧည့်ခံပွဲလာသူများက၊ လက်ခုပ်တီးကြသည်။

ဗဟုသုတ၊ နည်းပါးတာလား၊ စိတ်နှလုံးကပဲ လက်မခံချင်တာလား။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မဝေဖန်တတ်။ မြင်တွေ့နေရသော၊ မင်္ဂလာဧည့်ခံပွဲ မြင်ကွင်းသည်၊ မင်္ဂလာ လက်ထပ်ပွဲနှင့်မတူ။ ဝတ်စားဆင်ယင်မှု ဖက်ရှင် ဒီဇိုင်းပြပွဲနှင့် လက်ဝတ်ရတနာများ ခင်းကျင်းပြသ.ပွဲကဲ့သို့ ဖြစ်နေသည် . . . ဟု၊ ကျွန်တော် ထင်မြင်မိသည်။

''ဟဲ့။ နှင်းလဲ့ဖြူ''

ကျွန်တော့်တီးတိုးခေါ်သံကြောင့်၊ နှင်းလဲ့ဖြူ ငဲ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပ်ကွက်ထဲက၊ မင်္ဂလာဆောင်တို့၊ မင်္ဂလာဆွမ်းကျွေးတို့မှာ၊ ငါ ... သွားစားဖူးတယ် သိလား။ အားရပါးရ ကြိုက်သလောက် စားလို့ရတယ်။

ဒီမှာက၊ လျှာမထိ အားမထိနဲ့၊ နော်၊ အသား ငါး ထည့်ပေးရင်လည်း ... တစ်တုံး နှစ်တုံး။ မုန့်ချပေးရင်လည်း တစ်ခုနှစ်ခု။ အရည်သောက်ကျပြန်တော့လည်း၊ အိမ်က အကြမ်းပန်းကန် တစ်လုံးစာလောက်ပဲ။ ပြီးတော့ ... စားနေတဲ့သူတွေအားလုံး။ တကယ် မက်မက်မောမော မစားချင်တဲ့ပုံနဲ့၊ အိုက်တင်ခံပြီး စားနေကြရတာ၊ တွေ့လား။

အိုက်တင်ခံပြီး မစားကြပါနဲ့ ခင်ဗျာ။ ရွာကအလှူလို ကြိုက်သလောက် စားကြပါ။ အားရပါးရ စားကြပါ ... လို့၊ ကြေညာလိုက်ရင်။ တကယ် ပလုတ်ပလောင်း စားကြမယ့် ရုပ်တွေ။ နော် ..."

"ဟဲ့။ တီးတိုးပြော။ အဲဒါ ... လူကုံထံ အိုက်တင်လို့ခေါ်တယ်။ လူကုံထံဆိုတာက၊ ဘာမှ မက်မက်မောမော မရှိတဲ့ပုံစံနဲ့ နေကြ စားကြရတာ။ အစား စားရင်လည်း၊ ပလုတ်ပလောင်း မစားကြရဘူး"

"သနားပါတယ်နော်" ... ဟု၊ ကျွန်တော် ပြောမိသည်။





"ဘာ သနားတာလဲ၊ နင်က,လည်း"

"သြော် ...။ ဟို အဒေါ်ကြီးကို ကြည့်ပါလား။ အသားတုံးလေးကို၊ တုတ်လေးနှစ်ချောင်းနဲ့ အသာညှပ်ပြီး၊ ဖြည်းဖြည်းလေး ...။ သူ့ ပန်းကန်ထဲကို သယ်နေတာ၊ ပြုတ်ကျသွားမှာလည်း စိုးသေး။ စားလည်း စားချင်သေး။ တွေ့လား။ လက်နဲ့ ယူစားလိုက် ပြီးနေတဲ့ဟာ"

နှင်းလဲ့ဖြူက ...

"ခဏ နေ။ ပြီးသွားမှာပါ ဟယ်။ နင် ... ကဲ့ရဲ့ မနေနဲ့"

"ကိုကျော်စွာဝင်းက၊ အဲဒီ ... လူတွေလို၊ လူကုံထံစရိုက် ရှိလား"

"သေသေချာချာတော့ မသိဘူးလေ၊ ဒါပေမဲ့ ...,သူ့မှာ ရှိရှိမရှိရှိ။ သူ့ အပေါင်းအဖော်တွေက၊ အဲဒါမျိုးတွေ နေမှာပေါ့"

ကျွန်တော် သက်ပြင်းချကာ ...

"ငါသာ မင်္ဂလာဆောင်လို့က,တော့၊ ရပ်ကွက်ထဲမှာ ...၊ မဏ္ဍပ်ကြီးထိုးပြီး၊ လူတွေရော ... ခွေးတွေရော ...၊ တဝကြီးစားကြဆိုပြီး၊ အားရပါးရ ကျွေးပစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့၊ လူနဲ့ခွေးနဲ့ ရောကျွေးလို့ ရပါ့မလား"

"ရောကျွေးမယ် ... လို့ ပြောတာ မဟုတ် ဘူးလေဟာ။ သတ်သတ်စီပေါ့။ လူတွေက ပန်းကန် နဲ့ မဏ္ဍပ်ထဲစား။ ခွေးတွေက ဖက်နဲ့ လမ်းဘေးမှာ စားပေါ့။ ပြီးရော ...။ ပျော်စရာကြီး။

ဒီမှာက ပိုက်ဆံလည်း ပိုကုန်သေးတယ်။ အားရပါးရလည်း မစားရဘူး"

"နင် ... အားရပါးရ စားချင်ရင်။ ငါ ... နောက်ပြီး ... ဝန်ထမ်းတစ်ယောက်ယောက်ဆီက တောင်းကျွေးပါ့မယ် ဟယ် ...။ ခဏတော့ ... စောင့်"

"ငါ ... စားချင်လို့ ပြောတာ မဟုတ်ဘူး လေ။ ကွာခြားမှုကို ပြောနေတာဟ။ ဆင်းရဲသားတွေ ရဲ့ အလှူမင်္ဂလာဆောင်ဆိုရင်၊ လူများများလည်း စားရတယ်၊ အားရပါးရလည်း စားရတယ်။

အခု ... ဒီ, မင်္ဂလာဆောင်မျိုးတွေကျတော့ လာတဲ့သူက နည်းနည်းလေ၊ စားကြတာလည်း ... လျှာမထိ အာမထိ"

နှင်းလဲ့ဖြူက ...,

"နင်က ...။ နင်, မင်္ဂလာဆောင်ရင်၊





ရပ်ကွက်ထဲမှာပဲ ဆောင်မှာပေါ့၊ ဟုတ်လား"

"အေး"

"ဘယ်သူနဲ့ ဆောင်မှာလဲ"

"အား ...။ ငါက ... စကားအဖြစ်ပြောနေ တာ။ မင်္ဂလာဆောင်ဖို့ မဆောင်ဖို့ပြောတာ မဟုတ် ဘူး"

နှင်းလဲ့ဖြူ အားနာသွားဟန်တူ၏။ ကျွန်တော်လည်း ... ပြောစရာစကား မရှိတော့သလို ဖြစ်သွားသည်။

"ငါ ... နင့်ကို လှောင်တာ မဟုတ်ဘူးနော်"

"သိပါတယ်ဟာ။ လှောင်လည်း ဘာမှ မဖြစ် ဘူး။ ဒါ ... ငါ့ အစ်ကိုနဲ့ အစ်မ,ရဲ့ မင်္ဂလာဆောင်"

စည်ပရိသတ်တွေထံသို့၊ အကြည့်လွှဲလိုက်ရသည်။ မမနှင့် ကိုကျော်စွာဝင်းတို့၊ ပြုံးပြုံးရွှင်ရွှင်။ နှင်းလဲ့ဖြူက ကျွန်တော့်ကို၊ အာရုံ လွှဲစေလိုဟန်ဖြင့် ...

"မမရဲ့ အသိ၊ တစ်ယောက်နှစ်ယောက်က၊ ငါ့ကို မေးတယ်။ သတို့သားအရံက ဘယ်သူလဲ ... တဲ့"

"နင် ... ဘယ်လို ဖြေလိုက်လဲ"

"ငါ့ ညီးစား ... လို့ ဖြေလိုက်တယ်"

"ဟဲ့။ အဲဒါ ... နင် ဖြေစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"စပ်စုတာ၊ ငါ ... မကြိုက်လို့၊ ရွဲ့ပြီး ပြော
လိုက်တာ"

"ရွဲ့ချင်၊ ခနဲ့ချင်တဲ့ စိတ်က၊ မိန်းကလေး
တစ်ယောက်အတွက်၊ ကောင်းတဲ့စိတ် မဟုတ်ဘူး
အန္တရာယ်ဖြစ်တတ်တယ်"

"ဖြစ်ပလေ့စေ၊ ငါ အဲဒီလို ပြောလိုက်လို့
နင့် သိက္ခာ ထိခိုက်သွားတယ်ဆိုရင်တော့၊ ညည်းခံ့ခဲ့
မပြီးခင် ငါ ... သွားဖြေရှင်းပေးမယ်၊ မဟုတ်ပါဘူး
... လို့"

ကျွန်တော်က ...,

"ငါ့ သိက္ခာ၊ မထိခိုက်ဘူးဟဲ့။ နင်းလဲ့ဖြူရဲ့
ဟိုးတုန်းက၊ မမနောက် တကောက်ကောက်၊ ငါ
... လိုက်ခဲ့တာကို၊ အဲဒီ့ လူတွေ တွေ့ထားရင်၊ နင့်
အဖြေက ... နင့်သိက္ခာကို၊ ပိုပြီး ထိခိုက်သွားမှာ
ပေါ့"

"မမနဲ့၊ နင်နဲ့က၊ ရည်းစားဖြစ်ခဲ့တာမှ မဟုတ်တာ" ...
ဟု၊ နင်းလဲ့ဖြူက ပေါ့တန်သော လေယူလေသိမ်းဖြင့် ပြော၏။
"အထူအပါး နားမလည်ဘဲနဲ့ ဘာတွေ လျှောက်ပြောမှန်း မသိဘူး"
... ဟု၊ တစ်ကိုယ်တည်း ရေရွတ်ပြီး ရွှေသွေးနှင့် သက်ဦးတို့ ထိုင်
နေရာ စားပွဲသို့၊ ကျွန်တော် လှမ်းကြည့်နေလိုက်၏။ ရွှေသွေးက





... အသားတုံး တစ်တုံးကို ခက်ရင်းဖြင့်၊ ထိုးစိုက်နေသည်။

"မမညိုကြ၊ နင့်ကို ဘာဖြစ်လို့ ပြန်မကြိုက်
ခဲ့တာလဲ။ နင် သိလား"

ကျွန်တော် မဖြေ။ နားမစွင့်။ ခေါင်းမငဲ့။
သို့သော် ... ကြားနေရချေသည်။

"ငယ်တယ် ... တဲ့၊ ပြီးတော့ ... ပညာရေး
က.လည်း၊ ဟိုမရောက် ဒီမရောက်။ အလုပ်အကိုင်
ဆိုတာလည်း၊ ဟုတ်တိ ပတ်တိ ဘာမှမရှိဘူးတဲ့။
စဉ်းစားစရာကို၊ မလိုတဲ့ အခြေအနေ ... တဲ့။ ငါ
... နင့်ဘက်က၊ မခံချင်ဘူး ...။ သိလား,
မင်းထွဋ်ခေါင်"

ကျွန်တော် စကားသံမမာအောင် တမင်ထိန်းပြီး ...

"နင် ... ဘာဖြစ်လို့ အဲဒါတွေ ပြန်ပြောနေ
ရတာလဲ၊ နင် ... အခုပြောတဲ့ ကိစ္စတွေ အကုန်လုံး၊
ငါ ... ထားခဲ့ပြီးပြီ၊ အဲဒါကို ... နင် မသိချင်ယောင်
ဆောင်ပြီး၊ တမင် ... ရေနှူးနေတာလား"

နင်းလဲ့ဖြူ၊ မျက်နှာလေး ငယ်ငယ်ဖြင့် ...

"နင် ... ခံစားရမှာစိုးလို့ နာတက်အောင်၊
ငါ ... သင်ပေးနေတာပါဟယ်"

"ငါ ... ဘာမှ မဖြစ်ပါဘူးလို့ နင့်ကို ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီပဲ။ ခဏ . . . ခဏ''

မရယ်နိုင်ဘဲ၊ ရယ်လျက် ကျွန်တော် ပြောရသည်။

သူ . . . ပြန်မရယ်ပြ။



## [၂၀]

''ထုံးစံအတိုင်း၊ ပျားရည်ဆမ်းခရီးထွက်သွားပြီ'' . . . ဟု၊ သက်ဦးကို ကျွန်တော် ပြောပြသည်။ ခုံတန်းပြော ဆိုင်အတွင်းသို့ ဝင်သွားသော၊ ကျောင်းသူ သုံးယောက်ကို ငေးကြည့်နေရာမှ၊ ကျွန်တော့်ဘက်သို့ ပြန်လည်ကြည့်ပြီး၊ ရွှေသွေးက . . . ,

''မင်းနဲ့ နှင်းလဲ့ဖြူ လိုက်မသွားဘူးလား''

''လိုက်စရာလားကွ''

''မလိုက်တာပဲ ကောင်းပါတယ်။ လိုက်သွားရင်၊ မင်းနဲ့နှင်းလဲ့ဖြူ သေချာပေါက် ဇာတ်လမ်းဖြစ်ခဲ့ကြမှာ''

''ရွှေသွေး၊ အဲဒီ ကိစ္စကို မနောက်ပါနဲ့တော့ကွာ။ ငါ . . . စိတ်မဆိုးချင်ဘူး။

မင်း ပြောတဲ့စကားက၊ ငါ့ကိုတွင် မဟုတ်ဘူး။ ယောကျ်ားအားလုံးကိုပါ ထိခိုက်နေတယ်''

သက်ဦးက.ပါ၊ ကျွန်တော့် စကားကို၊ အာရုံပိုပြုရ၏။ ''ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လို့လဲ၊ အစ်မနဲ့ချစ်ခွင့်မရတော့ဘူး။ ညီမလုပ်တဲ့သူက၊ မင်းအသ သံယောဇဉ်အရိပ်တွေ ပြနေတာ ငါတို့ အသိပဲ။ ငါတို့ အမြင်မှ ကိုယ်ချစ် မရတော့လို့၊ သူချစ်လေး ရပါစေ ဆိုတဲ့ စေတနာနဲ့ ငါက လမ်းကြောင်းပေးတာ၊ တော်တော် ထိခိုက်နေလို့လား'' ...ဟု ရွှေသွေး ပြော၏။

ကျွန်တော်က ...,

''နှင်းလဲ့ဖြူကိုလည်း ထိခိုက်တာပဲ။ မင်း ပြောသလို၊ နှင်းလဲ့ဖြူက၊ သံယောဇဉ်အရိပ်ပြနေ တယ်ပဲထား။ ငါက အဲဒီ့ အခြေအနေလေးအတိုင်း မျှော်ချရအောင်၊ ငါ ... ဈေးပေါပေါကောင် မဟုတ် ဘူး။ ငါ့ အချစ်က, ပေါချောင်ကောင်းအချစ် မဟုတ် ဘူး။ ဟိုလူ မဝယ်လို့ ဒီလူ့ဘက် လှည့်ရောင်းလိုက် တဲ့၊ လျှော့ဈေး အချစ် မဟုတ်ဘူး။

မမကတော့ ပြောဖူးတာပေါ့။ သူချစ်ကိုယ် ချစ်၊ နှစ်ကိုယ်ချစ်က, ကောင်းတယ် ...တဲ့။ ငါ့ အနေနဲ့က၊ နှစ်ကိုယ်ချစ်ကို ရဖို့အစီအစဉ် မရှိသလို သူချစ်ဆိုတာကိုလည်း ကိုယ်ချစ်လောက် မယုံကြည် ဘူး။

ကိုယ်က ချစ်ခဲ့ရတဲ့သူနဲ့၊ မဆုံစည်းတော့လို့ သူချစ်ကိုပဲ စောင့်စားတော့မည် ...ဆိုတာမျိုး





ဝါသနာ မပါဘူး''

သက်ဦးက ...,

''ကိုယ်ချစ်ထက်၊ သူချစ်က, ကောင်းပါတယ် ကွ''

''သူများတွေအတွက်၊ ကောင်းချင်ကောင်း မှာပေါ့။ ငါ့ အဖို့တော့၊ သူချစ်ကိုတောင်၊ မယုံ ကြည်ချင်ဘူး။

သူချစ်ဆိုတာ၊ ကိုယ်ချစ်မဟုတ်တော့၊ ကိုယ် မချစ်မှန်း သိတဲ့အခါမှာ၊ သူ့အချစ်ကို ...သူ၊ ပြန်ယူသွားနိုင်တယ်။

သူချစ်ကိုယ်ချစ်တွေကို ငါ ...အဓိက, ပြော ချင်တာ မဟုတ်ဘူး။ ယောက်ျားတစ်ယောက်အနေ နဲ့၊ အစ်မကို မရလို့၊ ညီမ,ကို မြားဦးလှည့်လိုက် တယ်ဆိုတဲ့ အဖြစ်မျိုး၊ လုံးဝ ...မကြိုက်ချင်တာပါ။ အဲဒါ အဓိက,ပါ။

တချို့ အရပ်ထဲမှာ နောက်ကြပြောင်ကြတာ တွေ ကြားဖူးတယ်။ ဘဝဆိုတာ တိုက်ပွဲ၊ ခယ်မ,ဆို တာ လိုက်ပွဲ ...တဲ့။ နောက်တဲ့သူက,လည်း ... နောက်၊ အနောက်ခံရတဲ့သူက,လည်း၊ ကျေကျေ နပ်နပ်ခံနေကြတာ၊ တချို့က, အဲဒီလို အနောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရတာတောင်၊ ကိုယ့်သိက္ခာကို ထိခိုက်နေတယ်ဆိုတာ၊ သိပုံမရဘူး။ ကျေနပ်ဂုဏ်ယူချင်ကြသေးတယ်။

ဒါဟာ . . . ယောက်ျားတစ်ယောက်ရဲ့ သမာဓိကို၊ စော်ကားတာ။ နိုးရာယမ်းတတ်တယ်ဆိုတဲ့ သဘာဝ, ယောက်ျားကောင်းတွေမှာ မရှိဘူး။ ဒါမှ ဒါ။ ဒါမဟုတ်ရင် ဟိုဟာ မယူဘူးဆိုတဲ့ . . . စိတ်၊ အဲဒါ ယောက်ျားစိတ်။

ငါ . . . အဲဒီလို စိတ်ထားမျိုး ကြိုက်တယ်၊ အဲဒါကြောင့်, နှင်းလဲ့ဖြူ နေရာမှာ တခြား ဘယ်မိန်းကလေးပဲ ဖြစ်ဖြစ်၊ ငါက, မချစ်ဘဲနဲ့တော့၊ သူ့ ချစ်လေးလည်း မဆိုးပါဘူးဆိုပြီး။ ငါ မှိန်းမတုတ်ဘူး"

သက်ဦးက . . . ,

"ဘာပဲဖြစ်ဖြစ်၊ ငါ သတိထားမိသလောက်တော့၊ မမြလဲ့ညို . . . ၊ တော်တော် နေစိမ့်တယ် နော်။ မင်းနဲ့ ပတ်သက်ပြီး၊ သူ့ရင်ထဲ ဘာမှ မခံစားရဘူး ထင်တယ်"

ကျွန်တော်က . . . ,

"သူမှ မချစ်တာ၊ ဘယ်လိုလုပ်ခံစားမှာလဲ"





"မချစ်တာတောင်၊ သနားပါတယ် . . . ဆိုတဲ့၊ ကရုဏာလေး ဘာလေးပေါ့ကွာ။ ကရုဏာစကားလေးတစ်ခွန်းလောက်တောင်၊ မင်းကို မပြောဘူးလား"

"မပြောပါဘူး၊ ပြောဖို့နေနေသာသာ၊ ငါ ပေးဖူးတဲ့ ဟို . . . ဒိုင်ယာရီစာအုပ်တောင်၊ နှင်းလဲ့ဖြူနဲ့ ပေးခိုင်းလိုက်တာ။ ကြာပြီ"

"ဘာတွေပါလဲ" . . . ဟု၊ ရွှေသွေး ဝင်မေး၏။

"ဘာပါရမှာလဲ၊ ငါ့စာအုပ် ငါ့ပြန်ပေးတာ။ ပြန်ပေးခိုင်းတဲ့စာအုပ်ကို၊ နှင်းလဲ့ဖြူက, Packing Paper နဲ့တောင် ထုပ်လာလိုက်သေးတယ်"

"အဲဒါ ဖွင့်မကြည့်ဘူးလား"

"ဖွင့်ကြည့်လို့၊ ဘာမှ ပါလာစရာအကြောင်း မရှိဘူးလေ။ ဒီအတိုင်း သိမ်းထားလိုက်တော့တယ်"

"စာအုပ်ကြားထဲမှာ၊ မမြလဲ့ညိုက တောင်းပန်တဲ့ စာတွေ ဘာတွေ ရေးပေးလိုက်ရင်၊ ဘယ်လိုလုပ်မလဲ"

"ရေးပေးလိုက်ရင် နှင်းလဲ့ဖြူ ပြောမှာပါကွာ။ စာအုပ်ပြန်ပေးတာ စိတ်မကောင်းမဖြစ်ဖို့၊ သိမ်းမထားသင့်တော့လို့ ပြန်ပေးတာ။ ဘာ . . . ညာ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းလွှဲဖြူနဲ့ စကားမှာလိုက်သေးတယ် ... မမက"

"ငါသာဆိုရင်၊ တစ်ရွက်ချင်း ပြန်ဖွင့်ဖတ်ပြီး၊ ပြန်လွှမ်းမိမှာပဲ"

"မလွှမ်းသင့်တော့တဲ့ အခြေအနေရောက်သွားပြီလေကွာ။ မင်းက,လည်း"

"ကိုယ့်စကားလုံးလေးတွေ၊ ကိုယ့်ကဗျာလေးတွေ ... ကိုယ်။ ပြန်ဖတ်ပြီး ပြန်လွှမ်းတာကို ပြောတာပါကွ။ လူကောင်ကြီးကို လွှမ်းနိုင်းတာ မဟုတ်ပါဘူး"

"ဖတ်လည်း မဖတ်တော့ဘူး။ လွှမ်းလည်း မလွှမ်းတော့ဘူး။

ကိုယ့်အထုပ်ကိုယ်ဖြည် ... ဆိုတာမျိုးလို နနရွရွ ဖွဖွလေး ထည့်ပေးလိုက်တဲ့၊ ငါ့အသည်းနှလုံး။ ဖြည်ကြည့်လိုက်တော့မှ၊ မွမွကြေပြီး၊ ပြာမှုန့်ဖြစ်နေတာ တွေ့ရင်။ ဒုက္ခ ပိုကြီးတယ်။ ဒီအတိုင်း ချောင်ထိုးထားလိုက်တာ၊ ကောင်းတယ်။ အဟောင်းတွေ၊ အသစ်မဖြစ်တော့ဘူးပေါ့"

"ဖွင့်ကြည့်လိုက်တာနဲ့၊ အဟောင်းတွေ အသစ်ဖြစ်နိုင်သေးတယ် ... လို့၊ မင်း ဆိုလိုချင်တာလား" ... ဟု၊ သက်ဦးက ပြုံးစစ,ဖြင့် မေးလေ၏။ "စကားအဖြစ် ပြောတာပါကွာ" ... ဟု





ကျွန်တော် ဖာထေးကွယ်ကာရပြန်သည်။

"နောင်ဆို၊ အသွားအလာပါ ဆင်ခြင်ရတော့မှာကွ"

"ဘယ် အသွားအလာကို၊ ပြောတာလဲ"

"မမတို့အိမ်ကို ပြောတာ"

"မသွားမလာတော့ဘူးပေါ့"

"မသွားသင့်တော့ဘူး။ ပြီးတော့ ... မမက, ကိုကျော်စွာဝင်းနဲ့ ဂျပန်ကိုလိုက်သွားမှာ။ ဟိုမှာ ... သုံးလေးနှစ်၊ အလုပ်,လုပ်ကြဦးမယ် ... တဲ့။

အိမ်မှာ ... နှင်းလွှဲဖြူတို့ သားအမိ နှစ်ယောက်တည်း။ ကျန်ခဲ့မှာ။ ကိုကျော်စွာဝင်း မရှိဘဲနဲ့ မမဆီကို မသွားသင့်သလို၊ မမနဲ့ ကိုကျော်စွာဝင်း မရှိဘဲနဲ့လည်း။ နှင်းလွှဲဖြူဆီ မသွားသင့်ဘူး။

အဲဒါတွေ တွေးမိပြီး၊ အသွားအလာ ဆင်ခြင်ရတော့မှာ"

ရွှေသွေးက ...

"ဘာလဲ၊ နှင်းလွှဲဖြူကို ရှောင်တဲ့သဘောလား"

"မဟုတ်ဘူး။ ပတ်ဝန်းကျင် ရှိတယ်လေ။ နှင်းလွှဲဖြူကို၊ ငါ ... ဘာရှောင်စရာ လိုပါ့မလဲ။

www.burmeseclassic.com



ကိုကျော်စွာဝင်း အိမ်မှာ မရှိတဲ့အချိန်၊ ငါ ... မမဆီ သွားကြည့်ပါလား။ ယောက်ျားမရှိတဲ့ အချိန်၊ ဝင်တယ် ထွက်တယ် ... တဲ့။ နှစ်ယောက်စလုံး မရှိတဲ့အချိန် သွားရင်လည်း၊ မိန်းမပျိုလေး ရှိတဲ့အိမ်၊ ဝင်တာထွက်တာ များနေပြီ ... တဲ့။ ပြောကြ ဆိုကြမှာ။

ဟိုတလောက မင်္ဂလာဆောင်ကိစ္စတွေ၊ ငါ ... ကူလုပ်ပေးနေတာ။ နေ့စဉ်ရက်ဆက်။

နှင်းလဲ့ဖြူနဲ့ငါနဲ့ မင်္ဂလာဆောင်လိုလို။ ထင်ကြသေးတယ်။

ကိုကျော်စွာဝင်းနဲ့ မမတို့ မင်္ဂလာပွဲမှန်းလည်း သိရော၊ ငါနဲ့ နှင်းလဲ့ဖြူက၊ နောင်နှစ် ယူကြမှာ ... ဆိုတာမျိုးတွေ၊ ပတ်ဝန်းကျင်မှာ ပျံ့နေတာပဲ"

"မင်းက၊ ပတ်ဝန်းကျင်ကို ဂရုစိုက်လို့လား"

"ငါ့ တစ်ယောက်တည်းအတွက်က,တော့၊ ပုဆိုးတောင် ကွင်းသိုင်းလျှောက်ရဲတယ်။ ဘာမှ ဂရုစိုက်စရာ မရှိဘူး။

ဒါပေမဲ့ ... တစ်ဖက် မိန်းမသားတွေ ...၊ မိသားစုကိစ္စတွေ၊ ထိနိုက်မှာကိုတော့၊ ငါ ... ဂရုစိုက်ရလိမ့်မယ်။ အဲဒါကြောင့်၊ ငါ ... သိပ်မသွားတော့





ဘူး။

နှင်းလဲ့ဖြူနဲ့ ကျောင်းမှာပဲ၊ ခင်ခင်မင်မင် နေမယ်"

သက်ဦးက ...

"အဲဒီ့ အတင်းပြောတာတို့၊ စပ်စုတာတို့။ အဲဒါတွေက၊ ဆင်ခြေဖုံးရပ်ကွက်မှာ ပိုများသလား။ လူကုံထံရပ်ကွက်မှာ ပိုများသလား"

"သူ့, မသာ၊ ကိုယ်,မသာပေါ့ကွာ။ ဆင်ခြေဖုံးမှာကျတော့၊ လက်တို့, ခြေတို့၊ မေးငေါ့ပြီး ပြောကြတယ်။

လူကုံထံတွေကျတော့၊ ဖုန်းနဲ့ပြောကြတယ်။ တစ်အိမ်နဲ့တစ်အိမ် ဖဲလှည့်ရိုက်ရင်း ပြောကြတယ်လေ"

"မင်းက၊ ဘယ်လိုလုပ် သိလဲ" ... ဟု၊ ရွှေသွေး မေး၏။

"သိတာပေါ့။ ရုပ်ရှင်တွေထဲရော ... စာအုပ်တွေထဲရော။ ပုံလို့၊ အင်္ဂလန်မှာလည်း အတင်းပြောကြတာပဲ။ မြန်မာပြည်မှာလည်း၊ အတင်းပြောကြတာပဲ။

အတင်းပြော ခရာ၊ ထူးထူးခြားခြားကိစ္စကျတော့၊ သတင်း ဖြစ်သွားတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သက်ဦးက …

“လောလောဆယ်၊ အတင်းလည်း မပြောနဲ့တော့။ သတင်းလည်း မပြောနဲ့တော့။ ဟိုမှာ … နှင်းလှဲ့ဖြူ လာနေပြီ”

ကျောင်းမှန်ဦးဘက်သို့၊ သက်ဦး ညွှန်ပြသည်။ အဖော်ကျောင်းသူနှစ်ယောက်နှင့်၊ နှင်းလှဲ့ဖြူကို မြင်ရ၏။ ကျွန်တော်တို့ထိုင်နေရာ အုတ်ခုံဘက်သို့၊ ခြေလှမ်းဦးတည်နေသည်။ မှန်ဦး ရှေ့တည့်တည့်တွင်၊ နေပူလွန်းလှ၏။



[၂]

သက်ဦးနှင့် သိင်္ဂီသော်၊ ရွှေသွေးနှင့် စုလတ်မောင်၊ ကျွန်တော်နှင့် နှင်းလှဲ့ဖြူတို့ စုံတွဲ သုံးတွဲ ဖြစ်သွားကြသည်။ သိင်္ဂီသော်နှင့် စုလတ်မောင်တို့မှာ၊ နှင်းလှဲ့ဖြူ မိတ်ဖွဲ့သဖြင့်၊ ကျွန်တော်တို့သုံးယောက် သိကျွမ်းခဲ့ကြရခြင်း ဖြစ်၏။ သွားအတူ၊ လာအတူ၊ စားအတူ၊ အတူတကွ ရှိခဲ့ကြသည်။ သို့သော် … ကျွန်တော်တို့ အတွဲသုံးတွဲစလုံး၊ သမီးရည်းစားများ မဟုတ်ကြ။ သူငယ်ချင်းစုံတွဲများ ဖြစ်ကြသည်။

သက်ဦးကို ဖိနှိပ်လျှင်၊ သိင်္ဂီသော် မကျေနပ်။ ရွှေသွေးကို နှိမ်လျှင် စုလတ်မောင်က ကာကွယ်သူ၊ ကျွန်တော့်ကို နှောင့်ယှက်လျှင်၊ နှင်းလှဲ့ဖြူက သက်ဦးစံပိုင် ဇကရီ ဘုရင်မ။ တစ်ဦးအပေါ် တစ်ဦး ခင်မင်နွှေးထွေးကြသည်။ ဂရုတစိုက် ရှိကြသည်။ သာမန်အရပ်ထဲမှာသာဆိုလျှင်၊ သမီးရည်းစားစုံတွဲများ … ဟု၊ ခေါ်ဝေါ်သမုတ်ကြမှာ သေချာပါသည်။

သာမန်လူ သာမန်အမြင် ဆိုသည်ကား၊ အထူးပြောစရာ

www.burmeseclassic.com



မရှိ။ မြင်သည်ကို မြင်သည့်အတိုင်းသာ မြင်တတ်ကြသူများ ဖြစ်သည်။ သူတို့တွေက တတွဲတွဲပဲနော်။ ခင်တတ်ကြတယ် . . . ဟု ပြောကြလိမ့်မယ် မထင်နှင့်။ "ဖြစ်နေကြတယ်၊ ထင်တယ်" . . . ဟု အစချီကာ၊ သန်းရှာရင်း . . . ကြမ်းပိုးသတ်ရင်း၊ အတင်းအရွှမ်း သတင်းစကားတို့ ဖလှယ်တတ်ကြပေလိမ့်မည်။

မည်သို့ပင် ဆိုစေ။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ဖြစ်ကြသည်။ တိုင်းနိုင်ငံ၏ လေ့အစဉ်အလာကို၊ သိကျွမ်းရင်းနှီးသူများ ဖြစ်ကြသည်။ အတွေ့အကြုံ မရင့်ကျက်သေးသည်မှ အပ၊ ဘာသာ၊ လူမျိုး၊ ဇာတိသွေး . . . တို့၏ ပျက်စီးရာ ပျက်စီးကြောင်းကို၊ ဘယ်သောအခါမှ ပြုမူကြမည့်သူများ မဟုတ်။

ကဲ့ရဲ့လျှင်၊ ရှုံ့ရှာတတ်သည်။

ဝေဖန်လျှင် လှည့်ကြည့်တတ်သည်၊ ညွှန်ကြားလျှင်၊ ခေါင်းခါတတ်သည်။ ညှိနှိုင်းဆွေးနွေးသည်ကို၊ ဘယ်သောအခါမျှ မငြင်းကွယ်တတ်။ ကျွန်တော်တို့ကို၊ ငယ်သေးတယ်၊ မှားတော့မှာပဲ . . . ဟု စိုးရိမ်တကြီး တားဆီးပိတ်ပင်လျှင်၊ မည်သူ့ကိုမျှ ဘဝင်မကျ။

ကျောင်းသားနှင့် ကျောင်းသူ အတူတကွ ယှဉ်တွဲသွားလာလျက်၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးချင် ဆွေးနွေးမည်။ ငြင်းခုံချင် ငြင်းခုံမည်။ ခေတ်၏ဂီတကို ကြိုဆိုချင် ကြိုဆိုမည်။ ဟောင်းနွမ်းသည်များ ထားခဲ့လျှင် ထားခဲ့မည်။ လူကြီးသူမ ဆရာ ဆရာမ‌တွေ





က၊ သူတို့အတွေ့အကြုံတွေနှင့် တိုင်းထွာပြီး၊ နေရင်းထိုင်ရင်း စိုးသိတ် ပူပန်နေတတ်ကြသည်ကို၊ ကျွန်တော်တို့ ဦးနှောက်ခြောက်ပါသည်။

"နှင်နဲ့ငါနဲ့ ဘယ်လိုလဲ . . . တဲ့။ သီဂီသော်နဲ့ စုလတ်မောင်တို့က၊ မေးကြတယ်"

နှင်းလဲ့ဖြူက စပ်ဖြဲဖြဲဖြင့် ပြောသည်။ ကျွန်တော်က . . .

"ဘာ ဘယ်လိုလဲ . . . လဲ"

"မသိဘူးလေ။ သူတို့မေးတဲ့ မေးခွန်းအတိုင်း၊ နှင့်ကို ငါ ပြန်ပြောတာ"

"အဲဒါ . . . နှင် ဘယ်လို ဖြေလိုက်လဲ"

"ဒီလိုပဲ . . . လို့၊ ငါ . . . ဖြေလိုက်တယ်"

"ဒီလိုပဲ ဆိုတဲ့ အဓိပ္ပာယ်က . . .၊ ဘာလဲ နှင်းလဲ့ဖြူ"

"မသိဘူးလေ၊ ငါလည်း . . . ပါးစပ်ထဲရှိတာ ပြောလိုက်တာ။ ဒါပေမဲ့ . . . ငါတွေးကြည့်တယ်။ ဒီလိုပဲ . . . ဆိုတဲ့ အဓိပ္ပာယ်က၊ အမြင်အတိုင်းပဲ။ ဒါပါပဲ။ ထင်ချင်သလိုထင်ပေါ့ . . . လို့၊ အဓိပ္ပာယ် သက်ရောက်တယ် ထင်တယ်"

ကျွန်တော်က . . .

"နှင် . . . ပေါ့ပျက်ပျက်တော့၊ မပြောသင့်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်။ သူများ နင့်ကို အထင်သေးလိမ့်မယ်"

"သေးကာမှ သေးရော။ သူတို့နှစ်ယောက်က၊ နင်နဲ့ မိတ်ဆက်ခိုင်းတာနော်။ ငါက . . . လူလည်ကျပြီး ရွှေသွေးတို့ . . . သက်ဦးတို့ကို၊ ထိုးထည့်ပေးလိုက်တာ။ နင့်အနားကို ကပ်ခွင့်မရတော့ဘူး"

"အဲဒါ . . . ဘာ အဓိပ္ပာယ်လဲ"

"ဂျယ်လီပေါ့ဟာ"

"ဘာလဲ ဂျယ်လီ"

" Jealousy (ဂျဲလယ်စီ) ကို ပြောတာ။ ဘယ်သူပဲဖြစ်ဖြစ်၊ နောက်မှ ခင်တဲ့သူက၊ ကိုယ့်သူငယ်ချင်းကို၊ ပိုခင်မှာ ဘယ်နာလိုပါ့မလဲ"

"နင် . . . သူတို့နှစ်ယောက်နဲ့ ခင်တယ်မဟုတ်လား"

"ခင်တယ်လေ။ ခင်တာက ခင်တာတစ်ပိုင်း၊ ပိုင်နက်က ပိုင်နက်တစ်ပိုင်း။ ခွဲတမ်းချထားတာ။

သီဂီသော် ခလုတ်တိုက်ရင်၊ အားလုံးက ဂရုစိုက်ရမယ်။ ဒါပေမဲ့ . . . သက်ဦးက ပိုပြီး စိုးရိမ်ပေးရမယ်။ အဲဒါမျိုးပေါ့"

ကျွန်တော်က၊ တမင်ဆရာလုပ်သော ဟန်ပန်လေသံဖြင့်

"နင်တို့ ကျောင်းလာတက်ကြတာ အပျော်





လာတက်တာလား"

"ဟဲ့။ အပျော်မတက်လို့၊ ငိုချင်းချပြီး တက်ရမှာလား။ ကျောင်းပြီးရင် . . . ရုန်းရ ကန်ရ ရင်ဆိုင်ရမယ့် . . . လောကခံကြီးတွေက၊ Interview ဖို့ စောင့်နေကြတာလေ။

ဒီ . . . ကျောင်းတက်ချိန်လေး မပျော်လို့၊ ဘယ်အချိန် သွားပျော်ရမှာလဲ"

ခပ်လှမ်းလှမ်း မြက်ခင်းပေါ်တွင်၊ ထိုင်နေသော စုလတ်မောင်က၊ ရွှေသွေးနှင့်အတူ မတ်တတ်ထ,ပြီး . . .

"ဟဲ့ . . . နှစ်ကိုယ်ကြားတွေ လုပ်မနေကြနဲ့၊ သွားမယ်"

"ဘယ်သွားမှာလဲ"

"ဟို နှစ်ကောင် ပျောက်နေတယ်"

"မပျောက်ဘူး။ လာလိမ့်မယ်။ ဆရာမ,ကို ကန်တော့ဖို့ ဦးဆောင် စီစဉ်နေကြတယ်" . . . ဟု၊ ကျွန်တော် လှမ်းပြောလိုက်၏။ "ဒီကပဲ . . . စောင့်" . . . ဟု နှင်းလဲ့ဖြူ ပြောသည်။ ကျွန်တော်တို့ အနားသို့၊ လာထိုင်ကြ၏။ နေရှိန်ကြောင့်၊ မြက်ခင်းပေါ်တွင်၊ ရေမထင်တော့။

www.burmeseclassic.com



စာသင်နှစ်များအားလုံးကို၊ တာဝန်ကျေ ဖြတ်သန်းခဲ့ကြသည်။ ကျောင်းကိစ္စ ပြီးစီးသည့်အခါ၊ ကျွန်တော်တို့ မိသားစု၏ ထုံးတမ်းစဉ်လာအတိုင်း သိမ်းကြီးဈေးရှိ ဆိုင်အလုပ်ကို၊ ကျွန်တော် ဝင်လုပ်ရလေသည်။

ဟို ယခင်က.ကဲ့သို့၊ ရောင်းရုံ ဝယ်ရုံ အလုပ်မျိုးကို၊ ကျွန်တော် မလုပ်လိုတော့သဖြင့်၊ အစ်ကိုတွေနှင့် ဆွေးနွေးညှိနှိုင်းသည်။

ကမ္ဘာ့အဆင့်ထက် မနိမ့်သော အတွေးအမြင်တို့ဖြင့်၊ စီးပွားရေးကို ပြည်တွင်း၌ ဖြန့်ကျက်လိုက်သည်။ တကြော်ကြော် အော်ရောင်းသည့် အစဉ်အလာကို၊ ကျွန်တော် ပယ်ဖျက်ပြောင်းလဲ၊ နိုင်ခဲ့၏။

ဈေးကွက် . . . ဟူသော ဝေါဟာရကို ဆိုင်မှာထိုင်ပြီး ပြောဆို မနေတော့ဘဲ။ ဈေးကွက် ဟူသည်မှာ . . . မိမိလှမ်းနိုင်သမျှ လှမ်းရမည်ဖြစ်သော၊ ခြေလှမ်းအရေအတွက် . . . ဟု၊ အစ်ကိုတွေကို၊ ဆရာလုပ် ပြောပြဖြစ်ခဲ့သည်။ မိတင်ချာ ညီအစ်ကိုတွေရော . . . ကျွန်တော့်ကို ချီးမွမ်းကြ၏။ လေးနက်ယုံကြည်သည်။

အတွေးအခေါ်မပါသော၊ အော်ဟစ်ရောင်းချမှုသည်၊ ဈေးရောင်းခြင်းသက်သက်ဖြစ်ပြီး၊ အတွေးအခေါ် ဦးဆောင်သည့်၊ ကျယ်ပြန့်သော ဈေးရောင်းခြင်းသည်၊ စီးပွားရေးပညာ ဖြစ်ကြောင်း ကျွန်တော် . . . မိသားစုကို သက်သေပြနိုင်ခဲ့သည်။





ကျောင်းပညာသည်၊ အသုံးပြုတတ်လျှင်၊ နေရာအနှံ့၌၊ အသုံးဝင်တတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# [ ၂၂ ]

ကိုကျော်စွာဝင်းနှင့် မမြလဲ့ညိုတို့ မြန်မာပြည်ကို ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း နှင်းလဲ့ဖြူ၏ သတင်းစကားဖြင့် ကျွန်တော်ကြားသိရသည်။ လေးငါးခြောက်လ လောက်ကြာလျှင်၊ နှင်းလဲ့ဖြူသည်လည်း ပြည်မကို သွားရောက် အလုပ်လုပ်ကိုင်မည်ဖြစ်ကြောင်း နှင်းလဲ့ဖြူ ကျွန်တော့်ကို အသိပေးသည်။

ဂျပန်နိုင်ငံမှ ပြန်ရောက်ပြီး ငါးရက်ခန့်အကြာတွင်၊ ကိုကျော်စွာဝင်းနှင့် မမြလဲ့ညိုတို့၊ ကျွန်တော့် ရုံးခန်းသို့ လာရောက်လည်ပတ်ကြသည်။ အမှတ်တရလက်ဆောင်လာပေးကြခြင်း ဖြစ်၏။

"သကြားလုံးရော ... ဆီးထုပ်ရော ... အထည်လုပ်ငန်းရော။ သုံးခုစလုံး လုပ်နေတာဆို" ... ဟု၊ မမြလဲ့ညိုက၊ ဂုဏ်ယူဝမ်းမြောက်စွာမေး၏။ "ကာလ ကို ကြည့်ပြီး လုပ်ရတာပေါ့" ... ဟု ကျွန်တော် ဖြေသည်။ ကိုကျော်စွာဝင်းက လည်း၊ ပြည်တွင်းစီးပွားရေး အခြေအနေကို၊ မေးမြန်းသည်။ သူလည်း၊ မြန်မာပြည်မှာ အခြေချတော့မှာဖြစ်ကြောင်း၊ သူ့အဆက်အသွယ်နှင့်၊ နှင်းလဲ့ဖြူကိုတော့၊



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်မှာ အလုပ်,သွားလုပ်နိုင်ဖို့ စီစဉ်ထားပြီ ဖြစ်ကြောင်း၊ ရင်းနှီးစွာ ပြောပြ၏။

မမြလဲ့ညိုက . . .

"အိမ်ထောင်မပြုသေးဘူးပေါ့"

"ပြုဖြစ်တော့မယ်၊ မထင်ဘူး"

"မင်းနဲ့ နှင်းလဲ့ဖြူနဲ့၊ ရည်းစားဖြစ်နေကြပြီ ထင်တာ"

သေးငယ်သော ဒေါသ,စိတ်တစ်ခု ဖြစ်သွားရသည်ကို၊ လူမမြင်အောင် ထိန်းလိုက်ရသည်။

"ကျွန်တော်တို့က၊ သူငယ်ချင်းတွေပါ။ ထာဝရ သူငယ်ချင်း"

"နှင်းလဲ့ဖြူက၊ မင်းအပေါ်တော့ သံယောဇဉ်တော်တော်ကြီးပုံရတယ်။ ဂျပန်သွားဖို့ကိစ္စတောင်၊ မင်းအတွက်ပါ လုပ်ပေးဖို့ ပြောသေးတယ်။ မင်း . . . ငြင်းတယ်ဆို"

"ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့၊ လောလောဆယ် တခြားသွားလုပ်လို့ မဖြစ်ဘူးလေ။ အဲဒါကြောင့်ပါ"

"မသွားချင်ဘူး လုပ်နေသေးတယ်။ သုံးနှစ်တည်းပါ . . . လို့၊ ပြောပြီး မနည်း ရှင်းပြရတယ်။





သူ့နောင်ရေးအတွက်လေ။ စုမိဆောင်းမိထားတော့ ကောင်းတာပေါ့။ မမတို့က, အမေ့ကို၊ တစ်လှည့်ပြန်ကြည့်ထားမယ်။ သူ . . . လွတ်လွတ်လပ်လပ် အလုပ်သွားလုပ်ပေါ့။ မဟုတ်ဘူးလား"

ခေါင်းညိတ်လျက်သာ၊ ကျွန်တော် နားထောင်သည်။ အနားမှာသာ ကိုကျော်စွာဝင်းမရှိပါက၊ မမြလဲ့ညိုကို၊ ကျွန်တော်ပြောချင်သည့်စကားတွေ . . . တဝေါဝေါ ပြောချလိုက်မိပေမည်။ ကိုယ့်ကို မေတ္တာကမ်းလှမ်းခဲ့ဖူးသူနှင့်၊ ညီမဖြစ်သူကို အောင်သွယ်သယောင် စကားမျိုး၊ မပြောစေချင်ကြောင်း ပြင်းပြင်းထန်ထန် ကျွန်တော် ပြောချင်၏။ သို့သော် . . . ပြောခွင့်မသာ။

"ကျောင်းသားအရွယ် မဟုတ်တော့ဘူးဆိုတော့။ စီးပွားရေးကိုပဲ ခေါင်းထဲထားဖြစ်တော့တယ်၊

ငယ်ငယ်တုန်းက၊ စိတ်ကစားခဲ့တာတွေတောင်၊ တွေးပြီး၊ ရက်တတ်နေပြီ။ အခုဆိုရင် . . . . မိသားစု စီးပွားရေး။ လိုအပ်ရင် နိုင်ငံ့စီးပွားရေး၊ တတ်နိုင်ရင် ကမ္ဘာ့စီးပွားရေးအထိ၊ စီစဉ်စဉ်းစားနေရတော့၊ တခြား ကလေးကလား အာရုံတွေကို တွေးတောင် မတွေးဖြစ်ဘူး။

သူချစ်ရော . . . ကိုယ်ချစ်ရော . . . သူချစ်ကိုယ်ချစ်ရော . . . ။ စိတ်မဝင်စားဖြစ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာ အာကာသ,ကြီးဆိုရင်၊ အချစ်
ဆိုတာ အဲဒီအာကာသ,ထဲက ကြယ်လေးတစ်ပွင့်
လောက်ပဲ လင်းနိုင်တာပါလား . . . လို့၊ တွေးတတ်
နေပြီ''

''မင်း . . . တော်တော်ရင့်ကျက်နေပြီ'' . . . ဟု၊ ကိုကျော်စွာဝင်း၊ ဝင်ပြော၏။ ''အသက်အရွယ်က၊ သင်ပေးသလိုပါပဲ'' . . . ဟု၊ ကျွန်တော် ပြုံးလျက်ပြောသည်။ မမြလဲ့ညိုလည်း ပြုံးနေလေ၏ မချိပြုံး။

'ကျွဲ'

''ဟဲ့။ သောက်ပလုတ်တုတ်''

ရွှေသွေး၏ ယောင်ယမ်းသံ။

ကျွန်တော်တို့ သုံးယောက်ကို၊ ကားတစ်စီးက ပွတ်တိုက်ဟန် ပြုသည်။ ကားရပ်လျှင်ရပ်ချင်း၊ နှင်းလဲ့ဖြူ . . . ဟု၊ သိရ၏

''အမယ်။ စီးတော်ကားကြီးနဲ့ပါလား'' . . . ဟု၊ ရွှေသွေး လှမ်းနောက်သည်။ ''ဘယ်သွားကြမလို့လဲ'' . . . ဟု၊ နှင်းလဲ့ဖြူ မေးသည်။ ''လက်ဖက်ရည်ဆိုင်'' . . . ဟု၊ ကျွန်တော် ဖြေသည်။ ပြီးမှ





''နင်က၊ စောစောစီးစီး ဘယ်လဲ''

''Japanese တက်နေတာ''

''ဪ''

''ကားက၊ ဘယ်က ငှားလာတာလဲ'' . . . ဟု၊ ရွှေသွေး နောက်သည်။ ''ငါ့ အစ်မ ကားပေါ့။ နင်တို့ စီးချင်ရင်တက်။ လက်ဖက်ရည်ဆိုင် လိုက်ပို့ပေးမယ်'' . . . ဟု နှင်းလဲ့ဖြူ ပြောသည်။ ရွှေသွေးက . . .

''မနက် စောစောဆိုတာ လမ်းလျှောက်ရတယ်ဟ။ မင်းထွဋ်ခေါင်တောင်၊ သူ့ကားရော . . . ဖုန်းရော . . . အိမ်မှာထားခဲ့ပြီး၊ လက်ဖက်ရည်ဆိုင်ကို လမ်းလျှောက်တာ။ နင့်လို ရပ်ကွက်ထဲ ပတ်ကြွားမနေဘူး''

''ကြွားစရာလား။ ကိုယ်သွားစရာရှိလို့ သွားတာ။ ဘာဖြစ်လဲ''

သက်ဦးက . . .

''ဂဲ . . . ရွှေသွေး။ လမ်းပေါ်မှာ ကားရပ်ပြီး စကားပြောနေလို့၊ ငါတို့ သုံးယောက်ကို၊ လက်ဖက်ရည်ဘိုး တောင်းတဲ့သူတွေလို့၊ ထင်နေဦးမယ်''

ရွှေသွေးက . . .

''မထင်နိုင်ပါဘူး။ ငါတို့က . . . ဦးထုပ်မှ

www.burmeseclassic.com



ဆောင်းမထားတာ''

နှင်းလဲ့ဖြူ ရယ်လေ၏။ ကျွန်တော်က ...

''နှင် ... ကားကို ဖြည်းဖြည်းမောင်းနော်။ ခုနက၊ နှင် ဘရိတ်အုပ်တာ မငြိမ်ဘူး''

နှင်းလဲ့ဖြူက ...၊

''နှင်တို့ကို တွေ့လို့ ပွတ်ဆွဲလိုက်တာ။ တကယ် တိုက်မိမှာလည်း ကြောက်တယ်။ ကြောက်ကြောက်နဲ့ နောက်ရတာ''

''လက်ဖက်ရည်သောက်မလား''

''မသောက်တော့ဘူး။ သင်တန်းချိန်နီးနေပြီ။ သွားမယ်''

''အေး'' ... ဟု၊ ကျွန်တော် ခေါင်းညိတ်လျက် ပြောသည်။

''ငါ ... လာမကြိုတော့ဘူးနော်။ အိမ်ကို စောစောပြန်ကြားလား''

... ဟု၊ ရွှေသွေး နောက်၏။ နှင်းလဲ့ဖြူက ... ''အေး။ စိတ်ချပါ။ နှင့်ကြီးတော်ကြီးကိုလည်း၊ ငါ့ထမီတွေ သေသေချာချာ လျှော်ခိုင်းထားလိုက်ဦး'' ... ဟု၊ ပြောပြီး၊ ကားကို မောင်းထွက်သွား၏။ရယ်မောကျန်ရစ်ခဲ့ကြသည်။





နှင်းလဲ့ဖြူ၏ နှုတ်ဆက်ညစာ စားပွဲကို၊ ဟိုတယ်တစ်ခု၏ စားပွဲဝိုင်း တစ်ခုတည်းတွင်း ကျင်းပ ဖြစ်သည်။ နှင်းလဲ့ဖြူအပါအဝင်၊ အားလုံးပေါင်း သူငယ်ချင်း ခြောက်ယောက်တည်းသာ။

''မနက်ဖြန် လေယာဉ်ကွင်းကို၊ ငါတို့ လိုက်ပို့ပေးရဦးမှာလား''

သီဂီသော်၏၊ အမေး။

နှင်းလဲ့ဖြူက ...၊

''လိုက်ပို့ရင်တော့ ကောင်းတာပေါ့''

ကျွန်တော်က ...

''ငါတော့ လိုက်မပို့တော့ဘူးဟာ။ အဝင် အထွက်ကိစ္စတွေ၊ အလုပ်ရှုပ်လိမ့်မယ်''

နှင်းလဲ့ဖြူက ...

''မပို့ချင်လည်း၊ နေ ...။ နှင်တို့လိုက်ပို့မှ၊ ငါက ... ခွဲရခွာရလို့ ဝမ်းနည်းစိတ်ဖြစ်နေရဦးမယ်။ ငါက ... သိပ်သွားချင်တာ မဟုတ်ဘူး။ စီစဉ်ပေးမယ့်သူ ရှိတုန်းမို့၊ သွားတာ''

ရွှေသွေးက ...၊ ကျွန်တော့်ဘက်သို့ ကြည့်ပြီး ...

''မင်းက၊ ကျွေးတာကျ လာစားပြီး လေ



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ကြွင်းတော့ လိုက်မပို့ဘူးဆိုတော့၊ မကောင်းဘူးထင်တယ်''

စုလတ်မောင်က . . . ,

''နှုတ်ဆက်လက်ပြတဲ့ဒဏ်ကို၊ နှင်, မခံစားနိုင်လို့ မဟုတ်လား၊ မင်းထွင့်ခေါင်''

''ယောက်ျားပဲ။ လက်ပြတာလောက်ကို၊ ခံစားစရာလား။ ပြီးတော့ . . .၊ နှင်းလဲ့ဖြူက အပြီးသွားတာမှ မဟုတ်တာ။ အချိန်တန်၊ အိမ်ပြန်လာမှာပဲ''

နှင်းလဲ့ဖြူက . . .

''ဘယ်သူမှ လိုက်မပို့နဲ့။ နှင်တို့ ဝမ်းမနည်းဘဲ၊ ငါ့ဘာသာ ဝမ်းနည်းမိရင်။ ငါ . . . ငိုမိလိမ့်မယ်။ ရတယ်။ ငါ့ အမေနဲ့၊ ငါ့အစ်မ လင်မယား၊ လိုက်ပို့လိမ့်မယ်''

သက်ဦးက . . .

''ပြန်လာမှပဲ လာကြိုကြမယ်ဟာ။ မကောင်းဘူးလား''

''အေးပါ။ ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သတိရနေကြရင်၊ ပြီးတာပဲ။ အလုပ်သွားလုပ်တာပဲ၊ လွမ်းတဲ့ဒဏ်လောက်တော့ ခံနိုင်ရမှာပေါ့။ ပို့တာ ကြိုတာတွေက၊ အလုပ်ကိစ္စမှ မဟုတ်





တာ၊ အရေးမကြီးဘူး'' . . . ဟု၊ ကျွန်တော် ပြောသည်။ နှင်းလဲ့ဖြူက . . . ''ဖုန်းဆက်တာ အကုန်အကျများတယ်။ နှင့်ရုံးခန်းမှာ Internet ချိတ်ထား။ ငါ . . . E - mail ပို့မယ်'' . . . ဟု၊ ပြော၏။ ''အေး . . . ငါ,လုပ်လိုက်မယ်'' . . . ဟု၊ ကျွန်တော် ပြောလိုက်သည်။

ခဏသာ ခွဲခွာကြရမည် ဆိုသော်လည်း။ မည်သူနှင့်ဖြစ်စေ ခွဲရခွာရသည့် ဒဏ်ကို၊ ခံစားနိုင်စွမ်း မကြီးသေး . . . ဟု၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်၊ သိလိုက်သည်။

''ဟဲ့။ နှင် . . . ဘာဖြစ်သွားလဲ''

''ဘာဖြစ်လို့လဲ''

''ငါက . . . နှင့်ကို၊ အရိပ်လို ကြည့်နေတာနော်။ နှင့် . . . မျက်နှာ ငိုင်သွားတာ၊ ငါ သိတယ်။ ဘာလဲ . . . Internet ချိတ်ရင် ကုန်ကျမယ့် စရိတ်ကို၊ တွက်ပြီး နှမြောသွားတာလား''

''မဟုတ်ပါဘူးဟာ'' . . . ဟု၊ နှင်းလဲ့ဖြူကို၊ ကျွန်တော် ပြောလိုက်သည်။ အားလုံးရယ်ကြ၏။ ရယ်သံစဲသော် . . . နှင်းလဲ့ဖြူက . . .

''ဒါဆို ဘာဖြစ်တာလဲ ပြော။ နှင်, တစ်ခုခုတော့ ဖြစ်သွားတယ်''

''ဪ . . .။ တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင် နေလာပြီးမှ၊ ခွဲရခွာရတော့မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့၊ နည်းနည်းပါးပါး၊ စိတ်မကောင်းဖြစ်တာပေါ့ ဟ''

နှင်းလဲ့ဖြူက၊ တအံ့တဩ မျက်နှာဖြင့် . . .

''အမယ်လေး။ နင့်ဆီက ဒီစကားမျိုး ကြားရတာ။ ငါ သေပျော်ပြီ။

တစ်ခါမှ၊ နင့်ဆီက ဒီလို လှမ်းလှမ်းဆွတ်ဆွတ် စကားမျိုး၊ ငါ . . . မကြားဖူးဘူး။ နင် . . . လူပီသ,လာပြီ၊ မင်းထွဋ်ခေါင်။ တကယ်''

''ရေခြား မြေခြား သွားမှာဆိုတော့၊ အဆင်မပြေမှာတွေ၊ ဘာတွေ၊ စိုးရိမ်တာပေါ့ နှင်းလဲ့ဖြူရယ်။ နင့်နေရာမှာ၊ ဘယ်သူဖြစ်ဖြစ်၊ ဒီ . . . စိုးရိမ်စိတ်မျိုးတော့၊ ငါ . . . ဖြစ်တတ်ပါတယ်။ ဒါ . . . အံ့ဩစရာလား''

''အံ့ဩတာပေါ့။ နင့်မှာ . . . ဘာမှ မရှိတော့ဘူး . . . လို့၊ ငါ . . . ထင်ထားတာ။ ခံစားတတ်တဲ့ စိတ်ကလေးရှိနေသေးတာ သိရတော့၊ ငါ အံ့ဩတာပေါ့။ ဝမ်းသာတာပေါ့။

လူဆိုတာ . . . ခံစားမှု မရှိရင်၊ စာနာမှုလည်း မရှိဘူး။ ညှာတာမှုလည်း မရှိဘူး။ ခံစားတတ်မှ စာနာတတ်တာလေ''





နှင်းလဲ့ဖြူစကားကို၊ ကျွန်တော် သဘောကျစွာ ပြုံးမိသည်။ ပြုံးရင် . . .

''မီးနဲ့တွေ့ရင်၊ ပူတယ်၊ ရေနဲ့ တွေ့ရင်၊ အေးတယ်လောက်တော့၊ ငါ . . . ခံစားတတ်ပါသေးတယ် နှင်းလဲ့ဖြူရယ်''

''အဲဒါကိုပဲ၊ ငါ ဝမ်းသာတာပါ။ တချို့ရှိတယ်လေ၊ မီးနဲ့ တွေ့ရင်၊ အဲဒါ . . . ငါနဲ့ မဆိုင်ဘူး။ ရေနဲ့ တွေ့တော့၊ အဲဒါ . . . ငါ့ရေ ဆိုပြီး၊ လုပ်တတ်ကြတာ။

အဲဒီလူတွေနဲ့စာရင်၊ နင်က . . . ပိုပြီး မြင့်မြတ်တာပေါ့။ အဲဒါကို၊ ငါက . . . တအံ့တဩ ဝမ်းသာတာပါ''

ကျွန်တော် ဘာမျှ ပြန်မပြောတော့ဘဲ၊ စားပွဲပေါ်ရှိ ဖန်ကလပ်ထဲမှ၊ အချိုရည်တွေကို၊ မော့သောက်ပစ်လိုက်သည်။ ပြင်းရှသော အချိုရည်။

သီဂီသေဘ်နှင့် စုလတ်မောင်ကို၊ နှင်းလဲ့ဖြူ၏ကားဖြင့်ပို့ကြ



www.burmeseclassic.com

www.burmeseclassic.com



ပို့ဖို့ စီစဉ်သည်။ ရွှေသွေးနှင့် သက်ဦးတို့က၊ ကျွန်တော့်ကားဖြင့် ပြန်ကြမည်။ မိနစ်ကလေး သုံးယောက်၊ ကားအတွင်း ဝင်သွားတော့မှ ကျွန်တော်က၊ နှင်းလဲ့ဖြူအနားသို့ သွားကာ . . .

"ငါ . . . အခုကတည်းက၊ နှုတ်ဆက်လိုက်မယ်နော်၊ နှင်းလဲ့ဖြူ။ Good-Bye"

"အေး။ Good-Bye၊ နင်တို့ လျှောက်လိမ့်မနေနဲ့ဦး။ မိုးချုပ်ပြီ"

"အေးပါ"

ကားဘီး စ, ရွှေ၏။ နှင်းလဲ့ဖြူ ကျွန်တော့်ကို လက်ပြသည်။ ကျွန်တော်လည်း၊ လက်ပြန်ပြဖြစ်၏။ မြင်ကွင်းမှ၊ နှင်းလဲ့ဖြူ၏ကား ကွယ်ပျောက်သွားသည်အထိ၊ ကားအတွင်းသို့၊ ကျွန်တော် မဝင်ဖြစ်သေး။

"မင်း . . . ဘာဖြစ်နေတာလဲ" . . . ဟု၊ သက်ဦး မေးသည်။ ကျွန်တော် ချက်ချင်း မဖြေနိုင်။ သက်ပြင်းတစ်ချက် ချပြီးမှ . . .

"ငါ့ စိတ်ထဲ တစ်မျိုးကြီးပဲကွ"

ရွှေသွေးက၊ ရယ်လျက် . . .

"စိတ်ထဲ တစ်မျိုးဖြစ်တာ မဟုတ်ဘူးကွ။ တစ်မျိုးဖြစ်စေတဲ့ အရာ၊ မင်း စိတ်ထဲကို ဝင်လာတာ နေမှာပေါ့"

"ဘာလဲ"





"အချစ်လေ"

"မဟုတ်ပါဘူးကွာ။ အဲဒီလို မဟုတ်ဘူး။ စိတ်ထဲမှာ . . . တစ်မျိုးကြီး ဖြစ်နေတာပဲ၊ ငါ သိတယ်။ ဘာဖြစ်တာလဲ ငါမသိဘူး" . . . ဟု၊ ပြောပြီး ကျွန်တော် . . . ကားတံခါးကို ဆွဲဖွင့်လိုက်သည်။ ရွှေသွေးက၊ ကျွန်တော့် နံဘေးတွင် ဝင်ထိုင်ပြီး၊ သက်ဦးက၊ ကားနောက်ခန်းတွင် ထိုင်၏။

"အနားမှာ၊ ရှိတုန်းက, တော့၊ ငဲ့တောင် မကြည့်ဖြစ်ဘူး။ အနားက, နေ ခွဲခွာဝေးလွင့်တော့မှာပါလား . . . လို့ တွေးမိလိုက်တဲ့အချိန်ကျမှ၊ စိတ်ထဲမှာ . . . တစ်မျိုးတစ်မည် ဖြစ်သွားရတာ။ အဲဒါ . . . အချစ်ရဲ့အခြေခံသဘောတရားပဲကွ"

ကားဘီးလိမ့်စ, တွင်၊ ရွှေသွေးက၊ စကားဦးသန်း၏။ ကျွန်တော် ဘာမျှ ပြန်မပြောဖြစ်။

"သင့်တော်တာတွေ၊ မသင့်တော်တာတွေ။ မဖြစ်သင့်တာတွေ။ ဖြစ်သင့်တာတွေ၊ အုပ်မိုးထားရင်၊ အချစ်က၊ အရောင်လဲ့ခွင့် မရဘူး။

အဲဒီ့ . . . တော်၏၊ မတော်၏ . . . တွေ၊ ဖြစ်သင့် မဖြစ်သင့်တွေ၊ ခွာချလိုက်ရင်။ အချစ်ကို ဘွားခနဲ တွေ့တော့တာပဲ။

အဲဒီလို တွေ့တဲ့အချိန်မှာ၊ အချစ်က . . .



www.burmeseclassic.com

www.burmeseclassic.com



အဝေးကို ပျံသန်းဖို့ အတောင်ပံ ခတ်နေပြီ''

ကျွန်တော် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ ပြီးနောက် ရွှေသွေးကို ငဲ့ကြည့်လိုက်၏။ ရွှေသွေးက . . .

''စိတ်မဆိုးနဲ့လေ။ ငါ . . . ပြောတဲ့အထဲမှာ မင်းနာမည် မပါဘူး။

ချစ်ခြင်းတရားရဲ့ ဖြစ်တတ်တဲ့ သဘောသဘာဝ ကို ငါ့ ဘာသာ ငါ ပြောတာ။ မင်းက . . . ဘာဖြစ်လို့ ကားကို ရပ်ပစ်လိုက်တာလဲ''

ကျွန်တော် ခေါင်းခါပြလိုက်၏။ ပြီးမှ . . .

''မနက်ဖြန် ငါ . . . နှင်းလဲ့ဖြူကို လိုက်ပို့ လိုက်ရင် ကောင်းမလား မသိဘူး''

''အကြံမတောင်းနဲ့လေ။ မင်းဘာသာ လုပ်ချင်တာလုပ်''

''လိုက်ပို့လိုက်တာပဲ ကောင်းပါတယ်ကွာ။ ငါ . . . သူ့ကို စကားနည်းနည်း ပြောစရာ ရှိတယ်။ ငါ့ စိတ်ထဲ တစ်မျိုးကြီးပဲ''

''အခု . . . အိမ်ရှေ့မှာ သွားစောင့်နေပြီး ပြောပေါ့''

''ရတယ်။ မနက်ကျမှပဲ သွားပြောတော့မယ်''





ပြောပြီး၊ ကားကို ဝေါခနဲ နေအောင်၊ မောင်းထွက်လိုက်မိသည်။

ဂီယာ အဆုံး၊ လီဗာအဆုံး နင်းထွက်မောင်းနှင်လိုက်သော ကားတစ်စီးကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ခံစားရသည်။ လွတ်လပ်ပေါ့ပါးသွားသည် . . . ဟု တွေးဖြစ်၏။ ကား၏အရှိန် မြန်လွန်းမှန်းသိသဖြင့် ဂီယာကိုလည်းကောင်း၊ လီဗာကိုလည်းကောင်း၊ ကျွန်တော် . . . သင့်တင့်ရုံမျှ အရှိန် လျှော့လိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## [၂၇]

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်တယ်၊ ညီလေး။ ညဥ့်တော်တော်နက်တဲ့အထိ အိမ်ပြန်မရောက်သေးလို့ မင်း ဆီကို ဖုန်းဆက်သေးတယ်။ မင်းဖုန်းက, ပိတ်ထားတယ်။

မင်းတို့သူငယ်ချင်းတွေ၊ အတူတူ ရှိနေကြမှာပဲလေ ဆိုပြီး၊ နေလိုက်တာ။ မနက် နှစ်နာရီခွဲလောက်မှ၊ သက်ဆိုင်ရာက၊ သတင်းလာပို့ကြတာ။

သတင်းကြားကြားချင်း၊ လိုက်သွားကြရတော့၊ မင်းကိုတောင်၊ လာမခေါ်ဖြစ်တော့ဘူး၊ အခုမှ လာပြောတာ"

ကိုကျော်စွာဝင်း၏ စကားများ ပြီးဆုံးသည်အထိ ကျွန်တော် . . . မယုံကြည်နိုင်သေး၊ မယုံကြည်ချင်သေး၊ မယုံကြည်ရက်သေး။

"ဆုံးသွားတာရော၊ ဟုတ်ရဲ့လားဗျာ . . . ၊

ကျွန်တော်တို့ ယောက်ျားလေးအုပ်စုနဲ့၊ သူတို့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးအုပ်ရဲ့ ရှေ့ဆင့်နောက်ဆင့် လမ်းခွဲခဲ့ကြတာ။ ကျွန်တော်က, အိမ်ရောက်ရောက်ချင်း ဖုန်းပိတ်ပြီး အိပ်ပစ်လိုက်တာ။ ဒီမနက် သူ့ကို လေယာဉ်ကွင်း လိုက်ပို့မလို့"

"ယာဉ်တိုက်မှုဖြစ်တဲ့နေရာမှာပဲ ဆုံးတာ ညီလေးရဲ့၊ သူ့ သူငယ်ချင်းတွေကို၊ လိုက်ပို့ပြီး အပြန်မှာ ဖြစ်တာ။

ကုန်တင်ကားကြီးနဲ့ တိုက်မိတာ။ သက်ဆိုင်ရာက သိတာတောင်၊ နည်းနည်းနောက်ကျတယ်။ ညဉ့်နက်နေပြီကိုး။ အစ်ကိုနဲ့ညီ့နဲ့ ချက်ချင်းလိုက်သွားကြတာ။ အလောင်းပဲ ...။ အလောင်းပဲ မီလိုက်တယ်"

"ဟာ ...။ ဟာ ...။ ဟာဗျာ"

ကျွန်တော် ... ဘာမှ ပြန်မပြောနိုင်တော့ချေ။

"ဖြစ်ရလေဗျာ။ ဖြစ်မှ ဖြစ်ရလေ။ အခု ..., ကျွန်တော်။ ကျွန်တော် လိုက်ကြည့်လို့ရသေးလား။ နှင်းလဲ့ဖြူကို၊ လိုက်ကြည့်လို့ ..."

"အအေးတိုက်ထဲ ပို့လိုက်ပြီလေ။ သဂြိုဟ်တဲ့နေ့ကျမှပဲ၊ ကြည့်ပါတော့ကွာ။ ညို ... ပြောနိုင်းလို့ အစ်ကို လာပြောတာ"





"မမရော ..."

"အိမ်မှာ ...။ လဲနေပြီ။ အရုပ်ကြိုးပြတ်ပေါ့။ အမေလုပ်တဲ့သူလည်း၊ ရင်ထုမနာပဲ။ အံ့သြစရာကောင်းတယ်ကွာ။ တုန်လှုပ်စရာ"

"ကျွန်တော် ...၊ အိမ်လိုက်ခဲ့မယ်"

"အေးအေး"

အဖေနှင့်အမေကို၊ အကျိုးအကြောင်းပြောပြပြီး၊ ကိုကျော်စွာဝင်းနှင့်အတူ နှင်းလဲ့ဖြူ၏အိမ်သို့၊ ကျွန်တော် လိုက်ပါခဲ့သည်။

"မောင်လေး၊ နှင်းလဲ့ဖြူ မရှိတော့ဘူး။ ညီမလေး မရှိတော့ဘူး"

မမြလဲ့ညို၊ ကျွန်တော့်ကို ဖက်ငိုသည်။

"သူ ... ကားမောင်းတာကို၊ ကျွန်တော်၊ သိပ်စိတ်မချဘူး။ ဒါပေမဲ့ ..., ကျွန်တော် သေသေချာချာ မပြောဖြစ်ဘူး"

မမြလဲ့ညိုကို၊ ဖေးတွဲကာ၊ ဆက်တိုက်ပေါ်တွင်၊ ထိုင်စေသည်။ ပြေသိမ့်စကားကို၊ ကျွန်တော် မပြောတတ်။ ကိုယ်တိုင် ပြေဆည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လည်း ခက်ခဲနေရသည်။ မမြလှဲ့ညို၏မိခင်သည့်လည်း မျက်ရည်အရွှဲသား။

"ရတ်တရက်ကြီး။ ရတ်တရက်ကြီး။ အပြီးဆိုးလိုက်တာ။ အဖြစ်ဆိုးတယ်"

ခပ်လှမ်းလှမ်းရှိ စားပွဲငယ်ပေါ်တွင်၊ တင်ထားသော၊ နှင်းလဲ့ဖြူ၏ ဓာတ်ပုံကို၊ မြင်နေရသည်။ ဓာတ်ပုံထဲတွင်၊ သူ . . . ပြုံးနေသော အပြစ်ကင်းသန့်စွာသော . . . အပြုံး။ ရတ်တရက် နှုတ်မဆက်ဘဲ ထွက်ခွာသွားသူ၏ နှုတ်ဆက်အပြုံး။

"ငါ . . . အခုကတည်းက၊ နှုတ်ဆက်လိုက်မယ်နော်၊ နှင်းလဲ့ဖြူ။ Good-Bye"

ညက . . . , သူ့ကို၊ ကျွန်တော် နှုတ်ဆက်လိုက်မိသည်။ သူကလည်း . . . ကျွန်တော့်ကို၊ ပြန်လည်နှုတ်ဆက်သွားတာပါလား။

"အေး။ Good-Bye နင်တို့၊ လျှောက်လိမ့်မနေနဲ့ဦး။ မိုးချုပ်ပြီ"

(ဖြစ်ရလေ . . . နှင်းလဲ့ဖြူရယ်)။

"မမ၊ ကျွန်တော် . . . သူငယ်ချင်းတွေကို အကြောင်း ကြားလိုက်ဦးမယ်"

မမြလှဲ့ညို ခေါင်းညိတ်သည်။ ရွှေသွေးနှင့်သက်ဦးတို့ အိမ်ဘက်သို့၊ အပြေး ထွက်ခဲ့၏။





"ဟုတ်လို့လားကွာ"

"မနောက်ပါနဲ့ကွာ။ သူ . . . သွားရလာရဦးမှာ။ မဦးမချွတ်"

ရွှေသွေးရော၊ သက်ဦးရော . . . ကြားကြားချင်း မယုံကြ။ ကျွန်တော် သေသေချာချာ ပြောပြီး၊ မမြလှဲ့ညိုတို့ ရှိရာသို့ ခေါ်လာတော့မှ၊ သူတို့နှစ်ဦး ထိတ်လန့်အံ့သြစွာ ယုံကြည်လက်ခံကြတော့သည်။

"ဟာ"

"ဟာကွာ။ ကံကြမ္မာကြီးကလည်း ဘာကြီးလဲ"

ရင်ထဲမှာ၊ ကိန်းအောင်းတိုးထွက် လောင်မြိုက်နေသလောက်၊ စကားအဖြစ်၊ ဖွင့်ပြောညည်းတွားဖို့၊ ခက်ခဲနေကြရလေသည်။ မည်သို့သော စကားလုံးဖြင့်၊ မည်သို့ အော်ဟစ် ပြောဆိုကြရမည်ကိုပင်၊ မသိစွမ်းနိုင်ကြတော့ချေ။ ကျွန်တော် ကားမောင်း၍ရနိုင်တော့သဖြင့်၊ သီဂီသော်နှင့် စုလတ်မောင်တို့ အိမ်သို့၊ အငှားကားဖြင့်၊ ထွက်ခဲ့ကြသည်။

သက်ဦးက . . . ,

"ညက . . . မင်းစိတ်ထဲ တစ်မျိုးကြီးပဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဒီလို အဖြစ်ဆိုးကို၊ ကြုံသိနေတာများလား
ကွာ''

''ငါ ... မသိဘူးလေကွာ။ ဘယ်သိပါ့မလဲ''

ကျွန်တော့်စကားသံ လှုပ်ခါသွား၏။

''သိနိုင်တဲ့ အစွမ်းအစ ရှိရင်တော့၊ ကောင်း
... တာ ... ပေါ့''

''လူစုမခွဲခင်။ မင်း စိတ်ထဲကို၊ အဲဒီ့ တစ်မျိုး
ကြီး ဆိုတာ၊ ရောက်လာရင် ...။ ရောက်လာရင်
...။ ...''

သက်ဦးစကားသံ တိမ်သွား၏။

''အခု အခြေအနေမျိုး ... မဖြစ်နိုင်လောက်
ဘူး''

''ကားထွက်သွားမှ၊ ငါ့ စိတ်ထဲ တစ်မျိုးကြီး
ဖြစ်သွားတာလေကွာ။

အဲဒီ့ စိတ်သာ ... စောစောစီးစီး ဖြစ်ခဲ့ရင်
အဲဒီ့ စိတ်သာ၊ အချစ်စိတ် ... လို့၊ သိခဲ့ရင်။

သူ့ကို၊ ငါ ...။ ဘယ်မှ သွားခိုင်းတော့မှာ
မဟုတ်ဘူး။ ...''

''နင်တို့ တကယ်ပြောနေကြတာလား''

သီဂီသော် ငိုလျက်၊ မေးသည်။





''ဟုတ်လို့လား ဟယ်''

စုလတ်မောင်ကလည်း၊ ငိုလျက်၊ မေးသည်။

ကျွန်တော်က ...,

''သူ ... တကယ် မရှိတော့တာ။ ဒါ ...
ကျိုးဟယ်စရာ ကိစ္စမှ မဟုတ်တာ။ နင်းလဲ့ဖြူ မရှိတော့
ဘူးဟာ။

ညက, သူ ... ငါတို့ကို၊ နှုတ်ဆက်သွား
တယ်လေ။ နှုတ်ဆက်ညစာ ကျွေးသွားတယ်လေ။
အခု ... သူ,

တကယ် မရှိတော့ဘူး''

အငိုစိတ်ကို၊ ထိန်း၍ ပြောရသော စကားတို့သည်၊ အထစ်
ထစ်, အငေါ့ငေါ့။

သီဂီသော်က ...

''သက်ဦး။ မင်းထွဋ်ခေါင် နောက်နေတာ
မဟုတ်လား။ သူ ... နောက်နေတာလို့၊ ပြောလေ
ဟာ။ နင်တို့ ... နောက်နေကြတာ မဟုတ်လား။
မနောက်ကြနဲ့။ မနောက်ကြပါနဲ့''

သီဂီသော်၊ ပြောရင်း ... အော်ငိုလေသည်။ စုလတ်မောင်
က,လည်း၊ သီဂီသော့်ကို ဖက်လျက် ငိုသည်။ ရှေ့သွေး မျက်ရည်
ဝဲ၏။ သက်ဦး မေးကျောတင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ယောင်လှမျိုး (ချင်းချောင်းဩ)

ကျွန်တော် . . . ကျောက်ရုပ် တစ်ရုပ်ပမာ၊ တောင့်တင်းစွာ မတ်မတ်နေ၏။



[၂၅]

ရင်တွင်းရဲတိုက်၌၊ ငြိမ်သက်စွာ ခိုနားနေသည့် လိပ်ပြာ တစ်ကောင်၊ ရင်ကိုဖောက်ခွဲပြီး၊ ဝေးလံခေါင်ဖျားရာအရပ် . . . သို့၊ ပျံသန်းထွက်ခွာသွားသကဲ့သို့၊ သိမှတ် ခံစားရသည်။

ငြိမ်သက်နေသော နှင်းလဲ့ဖြူသည်၊ ကျွန်တော့် ရင်ခွင်ကို ဖောက်ခွဲကာ၊ မမြင်ကွယ်ရာ အရပ် . . . သို့၊ ပျံသန်းထွက်ခွာသွားသော လိပ်ပြာကလေး ဖြစ်၏။

အမေ၏ ငိုသံ၊ အစ်မ၏ ငိုသံ၊ အပေါင်းအဖော် သူငယ်ချင်းများအားလုံးတို့၏ ငိုသံများအကြား၊ သူ . . . ငြိမ်သက်နိုင်အားသည်။ မည်သူ ငိုငို၊ သူ မကြားတော့။ မည်သူ ရှိရှိ . . . မရှိရှိ၊ သူ . . . မသိတော့။ နောက်လှည့်မကြည့်ကြေး၊ သူ . . . ထွက်ပြေးပြီ။

ကျွန်တော် ငိုနေလျှင်ကော . . . သူ သိပါ့မလား။ ကျွန်တော် မျက်ရည်ကျလျှင်ကော၊ သူ . . . မြင်ပါ့မလား။ ဘယ်သူ . . . မြင်မြင် မမြင်မြင်၊ ကျွန်တော့် ရင်ထဲကို၊ သူ . . . မြင်စေချင်ပြီ။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



သိသိ, မသိသိ၊ ကျွန်တော့် နှလုံးသားခံစားမှုကို၊ သူ . . . သိစေချင်ပြီ။

တင်းထားသော ကြိုး၊ လျော့ကျသွားသကဲ့သို့၊ ကာထားသော တံတိုင်း၊ အပိုင်းပိုင်းကျိုးကျေသွားသကဲ့သို့ ကျွန်တော့်မျက်ဝန်းမှ မျက်ရည်မိုးတို့၊ ရင်ကျိုးမတတ်၊ ရွာချမိခဲ့ပြီ။

"ငါ့ အစ်ကိုတွေက၊ ငါ့ကို ငယ်ငယ်တုန်းက
သင်ထားတယ်။

ယောက်ျားဆိုတာ၊ မငိုရဘူး . . . တဲ့။ ငိုချင်ရင်လည်း၊ ရင်ထဲမှာပဲ၊ ငိုရတယ် . . . တဲ့။ မျက်ရည်ကျရင်၊ ယောက်ျားမဟုတ်ဘူး . . . တဲ့"

"ဒါဆို၊ နင် . . . ရင်ထဲမှာ ငိုနေတာပေါ့"

ထိုစဉ်က၊ ငိုခြင်းကို ကျွန်တော် ရှုံ့ရှာခဲ့သည်။

"ငို" . . . ဟူသော၊ ဝေါဟာရ၊ "မျက်ရည်" . . . ဟူသော အရာဝတ္ထုသည်၊ ဘယ်တုန်းကမှ ဘယ်တော့မှ၊ ကျွန်တော်နှင့် ပတ် သက်စရာအကြောင်းမရှိသော ကိစ္စများဟု မှတ်ယူထားခဲ့မိသည်။ ယခု . . . ကျွန်တော် ငိုကြွေးနေမိပြီ။

"ဩော် . . . တစ်ယောက်နဲ့ တစ်ယောက် ခင်ခင်မင်မင် နေလာပြီးမှ၊ ခွဲရ ခွာရတော့မယ် ဆို တော့၊ နည်းနည်းပါးပါး စိတ်မကောင်း ဖြစ်တာပေ ပဲ"





"အမယ်လေး၊ နင့် ဆီက၊ ဒီစကားမျိုး
ကြားရတာ၊ ငါ သေပျော်ပြီ။

တစ်ခါမှ၊ နင့်ဆီက ဒီလို လွမ်းလွမ်းဆွတ်
ဆွတ် စကားမျိုး၊ ငါ . . . မကြားဖူးဘူး။ နင် . . . လူ
ပီသ, လာပြီ၊ မင်းထွဋ်ခေါင်၊ တကယ်"

နှင်းလဲ့ဖြူက၊ "သေပျော်ပြီ" တဲ့။
ရယ်ရယ်မောမော ပြောသွားနိုင်ခဲ့သည်။

မပျော်စွာ ကျန်ရစ်ခဲ့ရပြီဖြစ်သော၊ ကံပစ်ချရာ မျက်ရည်အိုင် အတွင်း၊ ငိုချင်းရှည်လျက် နေဖြစ်တော့မည့်၊ ကျွန်တော့်အဖြစ်ကို၊ သူ . . . သိ၊ သူ . . . မြင်၊ သူ . . . ကြားလျှင်၊ သူ . . . သေပျော်နိုင်ပါ့ မလား။

ကျွန်တော် ငိုသည်၊ ကျွန်တော့်သူငယ်ချင်းတွေ ငိုကြသည်။ မျက်ရည်တိတ်သော်လည်း၊ အငိုမရပ်။ အငိုရပ်သော်လည်း၊ မျက်ရည် မဆည်နိုင်။

ငေး၍ကြည့်၊ ငိုင်၍ကြည့်၊ ထိုင်၍ကြည့်နေစဉ် တစ်လျှောက်လုံး၊ အငိုနှင့်မျက်ရည်တို့၊ မကုန်ဆုံးနိုင်တော့ချေ။

"နှင်း . . . လဲ့ . . . ဖြူ။ ငါ . . . နင့်ကို ပြော
စရာရှိတယ်။ ဒါပေမဲ့ . . .။ ငါ . . . မပြောဖြစ်လိုက်
ဘူး"

ကျွန်တော့် တီးတိုးစကားသံ၊ သူ . . . မကြားနိုင်။

www.burmeseclassic.com



မကြားနိုင် မသိနိုင်မှန်း သိလျက်၊ ကြားလို သိလို မြင်လို ဇောက၊ ရင်ကို ခွဲပြနိုင်ချင်သည်။ အာကာတစ်ခွင်လုံး ဟိန်းသွား မတတ်၊ အော်ဟစ် ဖွင့်ထုတ်နိုင်ချင်သည်။

အခါနှောင်းခြင်း ဟူသည်ကား။ နှုတ်ဆက်ခွင့်ကိုပင် မဆောင် ကျဉ်းတတ်။

''ညီလေး။ အလောင်းကို မြေချတော့မယ်''

ကိုကျော်စွာဝင်းက၊ ကျွန်တော့်ကို သတိပေးသည်။

အခေါင်းကို ဆုပ်ကိုင်ထားသော လက်ချောင်းတွေကို၊ ဖြည် လျှော့လိုက်၏။ ပြီးနောက် ...

နှင်းလဲ့ဖြူ၏ မျက်နှာကို၊ နောက်ဆုံးအကြည့်ဖြင့်၊ အုပ်မိုး ငုံ့ကြည့်လိုက်သည်။ သူ့ နောက်ပါးသို့၊ ကျွန်တော့် မျက်ရည်များ လိုက်ပါသွားကြ၏။



[ ၂၂ ]

BURMESE CLASSIC .com

နေထိုင်ရာ ပျဉ်ထောင်အိမ်မှ၊ လုံးချင်းအိမ်ရာ တစ်ခုသို့၊ ကျွန်တော်တို့ မိသားစု ပြောင်းရွှေ့နေထိုင်ကြသည်။ ကျွန်တော့် ကိုယ်ပိုင်ပစ္စည်း ပစ္စယများ။ သယ်ပိုးစဉ်၊ မမြလဲ့ညိုကို၊ ကျွန်တော် ပေးခဲ့ဖူးသော၊ ကျွန်တော့် စာအုပ်လေးကို၊ နှင်းလဲ့ဖြူ ထုပ်ပိုးထားသော၊ အထုပ်အပိုးလေးဖြင့်၊ အမှတ်ရစွာ၊ ကိုင်ကြည့်မိသည်။

နှင်းလဲ့ဖြူကို သတိရစိတ်ဖြင့်၊ ရည်ရွယ်ချက်မဲ့စွာ၊ ထို စာအုပ်လေးကို၊ ဖြည်ကြည့်မိသည်။ မမြလဲ့ညိုကို၊ ရည်ရွယ်ရေးသား ထားခဲ့သည့်၊ ကျွန်တော့် ကဗျာတွေ ...၊ စာကြောင်းတွေ၏ ...၊ စာမျက်နှာများစွာ၏ အလွန်၊ နောက်ဆုံးစာမျက်နှာတွင်၊ နှင်းလဲ့ဖြူ ရေးထားသော ...စာကြောင်းတွေကို၊ အံ့သြစွာ တွေ့မြင်လိုက်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



**မင်းထွဋ်ခေါင်၊**

နင်, တစ်ခုခု ခံစားနေရမှာစိုးလို့ ဒီစာကို ငါ ... ရေးတာပါ။ ငါနဲ့တော့၊ ဘာမှ မဆိုင်ပါဘူး။

မဆိုင်ဘူး ... ဆိုပေမယ့် ...၊ ငါ့ရင်ထဲမှာ ဆိုင်သလိုလို ခံစားရတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ နင်, အသည်းကွဲမှာ၊ ငါ ... စိုးရိမ်တယ်။

ချစ်ခြင်းမေတ္တာဆိုတာ၊ တနာမှုက, ပေါက်ပွားလာတာ ... လို့ ငါ ... ယုံကြည်တယ်။ တစ်စုံတစ်ယောက်က၊ မတာမနာ၊ နင့်အပေါ် သဘောထားခဲ့ရင်၊ တနာတတ်တဲ့သူတစ်ယောက်၊ နင့်ဘေးနားမှာ ရှိတယ် ... လို့ နင် အမြဲတမ်း တွေးနေပါ။

ကိုယ်ချစ် ... သူချစ် ... နှစ်ကိုယ်ချစ် ဆိုတာ ရှိတယ် ... တဲ့။ မညိုက ပြောပူးတယ်။ နင် ..., ကိုယ်ချစ်ကြောင့်၊ တစ်ခုခု ခံစားရပြီဆိုရင်၊ နင့်ကို ချစ်နေတဲ့၊ သူချစ် ဆိုတာလည်း၊ နင့်ဘေးနားမှာ၊ ရှိနေနိုင်တယ် ... လို့၊ နင် ... နှလုံးသွင်းနော်။

ကိုယ်ချစ်လည်း ... အချစ်ပဲ။ သူချစ်လည်း အချစ်ပဲ။ နှစ်ကိုယ်ချစ်လည်း၊ အချစ်ပါပဲဟာ။





ဘယ်အချစ်က, ကိုယ့်ဘက် ပူလောင်တယ်။ ဘယ်အချစ်က, သူ့ဘက် နစ်နာတယ် ဆိုတာ၊ အချစ်မှာ မရှိပါဘူး။ အချစ်ဆိုတာ ... မမျှော်လင့်တဲ့အချိန်မှာ၊ မမျှော်လင့်တဲ့သူဆီက၊ မမျှော်လင့်တဲ့ လက်ဆောင်အဖြစ် ရတတ်တာပါပဲ။

အဲဒီ အချစ်မျိုး၊ နင် ... ရှာဖွေတွေ့ရှိ ပိုင်ဆိုင်ပါစေ ... လို့ ငါ ဆုတောင်းနေပါတယ်။

နင့်စာအုပ်ထဲမှာ ခွင့်မတောင်းဘဲ ရေးမိလို့ ငါ့ကို၊ စိတ်မဆိုးပါနဲ့။ ငါ့စာက ... နင့်စာအုပ်ရဲ့ နောက်ဆုံး စာမျက်နှာမှာပဲ၊ ရေးတာပါ ...။ ။

**နှင်းဖြူ**

BURMESE CLASSIC .com

စာအဆုံး၌၊ အမည်နာမ, ကို၊

"နှင်းလဲ့ဖြူ" ... ဟု မရေးဘဲ၊ "နှင်းဖြူ" ... ဟု ရေးသားထားသည်။

စာကို၊ နောက်ထပ်တစ်ကြိမ် ပြန်ဖတ်မိသည်။ ပြီးနောက် ... အကြိမ်ကြိမ် ပြန်ဖတ်မိသည်။ ဖတ်မိသည့် အကြိမ်တိုင်း၌ နှလုံးသား တစ်ခွင်လုံးသည်၊ အကျဉ်းချခံထားရပြီဖြစ်သော၊ တစ်သက်တာ အကျဉ်းသား တစ်ယောက်ကဲ့သို့၊ ခံစား ကြေမွရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းဖြူ)

နှင်းလဲ့ဖြူ၏ ဤစာကို၊ မည်သူ့ကိုမျှ မဖတ်နိုင်းချင်တော့ချေ၊ မည်သူ့ကိုမျှ မပြော၊ မည်သူ့ကိုမျှ မပြဘဲ၊ ကျွန်တော် တစ်ကိုယ်တည်းသာ ... ကြိတ်မှိတ် မျိုသိပ် ခံစား နေလိုက်ပေတော့မည်။

အချစ်ဟူသည်ကား၊ အချစ် ... ဟု ခေါ်တွင်ရေးသား ပြောဆိုနေရသည့် ဝေါဟာရထက်၊ ပိုမို၍ အရည်အသွေး ပြည့်ဝတောက်ပ,သော၊ ရတနာတစ်ပါး ဖြစ်သည်။ ရတနာ ဟူသည်ကား ထိုက်သင့်သည့်သူမှ ပိုင်ခွင့်ရ၏။

ကျွန်တော်သည်၊ ထိုရတနာကို၊ ပိုင်ခွင့်မရရုံမက၊ ရတနာကို၊ ရတနာ ... ဟုပါ၊ မသိမြင်တတ်ခဲ့သူ ဖြစ်၏ ..။ ရတနာဟူသည်ကား မထိုက်တန်သူတို့၊ ထိကိုင်တော့မည် ့ပါက၊ လိပ်ပြာတစ်ကောင်ကဲ့သို့၊ ကောင်းကင်ထက်တွင်၊ တည်မှီကိန်းဝပ်လျက်၊ ပျံသန်းပျောက်ကွယ်တတ်လေသည်။

နှလုံးသည်းခြေ၌၊ အချစ်၏ခြေရာ၊ နေရာအနှံ့ ...။

လေးစားခင်မင်လျက် ...

မောင်လှမျိုး (ချင်းချောင်းဖြူ)
2008 Jan 11
5:50 (p.m)



www.burmeseclassic.com